မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ငြိမ်းအေးသောစိတ်ရှိ

အာသဝေါကုန်ပြီးသောရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းမရှိ ငြိမ်သက်သော ဣန္ဒြေ၊ ငြိမ်းအေးသောစိတ်ရှိကုန်၏။ မည်သို့သောအခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရသည်ဖြစ်စေ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၆)

၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက် ၂၀၁၆ ခုနှစ်၊ သြဂုတ် ၂၂ ရက်၊ တနလာနေ့၊ အတွဲ (၅၅)၊ အမှတ် (၃၂၂)

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် သြဂုတ် ၂၁

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရှန်ရှီးပြည်နယ် ရှီအန်းမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ယူနန်ပြည်နယ် ကူမင်းမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့အား ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Chen Hao နှင့် တာဝန်ရှိသူများ၊ ယူနန်ပြည်နယ်ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ယူနန်ပြည်နယ် တရုတ်ကွန်မြူနစ်ပါတီ အတွင်းရေးမှူး Mr. Li Jiheng၊ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr.Chen Hao တို့သည် ကူမင်းလေဆိပ်အနီးရှိ ခေတ္တတည်းခိုသည့် The Best Yuechang Hotel ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးပိုမိုတည်တံ့ခိုင်မြဲရေးနှင့် နှစ်နိုင်ငံ ပြည်သူများ အကြား ပိုမိုရင်းနှီးစွာဆက်ဆံရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် အထူးပူးပေါင်းဆောင်ရွက်ရေး၊ ကဏ္ဍစုံတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းများတွင် ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ ပါတီချင်း ပိုမိုနီးကပ်စွာ၊ ရင်းနှီးစွာ ဆက်ဆံရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❁

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ ကြိုဆိုနှုတ်ဆက်စဉ်
(သတင်းစဉ်)

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် သြဂုတ် ၂၁

ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် အရှေ့ပိုင်း၊ ကယားပြည်နယ်တို့၌ နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဒေသအလိုက်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။

(မိုး/၈လ)

ထူးခြားသည့်အခြေအနေ

နေပြည်တော် သြဂုတ် ၂၁

ထူးခြားသည့်အခြေအနေမှာ ယနေ့မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ ယမန်နေ့က မြန်မာနိုင်ငံအလယ်ပိုင်း၌ တည်ရှိခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရွှေ့လျားခဲ့ပြီးဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လိုင်းအသင့်အတင့်ရှိမည်။(မိုး/၈လ)

တတိယအကြိမ် ထူးချွန်ဆရာဆု ရွေးချယ်ချီးမြှင့်ရေး ဆောင်ရွက်မည်

စာမျက်နှာ-၃

ရိယိုမသန်စွမ်းအားကစားပြိုင်ပွဲအတွက် ဘတ်ဂျက်ငွေ လျှော့ချ

စာမျက်နှာ-၁၀

ရွှေ့ပြောင်းသူအရေအတွက် မြင့်တက်လာမှုကြောင့် နိုင်ငံလုံးခြုံရေးကို အမေရိကန်စိုးထိတ်

စာမျက်နှာ-၁၁

မြန်မာ့အလင်း

စာပေစကား၊ နေ့တိုင်းကြားက ထူးခြားလိမ္မာ၊ ရှိသည်သာတည်း

"မှတ်ဖွယ်ရာရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်။ ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည်း။ "…. ဟု အင်းဝခေတ်စာဆိုတော် ရှင်မဟာရဋ္ဌသာရက ဆုံးမတော်မူခဲ့သည်။ "အလိမ္မာ စာမှာရှိ"ဟူသော ဆိုရိုးစကားနှင့်အညီ စာပေသည် လူတို့ကို လိမ္မာယဉ်ကျေးစေသည်။ အသိပညာနှင့် ဆင်ခြင်တုံတရားတို့ပြည့်ဝစေသည်။ နာမ်ပိုင်းဆိုင်ရာ အဆင့်အတန်းကိုမြင့်မားစေသည်။ ယင်းမှ ဆက်နွယ်၍ ရုပ်ပိုင်းဘဝကိုလည်း မြှင့်တင်ပေးနိုင်သည့်စွမ်းအားသတ္တိတို့ ရှိသည်။ ဗဟုသုတဖြစ်ဖွယ်ရာ စာကောင်းပေမွန်တို့ကိုရှာဖွေ၍ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုရမည်။ ဤသို့လျှင် အကြိမ်ကြိမ် အထပ်ထပ်ဖတ်မှတ်လေ့လာပါက မိမိသာမက မိမိ၏မိသားစု ဇနီး၊ သားသမီးတို့သည်လည်း စာပေ၏အဆုံးအမတို့နှင့် နေ့စဉ်ထိတွေ့ကာ လိမ္မာယဉ်ကျေးသူများဖြစ်လာမည်ဟူသော ဆရာတော်ကြီး၏အဆုံးအမမှာ ရာစုနှစ်များနှင့်ချီ၍ ကြာမြင့်လာပြီဖြစ်သည့်တိုင်အောင် ယနေ့ထက်ထိမှန်ကန်နေဆဲ။

"မြန်မာနိုင်ငံကို ပြုပြင်ပြောင်းလဲနိုင်သည်မှာ စာအုပ်စာပေသာဖြစ်သည်"ဟူသော ခံယူချက်ဖြင့် တစ်နိုင်တစ်ပိုင် စာကြည့်တိုက်များ ထူထောင်လျက်ရှိသူ လူငယ်ကလေးတစ်ဦးအား ဇူလိုင်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးက သြဂုတ် ၁၆ ရက်တွင် ရွေးချယ်ထုတ်ပြန်ခဲ့သည်။ "မန္တလေးစာကြည့်တိုက်" ဟု အမည်ပေးထားသော တစ်ပိုင်တစ်နိုင် စာကြည့်တိုက်များကို ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ခြောက်တိုက်အထိဖွင့်လှစ်ပေးထားနိုင်ပြီဖြစ်သော ကိုသိန်းဇော်(ခေါ်) ကိုဇော်ဇော်အမည်ရှိ လူငယ်လေးမှာ အတန်းပညာအားဖြင့် စတုတ္ထတန်းအောင်မြင်သည်အထိသာ သင်ယူနိုင်ခွင့်ရခဲ့စေကာမူ ငယ်စဉ်ကတည်းက စာပေမှရရှိခဲ့သည့်အသိပညာ၊ အတွေးအခေါ်နှင့် မြင့်မားသည့်စိတ်ဓာတ်၊ မွန်မြတ်သည့် စွမ်းဆောင်မှုများကြောင့် ချီးကျူးဂုဏ်ပြုထိုက်သူဖြစ်လာရခြင်း ဖြစ်သည်။

မိမိတို့ကိုမွေးဖွားခဲ့ရာ ဇာတိအမိမြေကို ဖွံ့ဖြိုးတိုးတက်လာစေလိုသည့် စိတ်စေတနာ၊ အများပြည်သူကို အသိအမြင်များပြောင်းလဲတိုးတက်လာစေလိုသည့် ရည်ရွယ်ချက်တို့ဖြင့် စာကြည့်တိုက်များထူထောင်ဖွင့်လှစ်ပေးနေသည့်တိုင် သူကိုယ်တိုင်က ငါးကင်ဆိုင်ကလေးဖွင့်လှစ်ရောင်းချကာ အသက်မွေးနေရသူ၊ အိုးပိုင်အိမ်ပိုင်မရှိသေးဘဲ အိမ်ငှားဘဝဖြင့် နေထိုင်နေရသူဖြစ်သည့်အလျောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ထုတ်ပြန်ခဲ့သည့် ပြည်သူ့သို့ ကျေးဇူးတင်လွှာတွင် "စာအုပ်စာပေမှ ရရှိသောခွန်အားဖြင့် ဘဝကိုခိုင်ခိုင်မာမာ ရပ်တည်နိုင်သည့်အပြင် မျိုးဆက်သစ်လူငယ်များ စာပေလေ့လာဖတ်ရှုနိုင်ရန် ကြိုးပမ်းအားထုတ်ခြင်းသည် အသိပညာလူ့အဖွဲ့အစည်းဖြစ်ပေါ်လာရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုခြင်းဖြစ်သလို နိုင်ငံတော်၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် တတ်နိုင်သမျှ ပါဝင်ဆောင်ရွက်နေခြင်းဟု ရှုမြင်ပါသည်။" ဟူ၍ ဖော်ပြခဲ့သည်။

လူငယ်ဟူသည် အနာဂတ်နိုင်ငံတော်ကို လက်ဆင့်ကမ်းလွှဲပြောင်းတာဝန်ယူကာ ဆက်လက်တည်ဆောက်သွားကြမည့် မျိုးဆက်သစ်များဖြစ်ကြသည်။ မိမိတို့နိုင်ငံ၏ ကြီးမားလှသော စွမ်းအားအရင်းအမြစ်များဖြစ်သည့်အလျောက် ကိုသိန်းဇော်(ခေါ်) ကိုဇော်ဇော်ကဲ့သို့သော လူငယ်များ မိမိတို့လူ့အဖွဲ့အစည်းတွင် အများအပြားဖြစ်ထွန်းပေါ်ပေါက်လာစေရန် ဆန္ဒပြုအပ်ပါကြောင်း။ ။



အိုင်တုံချောင်းလူကူးတံတား ပြုပြင်ပေးရန် ဒေသခံများလိုလား

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သူဌေးကြီးရွာသစ်ကျေးရွာအုပ်စုသပြေကုန်းကျေးရွာနှင့် ဟိုတိ-ချောင်းကော-ဖြူးစုကျေးရွာ သို့ဆက်သွယ်ထားသော အိုင်တုံချောင်း လူကူးဝါးတံတားမှာ ချောင်းရေစီးသန်မူကြောင့် အဆိုပါ တံတားအား ဖြတ်သန်းသွားလာသော ကျေးရွာနေပြည်သူများ၊ ကျောင်းသား ကျောင်းသူများမှာ အန္တရာယ်ကြားမှ သွားလာနေရ၍ အဆိုပါတံတားအား အသစ်ပြန်လည်တည်ဆောက်ပေးနိုင်ရေး ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

ရေဘေးသင့် ပြည်သူများအတွက် ဆန်အိတ်နှင့် ဆီများလှူဒါန်း

ပုသိမ် သြဂုတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဝန်ကြီးချုပ်ဦးသိန်းအောင်(ငြိမ်း) ဦးစီးတည်ထောင်ထားသော ဧရာဝတီပညာ၊ ကျန်းမာဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်မြို့နယ်များမှ ပြည်သူများအား လှူဒါန်းလျက်ရှိရာ သြဂုတ်လတတိယပတ်က လေးမျက်နှာမြို့နယ် ရေးဘေးသင့်ပြည်သူများအတွက် ဖောင်ဒေးရှင်းနာယက ဦးကျော်ဝင်းနိုင်စည်ပင်သာယာရေးဝန်ကြီး(ငြိမ်း)၊ ဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း ဗိုလ်မှူးကြီး(ငြိမ်း) တို့မှ ဆန်အိတ် ၁၀၀ နှင့် ဆီပိသာ ၁၀၀ တို့ကို မြို့နယ်အထွေ ထွေအုပ်ချုပ်ရေးမှူးရုံးခန်းမတွင် ပေးအပ်လှူဒါန်းပွဲကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဖောင်ဒေးရှင်းဥက္ကဋ္ဌက လှူဒါန်းရခြင်းအကြောင်းနှင့် ဖောင်ဒေးရှင်း၏ပညာ၊ ကျန်းမာနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ထောက်ပံ့ပေးနေမှုတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး လေးမျက်နှာမြို့နယ် အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးခိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အင်္ဂပူမြို့နယ်နှင့် ကျုံပျော်မြို့နယ်များသို့လည်း တစ်မြို့နယ်လျှင် ဆန်အိတ် ၁၀၀ နှင့် ဆီပိသာ ၁၀၀ တို့ကို ဆက်လက်လှူဒါန်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သီဟ(လေးမျက်နှာ)

လှိုင်းဘွဲ့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရေးလုပ်ငန်း အကောင်အထည်ဖော်

လှိုင်းဘွဲ့ သြဂုတ် ၂၁

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရေးလုပ်ငန်း အကောင်အထည်ဖော်နိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးသိန်းစိုးနှင့် ဝန်ထမ်းများက သြဂုတ်လ တတိယပတ်တွင် ကျေးရွာရှိရွာသူရွာသားများ မိမိတို့ကိုယ်တိုင် သုံးသပ်တင်ပြတတ်စေရန်၊ မြို့နယ်အဆင့် တာဝန်ရှိသူများလာရောက်သည့်အခါ ကျေးရွာအခြေအနေများနှင့် ရွာသူရွာသားများလိုလားချက်ကို မှန်ကန်စွာစီမံတတ်စေရန် မူဝါဒရေးရာနှင့် လုပ်ငန်းဆိုင်ရာကိန်းဂဏန်းအချက်အလက်များကို တင်ပြနိုင်စေရန်၊ ကျေးရွာနှင့် ပတ်သက်ပြီး စိတ်ဝင်စားသူများအတွက် သတင်းအချက်အလက်အဆင်သင့်ရရှိစေရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ လှိုင်းဘွဲ့မြို့နယ်အတွင်း ကျေးရွာပေါင်း ၃၀၀ အတွက် စီမံကိန်းရေးဆွဲနိုင်ရန် သင်တန်းကို အကြိမ် ၂၀ ဖွင့်လှစ်မည်ဖြစ်ပြီး တစ်ကြိမ်လျှင် ကျေးရွာ ၁၅ ရွာ စုပါင်းကာ တစ်ရွာလျှင် နှစ်ဦးစီတက်ရောက်သင်ကြားပို့ချဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်/ပြန်ဆက်)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၁-၈-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၄၉၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၉၉၅၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၄၉၀၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

ဒီဇယ်	၅၅၀ / ၅၆၀ ကျပ်
အောက်တိန်း ၉၂	၅၄၀ / ၅၇၀ ကျပ်
အောက်တိန်း ၉၅	၆၅၀ / ၇၆၀ ကျပ်
ပရီမီယံဒီဇယ်	၅၈၀ / ၅၉၀ ကျပ်

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၁၈၈.၀
ဥရောပ	တစ်ယူရို	၁၃၂၅.၇
စင်ကာပူ	တစ်ဒေါ်လာ	၈၈၂.၅၈
ထိုင်း	တစ်ဘတ်	၃၄.၁၄
အိန္ဒိယ	တစ်ရူပီး	၁၇.၇၅
တရုတ်	တစ်ယွမ်	၁၇၉.၀၄
မလေးရှား	တစ်ရင်းဂစ်	၂၉၄.၆၂

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်း	-	ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး	-	မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

မြန်မာ့အလင်း Gmail mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ဌေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❁ ရှေ့ဖုံးမှ

ထိုနောက် ယူနန်ပြည်နယ် တရုတ်ကွန်မြူနစ်ပါတီ အတွင်းရေးမှူးက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား အဆိုပါ ဟိုတယ်၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ကူမင်းမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ၊ တရုတ်သံရုံးမှ ကောင်စစ်ဝန် Mr. Chen Chen နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ယူနန်ပြည်နယ် တရုတ်ကွန်မြူနစ်ပါတီ အတွင်းရေးမှူး Mr. Li Jiheng တို့ တွေ့ဆုံစဉ်



ခေတ်ကာလအတွေးအမြင်၊ အယူအဆများ ပြောင်းလဲနေသည့်အတွက် ရှုထောင့်များ ပြောင်းလဲ

သတင်း-ရီရီမြင့်၊ ဥမ္မာသန်၊ ဓာတ်ပုံ - ရဲထွဋ်

ရန်ကုန် သြဂုတ် ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ပတန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်မြင့်တင်ရေးဌာနခွဲရုံး ရုပ်ရှင်ပြသခန်းမ၌ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင် တစ်ဦးချင်းစီ၏ သဘောထားအမြင်များကို သိလိုပါကြောင်း၊ ရုပ်ရှင်နှင့်ဗီဒီယိုစီစစ်သည့် အပိုင်းများတွင် ဝေဖန်မှုနှင့် ပြဿနာအချို့ရှိနေသည်ဟု ကြားသိရပါကြောင်း၊ အမှန်တကယ် အလုပ်လုပ်ကြသည့်အခါ လက်ရှိဥပဒေတွင် ဖော်ပြထားသည့်အတိုင်း လုပ်ရသဖြင့် အခက်အခဲရှိပါကြောင်း၊ ပြဿနာများ ဖြေရှင်းဆောင်ရွက်သည့်အခါ ဆင်ဆာအဖွဲ့၌ ဆုံးဖြတ်ပိုင်ခွင့်ရှိပါကြောင်း။

ဆင်ဆာအဖွဲ့ ဖွဲ့စည်းရာ၌ ယခင်ရှိနေသည့် စည်းကမ်းဘောင်အတွင်းမှပင် တတ်နိုင်သမျှ နယ်ပယ်မျိုးစုံမှ အများဆုံးပါဝင်အောင် ထည့်သွင်းဖွဲ့စည်းခဲ့ပါကြောင်း၊ အဖွဲ့အနေဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေအပေါ်မူတည်၍ မိမိတို့လုပ်ပိုင်ခွင့်မည်မျှ ရှိသည်ကို လေ့လာပြီးဆောင်ရွက်ကြစေလိုပါကြောင်း၊ ခေတ်ကာလအတွေးအမြင်၊ အယူအဆများ ပြောင်းလဲနေသည့်အတွက် ရှုထောင့်များလည်း ပြောင်းလဲနေမည်ဖြစ်သဖြင့် လျော်ညီသည့် စဉ်းစားသုံးသပ်ချက်များလည်း ပြုလုပ်ရန်လိုပါကြောင်း၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် မည်သည့်တသဖြင့် တည်းဖြတ်ရသည့်အခါ အတိုင်းအတာများ ရှိပါကြောင်း၊ လူ့အဖွဲ့အစည်းတစ်ရပ်က မည်သည့်အတိုင်းအတာအထိ လက်ခံသည့်၊ လက်မခံသည့်အပေါ်ခြိုန်ဆပြီး ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။ **(အောက်ပုံ)**

နိုင်ငံရေး ပြောင်းလဲလာသည့်အလျောက် လွတ်လပ်ခွင့်ကို အလေးပေး ပြောဆိုမှု၊ တောင်းဆိုမှုများရှိပါကြောင်း၊ ယဉ်ကျေးမှု နယ်ပယ်၊ လူမှုရေး နယ်ပယ်၌ ဘယ်အရာသည် အမှန်ဟူ၍ တိတိကျကျ ပိုင်းဖြတ်ရန် ခက်ခဲပါကြောင်း၊ ထိုအခါ နှစ်ဦးနှစ်ဖက် အဆင်ပြေမည့် နည်းလမ်းဖြင့် ကျင့်သုံးဆောင်ရွက်ကြမည်ဟု မျှော်လင့်ပါကြောင်း၊ ဆင်ဆာအဖွဲ့ဝင်အားလုံး လွတ်လွတ်လပ်လပ်နှင့် ညှိနှိုင်းဆွေးနွေးကြစေလိုပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထိုနောက် ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များက ကဏ္ဍအလိုက် ဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆင်ဆာအဖွဲ့အနေဖြင့် မိမိတို့လုပ်ပိုင်ခွင့်တာဝန် မည်မျှရှိသည်ကို တိတိကျကျပြန်လည်သုံးသပ်စေလိုပါကြောင်း၊ တစ်ချိန်တည်းမှာပင် ဆုံးဖြတ်ဆောင်ရွက်မည့်ကိစ္စများကို ထိထိရောက်ရောက်ရှိစေရန် စည်းမျဉ်း၊ စည်းကမ်းများရေးဆွဲပြီး ဆောင်ရွက်သင့်ပါကြောင်း၊ လောလောဆယ်တွင် ၁၉၉၆ ဥပဒေပြဋ္ဌာန်းချက်အတိုင်း တိတိကျကျ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဥပဒေအသစ်ထွက်ရှိရန်လည်း လိုလားပြီး မထွက်သေးမီ လက်ရှိဥပဒေအတိုင်း တိတိကျကျ ဆောင်ရွက်ကြစေလိုပါကြောင်း၊ သို့သော် တစ်ဖက်တွင် တင်းကျပ်သော ဆင်ဆာမဟုတ်ဘဲ ဖြေလျှော့ပေးသင့်သည့် အတိုင်းအတာအထိ ဖြေလျှော့ပေးရမည်ဖြစ်ပါကြောင်း၊ ဥပဒေအသစ်ပေါ်ပေါက်လာရေးသည် အရေးကြီးပြီး ရုပ်ရှင်လောကသားများ အနေဖြင့်လည်း ဥပဒေအသစ် အမြန်ထွက်ပေါ်လာရေး ဆက်လက်ဆောင်ရွက်ကြမည်ဟု မျှော်လင့်ပါကြောင်းဖြင့် နိဂုံးချုပ်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရုံးဝင်းအတွင်းရှိ ရုပ်ရှင်ပြသသည့်ခန်းမ၊ စတူဒီယိုများနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

တတိယအကြိမ် ထူးချွန်ဆရာဆု ရွေးချယ်ချီးမြှင့်ရေး ဆောင်ရွက်မည်

ရန်ကုန် သြဂုတ် ၂၁

အခြေခံဆရာ ဆရာမများ သင်ကြားမှုအရည်အသွေးမြင့်မားစေရန်၊ ဂုဏ်သိက္ခာမြင့်မားစေရန်နှင့် လူမှုဘဝပြည့်စုံရေးကို အထောက်အကူဖြစ်စေရန်အတွက် ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့နှင့် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ထူးချွန်ဆရာဆု ရွေးချယ်ချီးမြှင့်ရေး အစီအစဉ်ကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တတိယအကြိမ်အဖြစ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဆုချီးမြှင့်မှုအနေဖြင့် ဗဟိုအဆင့်တွင် ထက်/လယ်/မူ သုံးဆင့်လုံး၌ ပထမဆုငွေကျပ်သိန်း ၄၀၊ ဒုတိယဆုငွေကျပ်သိန်း ၂၀၊ တတိယဆုငွေကျပ် ၁၀ သိန်းစီ၊ ထက်/လယ်/မူ ဆရာသုံးဦးစီဖြင့် ထူးချွန်ဆုရှင် ကိုးဦးတို့အား ငွေကျပ်သိန်း ၂၀၀ ချီးမြှင့်မည်ဖြစ်ပြီး ဗဟိုအဆင့်သို့ လာရောက်ယှဉ်ပြိုင်ရမည့် ဆရာ ဆရာမဦးရေမှာ ၅၄ ဦးဖြစ်ကာ အဆိုပါ ဆရာတို့၏ ကုန်ကျစရိတ်ကိုလည်း ဗဟိုက ကျခံပေးမည်ဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင်လည်း ထက်/လယ်/မူ သုံးဆင့်လုံး၌ ပထမဆုငွေကျပ်ငါးသိန်း၊ ဒုတိယဆုငွေကျပ် သုံးသိန်း၊ တတိယဆုငွေကျပ်နှစ်သိန်းစီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တစ်ခုစီတွင် ဆုရှင်ကိုးဦးစီဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၈ ခုအတွက် ဆုရွေးချယ်ချီးမြှင့်ပွဲ တစ်ကြိမ်လျှင် တစ်ပြည်လုံး၌ ထူးချွန်ဆရာ ၁၆၂ ဦး ပေါ်ထွက်မည်ဖြစ်ပြီး ဆုငွေပေါင်း ငွေကျပ်သိန်း ၅၄၀ ချီးမြှင့်မည်ဖြစ်သည်။

ထူးချွန်ဆရာဆုပြိုင်ပွဲများအနေဖြင့် ကျောင်းအဆင့် ရွေးချယ်မှုကို စက်တင်ဘာ ၁၁ ရက်၊ မြို့နယ်အဆင့် ရွေးချယ်မှုကို စက်တင်ဘာ ၂၅ ရက်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ရွေးချယ်မှုကို နိုဝင်ဘာ ၁၃ ရက်၊ ဗဟိုအဆင့်ရွေးချယ်မှုကို ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် တစ်ပြည်လုံး တစ်ချိန်တည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

မြို့နယ်အဆင့်နှင့် တိုင်းဒေသကြီးအဆင့်တို့တွင် ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးအကဲဖြတ်ခြင်း၊ ဗဟိုအဆင့်တွင် ရေးဖြေ၊ နှုတ်ဖြေအပြင် လက်တွေ့သင်ကြားပြသမှု ဆန်းစစ်အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်မည်ဟု သိရသည်။

ဆုရွေးချယ်ချီးမြှင့်မှုနှင့်စပ်လျဉ်း၍ အသေးစိတ်လုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ပညာရေးဌာနများသို့ ဆက်လက်ပေးပို့မည်ဖြစ်ကာ အခြေခံပညာကျောင်းအသီးသီးရှိ ဆရာ ဆရာမများ အားလုံး မိမိအဆင့်အလိုက် မပျက်မကွက် ပါဝင်ယှဉ်ပြိုင်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သိရသည်။

ကိုလတ်(သတင်းစဉ်)

မိုးရေချိန်စံချိန်သစ်

နေပြည်တော် သြဂုတ် ၂၁

သြဂုတ် ၂၁ ရက် နံနက် ၉ နာရီခွဲတိုင်းထွာချက်များအရ ဟားခါးစခန်းတွင် မိုးရေချိန် စံချိန်သစ်မှာ ၁၇၃ မီလီမီတာ(၆ ဒသမ ၈၁ လက်မ)ရှိခဲ့ပြီး ယခင်စံချိန်ဟောင်းမှာ ၁၁၃ မီလီမီတာ(၄ ဒသမ ၄၅ လက်မ)ရှိခဲ့သည်။ ယခင်စံချိန်ကျိုးခဲ့သည့် နှစ်မှာ ၂-၈-၁၉၈၈ ခုနှစ်ဖြစ်ပြီး စခန်းဖွင့်သည့်နှစ်မှစ၍ နှစ်ပေါင်း ၃၆ နှစ်အတွင်းဖြစ်သည်။ အဆိုပါစခန်း၌ သြဂုတ်လ ၏ မိုးရေချိန် စံချိန်သစ်ကို တိုင်းထွာရရှိခဲ့သည်။ **(မိုး/၇လ)**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၌ သတင်းရယူကြမည့် ပြည်တွင်း၊ ပြည်ပမီဒီယာသမားများ မှတ်ပုံတင်ခြင်းဆောင်ရွက်နိုင်

နေပြည်တော် သြဂုတ် ၂၁

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံကို သြဂုတ် ၃၁ ရက်တွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-2) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသည့် ပြည်တွင်း၊ ပြည်ပသတင်းထောက်များအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန Website ဖြစ်သော www.moi.gov.mm တွင် Union Peace Conference-21st Century Panglong ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး Go ပြုလုပ်မှတ်ပုံတင်ခြင်းကို သြဂုတ် ၂၈ ရက် ညနေ ၄ နာရီနောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်ထွက်ခွင့်ကတ်များကို သြဂုတ် ၃၀ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ထုတ်ပေးမည်ဖြစ်သည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းသတင်းထောက်များ ဝင်ထွက်ခွင့်ရရှိရေးအတွက် သိရှိလိုပါက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ ဖုန်း ၀၆၇-၄၁၂၀၀၂ သို့လည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဖုန်း ၀၆၇-၄၁၂၂၅၅ နှင့် ၄၁၂၂၆ တို့သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်သည်။

ညီလာခံသို့ တက်ရောက်သတင်းရယူကြမည့် ပြည်တွင်း၊ ပြည်ပမီဒီယာများ တည်းခိုမှု လွယ်ကူစေရန် Sky Palace Hotel တွင် ဈေးနှုန်းသက်သာစွာဖြင့် တည်းခိုနိုင်ရေးစီစဉ်ထားကြောင်းနှင့် Sky Palace Hotel မှ ညီလာခံကျင်းပရာနေရာ (MICC-2) သို့ Shuttle Bus များဖြင့် ပို့ဆောင်ပေးရန် စီစဉ်ထားရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပေါင်မြို့နယ်သို့ မှုခင်းပညာပေးရွှေ့လျားစာကြည့်တိုက်ယာဉ် ရောက်ရှိ

ပေါင် သြဂုတ် ၂၁

မှုခင်းအသိပညာပေး ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်သည် သြဂုတ် ၁၇ ရက်မှစတင်၍ သထုံမြို့ ရွှေစာရံစေတီယာဉ်ရပ်နားဝင်းအတွင်း စတင်ပြသခဲ့ရာ မြို့ခံလူထု ၃၀၀ ကျော် လာရောက်လေ့လာကြပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လာရောက်လေ့လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ခင်းကျင်းပြသမှုအား ကြည့်ရှုကြသည်။

အဆိုပါရွှေ့လျား မော်တော်ယာဉ်သည် သြဂုတ် ၂၀ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ပေါင်မြို့ ပေါင်းရပ်ကွက် ဘူတာလမ်းရှိ ပေါင်မြို့ အခြေခံပညာအထက်တန်းကျောင်း၀င်းအတွင်းရောက်ရှိပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေး၀ါးအသိပညာပေးနှင့် လူမှောင်ခိုလူကုန်ကူး အသိပညာပေးဟောပြောမှုများကို ပေါင်မြို့ နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းသိန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူ ၈၀၅ ဦးခန့် တက်ရောက်ခဲ့သည်။

နန္ဒကျော်

အိမ်နီးချင်းနိုင်ငံဆိုတာ ရွေးချယ်လို့မရ၊ ရှိတဲ့အိမ်နီးချင်းနိုင်ငံတွေအားလုံးနဲ့ ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ဖို့လိုအပ်

သတင်းအဖွဲ့

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ တရုတ်နိုင်ငံခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးတို့အား ခရီးစဉ်အခြေအနေနှင့်ပတ်သက်၍ မေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ပါသည်-

ဦးကျော်တင်
ဒုတိယဝန်ကြီး
(နိုင်ငံခြားရေး
ဝန်ကြီးဌာန)

နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို သြဂုတ်လ ၁၇ ရက်နေ့ကနေ ၂၁ ရက်အထိ လာရောက်ခဲ့ပါတယ်။

ဒီခရီးစဉ်ရဲ့ ရည်ရွယ်ချက်က နှစ်နိုင်ငံရဲ့ အစဉ်အလာအရ ပေါက်ဖော်ချစ်ကြည်ရေး၊ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုတိုးတက်ကောင်းမွန်ဖို့ လာရောက်ခဲ့ခြင်းဖြစ်ပါတယ်။ တရုတ်နဲ့ မြန်မာက ကီလိုမီတာ ၂၂၀၀ လောက် နယ်နိမိတ်ချင်း ဆက်စပ်နေတယ်။ နောက်ပြီးတော့ မြန်မာနိုင်ငံမှာလည်းပဲ အမေရိကန် ဒေါ်လာ ၂၅ ဘီလီယံလောက် ရင်းနှီးမြှုပ်နှံထားတယ်။ ကုန်သွယ်မှုလည်း အများဆုံးနိုင်ငံတစ် နိုင်ငံဖြစ်တယ်။ နှစ်နိုင်ငံကြားမှာလည်း စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု၊ အခြေခံအဆောက်အအုံ စီမံကိန်းတွေလည်း အများကြီး ထိတွေ့ ဆောင်ရွက်နေတာတွေရှိပါတယ်။ ဒါကြောင့်မို့ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံရဲ့ ဆက်ဆံရေးဟာ အင်မတန်အရေးကြီးတဲ့ အနေအထားမှာရှိပါတယ်။ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ခရီးစဉ်ဟာ အာဆီယံနိုင်ငံတွေကို သွားရောက်ခဲ့ပြီးတဲ့ ခရီးစဉ်နောက်ပိုင်းမှာ အာဆီယံပြင်ပ ပထမဦးဆုံး အိမ်နီးချင်းနိုင်ငံကို သွားရောက်ခဲ့ခြင်းဖြစ်တဲ့အတွက် တရုတ်ဘက်ကလည်း အလေးထားကျေးဇူးတင်ခဲ့ပါတယ်။

နှစ်နိုင်ငံ ဆက်ဆံရေးအလေးထား

သူတို့ကလည်း မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံနဲ့ ချစ်ကြည်ရေးကို အလေးထားတယ်ဆိုတဲ့အကြောင်းကို ပြသတယ်လို့ သူတို့က ခံယူထားပါတယ်၊ ခရီးစဉ်အတွင်းမှာလည်း နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ကို ခမ်းခမ်းနားနား ဧည့်ဝတ်ပျူဂှာစွာ ဧည့်ခံခဲ့ပါတယ်။ အဲဒီလို ဧည့်ခံခဲ့ခြင်းဟာလည်း မြန်မာနိုင်ငံအပေါ် တရုတ်နိုင်ငံရဲ့ဆက်ဆံရေးကို အလေးထားတယ်ဆိုတာကို ထင်ဟပ်ပြသတယ်လို့ ကျွန်တော်တို့ သုံးသပ်ရပါတယ်။ တရုတ်နိုင်ငံအနေနဲ့လည်း မြန်မာနိုင်ငံ အစိုးရသစ်တက်လာပြီးမှ ဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်း ဆောင်ရွက်လိုတဲ့ ပြင်းပြတဲ့ဆန္ဒတွေရှိတာကိုလည်း တွေ့ရပါတယ်။

ခရီးစဉ်ရဲ့ အဓိက သိသာမြင်သာတဲ့ ရလဒ်နှစ်ခုကတော့ ကွမ်လုံတံတား တည်ဆောက်ဖို့အတွက် ဖြစ်နိုင်ခြေ လေ့လာတိုင်းတာတဲ့ သဘောတူညီမှုတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပါတယ်။ နောက်တစ်ခုက မြန်မာနိုင်ငံရဲ့ တိုးတက်အောင်မြင်မှုတွေနဲ့ နှစ်နိုင်ငံရဲ့ ဆက်ဆံရေးကို အလေးထားကြောင်း ပြသတဲ့အနေနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံကို ထောက်ပံ့ငွေ ယွမ်ဘီလီယံ သန်း ၁၀၀၀ ပေးအပ်ဖို့ သဘောတူညီခဲ့ခြင်းဖြစ်ပါတယ်။ ယွမ်ငွေသန်း ၁၀၀၀ ကို ပြည်သူလူထု အကျိုးပြုစေမယ့် ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ ပညာရေး၊ ယဉ်ကျေးမှုပူးပေါင်း ဆောင်ရွက်ရေး၊ အထူးသဖြင့် မြစ်ကြောင်းထိန်းသိမ်းရေး စသည်ဖြင့် ပြည်သူလူထုအကျိုးပြုစေမယ့် ဧရိယာတွေမှာ အသုံးပြုဖို့ သဘောတူညီခဲ့ကြပါတယ်၊

အများစိတ်ဝင်စားတာနဲ့ပတ်သက်ပြီးတော့ အခြေခံအဆောက်အအုံတည်ဆောက်ရေး၊ ရပ်ဆိုင်းထားတဲ့ မြစ်ဆုံစီမံကိန်းကိစ္စနဲ့ပတ်သက်ပြီးတော့လည်း နှစ်နိုင်ငံခေါင်းဆောင်တွေအကြား အခက်အခဲတွေကို ပွင့်ပွင့်လင်းလင်း ပြောကြားနိုင်ခဲ့ပြီးတော့ ဒီကိစ္စကို ကျွန်တော်တို့ တည်ထောင်ထားတဲ့ ကော်မရှင်ရဲ့ အဆုံးအဖြတ်ထောက်ခံတင်ပြတဲ့အတိုင်း နှစ်ဦးနှစ်ဖက် အဆင်ပြေစေမယ့် ဖြေရှင်းမှုတစ်ရပ်ရှာဖွေပြီးတော့ ဖြေရှင်းသွားကြဖို့ ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။ မြစ်ဆုံကိစ္စနဲ့ ပတ်သက်ပြီးတော့ နှစ်နိုင်ငံအကြားမှာ ပြဿနာအဖြစ် ဆက်လက်တည်ရှိမနေဘဲနဲ့ နှစ်နိုင်ငံအကြား နှစ်ဦးနှစ်ဖက် အဆင်ပြေမယ့်နည်းလမ်းနဲ့ ဖြေရှင်းမှုတစ်ရပ်ကို ရှာဖွေသွားဖို့အတွက် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

ကတိပေးပြောကြား

နောက်အရေးကြီးတဲ့ကိစ္စကတော့ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးညီလာခံကြီးတစ်ရပ် မကြာမီ ကျင်းပတော့မှာဖြစ်ပါတယ်။ အဲ့ဒါနဲ့ပတ်သက်ပြီးတော့လည်း အောင်မြင်ရေးအတွက် တရုတ်ဘက်ကနေ ကူညီပံ့ပိုးပေးဖို့၊ ညှိနှိုင်းဆွေးနွေးတဲ့အခါမှာ တရုတ်ဘက်ကလည်း အပြုသဘော ကူညီဆောင်ရွက်ပေးဖို့အတွက် ကတိပေးပြောကြားခဲ့ပါတယ်။ အထူးသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာပါဝင်တက်ရောက်နေတဲ့ အချို့လက်နက်ကိုင်အဖွဲ့အစည်းတွေကလည်း တရုတ်-မြန်မာနယ်စပ် တစ်လျှောက်မှာ နေထိုင်နေကြတဲ့အတွက် တရုတ်နိုင်ငံရဲ့ ကူညီပံ့ပိုးမှုကလည်း အများကြီး အရေးကြီးပါတယ်။ အဲဒီတော့ တရုတ်ဘက်ကနေပြီးတော့ မြန်မာနိုင်ငံရဲ့ နယ်မြေဒေသ ငြိမ်းချမ်းတည်ငြိမ်မှုရှိစေရေး၊ တရားဥပဒေစိုးမိုးမှု ရှိစေရေးအတွက် တရုတ်ကနေ ကူညီပံ့ပိုးပေးဖို့ ကျွန်တော်တို့ ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ ခေါင်းဆောင်တွေ အချင်းချင်း အပြန်အလှန် နားလည်မှုတွေ ရလာပြီးတော့ တစ်ဦးရဲ့ အခက်အခဲကို တစ်ဦးကနားလည်ပြီး နှစ်နိုင်ငံ ဆက်ဆံရေးကို ကောင်းမွန်အောင် တိုးတက်မြှင့်တင်သွားဖို့အတွက် ညှိနှိုင်းဆွေးနွေးနိုင်ခဲ့တယ်လို့ ကျွန်တော်အနေနဲ့ သုံးသပ်လို့ရပါတယ်။ ကျွန်တော့်အနေနဲ့ သတိထားမိတာကတော့ တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံနဲ့ ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေး ပိုမိုတိုးမြှင့်ဖို့အတွက် စိတ်အားထက်သန်မှု ရှိနေတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း တရုတ်နိုင်ငံဟာ မိမိတို့နဲ့ နယ်စပ်ဒေသ ရှည်လျားစွာ ထိတွေ့ဆက်ဆံနေတဲ့ အိမ်နီးချင်းနိုင်ငံ၊ နောက်ပြီးတော့ တရုတ်နိုင်ငံဟာ ကမ္ဘာပေါ်မှာ ဒုတိယစီးပွားရေးအင်အားအကြီးဆုံး နိုင်ငံဖြစ်တဲ့အတွက် ခင်မင်ရင်းနှီးမှုမျိုး ထိန်းသိမ်းထားမယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံအတွက်လည်း မျှားစွာအကျိုးကျေးဇူးရှိနိုင်မှာဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံဆိုတာ ရွေးချယ်လို့မရပါဘူး၊ ရှိတဲ့အိမ်နီးချင်းနိုင်ငံတွေအားလုံးနဲ့ ခင်မင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ တရုတ်နိုင်ငံတင်မကဘဲ တခြားအိမ်နီးချင်းနိုင်ငံတွေ၊ အာဆီယံနိုင်ငံတွေ၊ နောက်ပြီးတော့ ကမ္ဘာ့နိုင်ငံအားလုံးနဲ့ ချစ်ခင်ရင်းနှီးဖို့အတွက် နိုင်ငံခြားရေးမူဝါဒအရ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ညှိနှိုင်းသဘောတူညီမှုရရှိ

တရုတ်ဘက်က ဘာစီမံကိန်းပဲလုပ်လုပ် ပြည်သူလူထုတွေကို အကျိုးပြုမယ့် စီမံကိန်းမျိုးတွေကို ဦးစားပေးဆောင်ရွက်မယ်လို့ ပြောကြားပါတယ်။ ကျွန်တော်တို့ ဘက်မှာလည်း အစိုးရသစ်ပြောင်းလာတဲ့အခါကျတော့ ကျွန်တော်တို့ရဲ့ခေါင်းဆောင်ရဲ့မူဝါဒနဲ့အညီ လိုအပ်ချက်ပုံစံက ပြောင်းလဲသွားပါတယ်။ အဲဒီလို ပြောင်းလဲသွားတဲ့ လိုအပ်ချက်နဲ့အညီ တရုတ်ဘက်ကနေပြီးတော့ ကူညီပံ့ပိုးပေးဖို့၊ ဒီလိုပုံစံမျိုးနဲ့ပဲ ဆက်လက်လုပ်ကိုင်သွားဖို့ ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ပါတယ်။

အချုပ်အားဖြင့်ဆိုရင် ဒီခရီးစဉ်ဟာ နှစ်နိုင်ငံ ချစ်ကြည်ရေးအတွက်၊ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေကို အကျိုးပြုစေမယ့် လုပ်ငန်းတွေ ဖော်ဆောင်နိုင်ရေးအတွက် အောင်မြင်ခဲ့တဲ့ ခရီးစဉ်တစ်ခုဖြစ်တယ်လို့ သုံးသပ်ပါတယ်။

ဦးသန့်စင်မောင် ၊ ပြည်ထောင်စုဝန်ကြီး
(ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)

ဒီခရီးစဉ်ဟာ အင်မတန်အောင်မြင်တယ်လို့ ယူဆပါတယ်။ အာဆီယံပြင်ပမှာ ပထမဆုံးသွားရောက်လည်ပတ်တဲ့ နိုင်ငံဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်တဲ့အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံခေါင်းဆောင်ကြီးတွေနဲ့၊ အစိုးရရော၊ ပြည်သူလူထုရော တော်တော်လေးဝမ်းမြောက်ဝမ်းသာရှိကြပါတယ်။ တရုတ်-မြန်မာချစ်ကြည်ရေးကို အလေးအနက်ထားတယ်ဆိုတဲ့ဆန္ဒကို ဖော်ပြတဲ့အတွက် အားလုံးဝမ်းမြောက်ဝမ်းသာ ရှိကြပါတယ်။ တကယ်လည်းပဲ နှစ်နိုင်ငံအစိုးရတွေ အကြားမှာ ပိုပြီးနားလည်မှု၊ ပိုပြီး ယုံကြည်မှုရလာတယ်လို့ ယူဆပါတယ်။

နွေးနွေးထွေးထွေးရှိ

အစိုးရအဖွဲ့နှစ်ဖွဲ့လုံး ပြောကြားကြတဲ့ အဓိကအချက်တွေက ပြည်သူလူထုကို တန်ဖိုးထားတယ်။ ပြည်သူလူထုကို ဗဟိုပြုတယ်။ ပြည်သူလူထုရဲ့ဆန္ဒတွေအတိုင်း ဆောင်ရွက်ကြမယ်ဆိုတဲ့အကြောင်း အလေးအနက်သဘောထားကြတယ်။ ဒီကြားထဲ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်သွားကြမယ်ဆိုပြီး အားလုံးသဘောထားတူညီကြပါတယ်။ ဒီခရီးစဉ်မှာ ကွမ်လုံကြိုး တံတားကြီး တည်ဆောက်ဖို့အတွက်ဖြစ်နိုင်ခြေ လေ့လာဆန်းစစ်မှုကို ပြုလုပ်ဖို့ သဘောတူခဲ့တယ်။ တရုတ်နိုင်ငံစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံဘက်က စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ သဘောတူစာချုပ်တွေ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ရှိအန်းကို ရောက်လာတဲ့အခါမှာလည်း ပြည်သူလူထုတွေရော အားလုံးကြိုဆိုကြတယ်၊ နွေးနွေးထွေးထွေးရှိတဲ့အတွက် ဒီခရီးစဉ်ဟာ အောင်မြင်တယ်လို့ ယုံကြည်ပါတယ်။

ဦးကျော်ဝင်း
ပြည်ထောင်စုဝန်ကြီး(စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)

ဒီခရီးစဉ်ကတော့ နယ်စပ်ချင်းထိစပ်နေတဲ့ နိုင်ငံနှစ်နိုင်ငံရဲ့အိမ်နီးချင်းခရီးစဉ်ပါ။ ဒါကလည်း ဘယ်လိုမှ ရှောင်လွှဲလို့ မရတဲ့ နယ်စပ်ချင်းထိစပ်နေတဲ့ နိုင်ငံနှစ်နိုင်ငံအနေနဲ့ ချစ်ကြည်ရင်းနှီးမှု ပိုပြီးတော့ မြှင့်တင်ဖို့လိုအပ်ပါတယ်။ ဒါဟာ အဓိကဖြစ်ပါတယ်၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ရင်းနှီးချစ်ကြည်မှုပိုပြီးတော့ ကောင်းလာရင် တစ်နိုင်ငံနဲ့ တစ်နိုင်ငံအတွက်လည်း အဘက်ဘက်က အပြန်အလှန် မှီခိုအားထားဖို့လည်း ရှိလာပါတယ်။ ကျွန်တာကတော့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ပြုပြင်ပြောင်းလဲမှုတွေ လုပ်နေတဲ့အချိန်ပါ၊ အိန္ဒိယနဲ့ တရုတ်နိုင်ငံကြီးနှစ်နိုင်ငံဟာ အဓိကကျတဲ့ စျေးကွက်နိုင်ငံကြီးနှစ်နိုင်ငံဖြစ်ဖို့ မျှော်မှန်းထားပါတယ်၊ ဒါ့ကြောင့်မို့ Trade Promotion မြှင့်တင်ဖို့ကိစ္စကလည်းပဲ ဒီခရီးစဉ်မှာ အရေးပါတဲ့အကြောင်းတရား တစ်ရပ်ဖြစ်ပါတယ်။ ဒီနှစ်ချက်ကတော့ ဒီခရီးစဉ်အတွက် အဓိကအကြောင်းအရာပါ။ ကျွန်တာကတော့ ကိုယ့်နိုင်ငံထက် ပိုပြီးတော့ တိုးတက်တဲ့နိုင်ငံမှာ ဘယ်လိုပြုပြင်ပြောင်းလဲ တိုးတက်ဖြစ်ပေါ်နေလဲဆိုတာတွေကို မျက်မြင်ကိုယ်တွေ့ တွေ့ရဖို့ အတွက်က အခွင့်အလမ်းရတာပါ၊ ဒါ့ကြောင့်မို့ ဒီခရီးစဉ်မှာ လိုက်ပါခဲ့တာဖြစ်ပါတယ်။ ကျွန်တာကတော့ ကိုယ့်နိုင်ငံက လုပ်ရမယ့် လုပ်ငန်းတွေ၊ ရှင်းလင်းချက်တွေ အများကြီးပါ၊ ဒီရှင်းလင်းချက်တွေကို ဆောင်ရွက်တဲ့အခါမှာ ကိုယ့်မှာရှိတဲ့ အင်နဲ့အားနဲ့ ဆောင်ရွက်နိုင်တာတွေရှိသလို၊ မိမိတို့ရဲ့အင်အားတွေနဲ့ပေါင်းစပ်ပြီး မိမိတို့ရဲ့မိတ်ဖက်နိုင်ငံတွေနဲ့ အတူတကွ လက်တွဲပြီးတော့ ဆောင်ရွက်တဲ့အခါမှာ ပိုပိုမြန်ဆန်ပြီး ခရီးရောက်နိုင်တဲ့ သဘောထားမျိုးလည်းရှိနိုင်တယ်။ ဒီခရီးစဉ်နဲ့ ပတ်သက်လို့ အဲဒီလိုမြင်ပါတယ်။ နှစ်နိုင်ငံခေါင်းဆောင်တွေ ပြောဆို ဆွေးနွေးကြတာတွေနဲ့စပ်လျဉ်းရင် အင်မတန်ကောင်းမွန်ပါတယ်။ နှစ်နိုင်ငံ ခေါင်းဆောင်အချင်းချင်းလည်း အပြန်အလှန်နားလည်မှု ပိုပြီးတော့ရတယ်လို့ ယုံကြည်ပါတယ်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း

ဦးထိန်လွင်
အမြတမ်း
အတွင်းဝန်
(လျှပ်စစ်နှင့်
စွမ်းအင်
ဝန်ကြီးဌာန)

မြစ်ဆုံစီမံကိန်းကိစ္စ ကျွန်တော်တို့ဖွဲ့စည်းထားတဲ့ ကော်မရှင်ကို သူတို့အနေနဲ့လည်း လက်ခံပါတယ်။ တခြားလျှပ်စစ်နဲ့ ပတ်သက်လို့ တရုတ်ကနေ သွယ်တန်းမယ့်ကိစ္စတွေလည်း ဆွေးနွေးဖြစ်ပါတယ်။ စွမ်းအင်နဲ့ ပတ်သက်လို့ နှစ်နိုင်ငံပူးပေါင်းပြီး ပြည်သူတွေ မြန်မြန်အကျိုးရှိမယ့် စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးကိုလည်း ဆောင်ရွက်ဖို့ဆွေးနွေးပါတယ်။ ဒီခရီးစဉ်က နိုင်ငံတော် အဆင့်လာတဲ့ ခရီးစဉ်ပါ။ အောင်မြင်တယ်လို့သုံးသပ်ပါတယ်။ နှစ်နိုင်ငံ ချစ်ကြည်ရေးလည်းပိုပြီး ခိုင်မြဲတိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်။ ယုံလည်း ယုံကြည်ပါတယ်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

နှစ်နိုင်ငံရဲ့ဆက်ဆံရေးကိုအလေးထားကြောင်း ပြသတဲ့အနေနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံကို ထောက်ပံ့ငွေ ယွမ်ဘီလီယံ သန်း ၁၀၀၀ ပေးအပ်ဖို့သဘောတူညီခဲ့

မြစ်ဆုံကိစ္စနဲ့ ပတ်သက်ပြီးတော့ နှစ်နိုင်ငံအကြားမှာ ပြဿနာအဖြစ် ဆက်လက်တည်ရှိမနေဘဲနဲ့ နှစ်နိုင်ငံအကြား နှစ်ဦးနှစ်ဖက် အဆင်ပြေမယ့်နည်းလမ်းနဲ့ ဖြေရှင်းမှုတစ်ရပ်ကို ရှာဖွေသွားဖို့အတွက် ဆောင်ရွက်သွားကြရမှာဖြစ်

အထူးသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်တက်ရောက်နေတဲ့ အချို့လက်နက်ကိုင်အဖွဲ့အစည်းတွေကလည်း တရုတ်-မြန်မာ နယ်စပ်တစ်လျှောက်မှာ နေထိုင်နေကြတဲ့အတွက် တရုတ်နိုင်ငံရဲ့ ကူညီပံ့ပိုးမှုကလည်း အများကြီး အရေးကြီး

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးနှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ သီတဂူဆရာတော်ကြီးတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထု၊ ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် သြဂုတ် ၂၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်ရှိ ဗန်းမော်ကျောင်းတိုက်၌ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက သြဝါဒစကားမြွက်ကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး (**အပေါ်ပုံ**)၊ အဖွဲ့ဝင်များက ဆရာတော်ကြီးအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့်အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ရွှေစည်းခုံစေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူ

ဆက်လက်၍ စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုးရှိ သီတဂူဝိပဿနာအကယ်ဒမီသို့ ရောက်ရှိကြပြီး ဒုတိယရွှေကျင်သာသနာပိုင်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာအရှင်ဥာဏိသရဒအား ဖူးမြော်ကြည်ညိုချင် ကျောင်းဝင်းအတွင်း တည်ထားသည့် ရွှေစည်းခုံစေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် သီတဂူဆရာတော်ကြီးက ရွှေစည်းခုံစေတီတော်အတွင်း လိုက်လံရှင်းလင်းပြသသည်။ (**အပေါ်ပုံ**)

လှူဖွယ်ပစ္စည်းများဆက်ကပ်

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်သို့ ရောက်ရှိကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် အလှူငွေများ ကို ဂေါပကအဖွဲ့ထံပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(**သတင်းစဉ်**)

စာမျက်နှာ ၄ မှ

ဦးဇော်ဇော်စိုး

(ဟောင်ကောင်အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ်)

ကျွန်တော်ကတော့ ဟောင်ကောင်အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ် ဦးဇော်ဇော်စိုး ဖြစ်ပါတယ်။ အခုလို နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ခရီးစဉ်မှာ တစ်ခန်းတစ်ကဏ္ဍအနေနဲ့ ပါဝင်ဆောင်ရွက်ခွင့်ရှိတဲ့အတွက် ဂုဏ်ယူပါတယ်။ ဒီခရီးစဉ်ရဲ့အောင်မြင်မှုအပေါ်မှာ အလွန်တရာမှ ကျေနပ်အားရပါတယ်။ ဒီခရီးစဉ်က တရုတ်-မြန်မာဆက်ဆံရေးအတွက် အလွန်အရေးပါတဲ့ စာမျက်နှာသစ် ခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်။ ဒီခရီးစဉ်ကြောင့် ကျွန်တော်တို့ နှစ်နိုင်ငံ ဆက်ဆံရေးပိုမိုတိုးတက်အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။

တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်

နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့တရုတ်ပြည်ခရီးစဉ်ဟာ အောင်မြင်ပါတယ်။ အခုခရီးစဉ်က သမိုင်းဝင်ခရီးစဉ်ဖြစ်ပါတယ်။

ခရီးစဉ်အတွင်းမှာ နှစ်နိုင်ငံခေါင်းဆောင်များကနေ တရုတ်-မြန်မာနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနဲ့ ဆက်ဆံရေးကို ပိုမြဲတော့ မြှင့်တင်ပြီး တရုတ်-မြန်မာ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကို ပိုမိုနိုင်မြဲအောင် ဆောင်ရွက်မယ်လို့ လည်း သဘောတူကြပါတယ်။ နောက်ပြီးတော့ နှစ်နိုင်ငံ ခေါင်းဆောင်တွေက ကဏ္ဍ အသီးသီးမှာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်မယ်လို့လည်း သဘောတူညီခဲ့ကြပါတယ်။ အထူးသဖြင့် တရုတ်အစိုးရအနေနဲ့ မြန်မာအစိုးရသစ်ရဲ့ စီးပွားရေးဖွံ့ဖြိုးရေး၊ ပြည်သူလူထုရဲ့ဘဝအဆင့်အတန်းမြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုကိုလည်း ဆက်လက်ထောက်ခံအားပေးမှာဖြစ်ပါတယ်။

တရုတ်အစိုးရအနေနဲ့ မြန်မာနိုင်ငံငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကိုလည်း ဆက်လက်ပြီးတော့ ထောက်ခံအားပေးမှာဖြစ်ပါတယ်။ အဲ့ဒီ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပိမိုကြီးမားတဲ့ တက်ကြွတဲ့၊ အပြုသဘောဆောင်တဲ့ အခန်းကဏ္ဍမှာ ဆက်လက်ပါဝင်မှာဖြစ်ပါတယ်။ အခု ကျင်းပမယ့် (၂၁)ရာစု ပင်လုံညီလာခံဟာ အောင်မြင်နိုင်မယ်လို့ ကျွန်တော်တို့က နှစ်နှစ်ကာကာ ယုံကြည်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး လုပ်ငန်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ပြည်သူလူထုဘဝ အဆင့်အတန်း မြင့်မားဖို့အတွက် ဆက်လက်ပြီးကူညီပေးမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ မြန်မာနိုင်ငံနဲ့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ပြီးတော့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ခရီးစဉ်မှာ ရရှိတဲ့ ရလဒ်တွေ၊ အောင်မြင်မှုများကို အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။ တရုတ်-မြန်မာ နှစ်နိုင်ငံ ဘက်စုံထောင့်စုံ မဟာဗျူဟာမြောက် ဆက်ဆံရေး အဆင့်အတန်းမြှင့်တင်ဖို့၊ တရုတ်-မြန်မာ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ပိုပြီးတော့ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဦးဇော်ဇော်စိုး

တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်

ဦးကျော်လင်း

ဦးကျော်လင်း

(အမြဲတမ်းအတွင်းဝန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)

ကွမ်လုံတံတားအဟောင်းက ၁၉၆၄-၆၅ ခုနှစ်က တရုတ်ပြည်သူ့သမ္မတ နိုင်ငံက ချစ်ကြည်ရေးနဲ့ တည်ဆောက်ပေးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့ အခုဆိုရင် နှစ်ပေါင်း ၅၀ ကြာလာတဲ့အတွက် ခံနိုင်ရည်များ လျော့ကျလာပြီဖြစ်ပါတယ်။ ဒါကြောင့်မို့ အခုဆိုရင် တန် ၃၀ မော်တော်ယာဉ်တွေကိုပဲ ဖြတ်သန်းခွင့် ပေးထားပါတယ်။ ၂၂ ဘီးတွဲယာဉ်များကို ကန့်သတ်ထားပါတယ်။

တရုတ်နိုင်ငံ လီချွမ်းနဲ့ ချင်းရွှေဟော်တို့ကို အဓိက ကုန်သွယ်ဖို့အတွက် တွဲယာဉ်တွေသွားနိုင်ဖို့က အရေးကြီးပါတယ်။ တွဲယာဉ်တွေသွားလာနိုင်ဖို့အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက တံတားသစ်တစ်စင်း တည်ဆောက်ဖို့ ကမ်းလှမ်းလာခြင်းဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့အကူအညီနဲ့ တည်ဆောက်သွားမှာဖြစ်ပါတယ်။ နှစ်နိုင်ငံ အင်ဂျင်နီယာတွေ အတူတကွ ပူးပေါင်း တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ တရုတ်နိုင်ငံကနေ ကွမ်လုံတံတားအသစ်အတွက် အကူအညီပေးမယ့် စာချွန်လွှာကို အခုခရီးစဉ်မှာ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ။

ကန်ကြီးထောင့်-ဒါးက လမ်းပိုင်းရေကျ၊ ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲပြီ

ရန်ကုန် သြဂုတ် ၂၁

ဒဂုံ-ဇရာအဝေးပြေးမှ ပုသိမ်မြို့သို့ပြေးဆွဲနေသော မှန်လုံယာဉ်လိုင်းများ သြဂုတ် ၁၁ ရက်မှစ၍ ယာယီရပ်နားထားရာ ကန်ကြီးထောင့်-ဒါးက လမ်းပိုင်းရေကျသွားပြီဖြစ်၍ သြဂုတ် ၂၀ ရက်မှစ၍ ယာဉ်လိုင်းများ ပုံမှန်စေျးနှုန်းအတိုင်း ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

ဇရာဝတီတိုင်းဒေသကြီးရှိ ရန်ကုန်-ပုသိမ်ပြေးဆွဲနေသော ကံကလေးလမ်းဆုံ လမ်းပိုင်းမှ ဒါးကလမ်းပိုင်းထိ မိုးတွင်းကာလ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြစ်ရေမြင့်တက်ခဲ့သည့်အတွက် သြဂုတ် ၁၁ ရက်မှစ၍ ပုသိမ်မြို့သို့ ပြေးဆွဲနေသော ယာဉ်လိုင်း ၁၇ လိုင်းမှ ရှစ်လိုင်းသာ ပုံမှန်ယာဉ်စီးရေထက် လျော့နည်း၍ ၁၃ စီးသာပို့ ဆောင် ပြေးဆွဲပေးခဲ့ရကြောင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ဒုတိယ လက်ထောက်ဌာနမှူး (ပို့ဆောင်ရေး)ဦးမြင့်အောင်ကပြောသည်။

"မနှစ်ကလည်း ဒီလိုအချိန်ပဲ နှစ်ပတ်ခန့် လိုင်းပိတ်ခဲ့ရသေးတယ်။ လမ်းပေါ်ကို ခါးလောက်ထိရေတက်ခဲ့တာ။ ဒီနှစ် ကန်ကြီးထောင့်-ဒါးက လမ်းပိုင်းကို သြဂုတ် ၁၁ ရက်မှစပြီး ပိတ်လိုက်တယ်။ အိမ်မဲ-မြောင်းမြလိုင်းကတော့ ယာဉ်ငယ်တွေ ပုံမှန်သွားခဲ့ပါတယ်။ နှစ်စဉ်ရေမြုပ်တဲ့လမ်းဖြစ်နေတဲ့အတွက် လမ်းပိုင်းမြှင့်တင်ပြီး ပြုပြင်မယ်ဆိုရင် မိုးရာသီရောက်ရင် ခရီးသွားလာမှုအခက်အခဲရှိတော့မှာ မဟုတ်ပါဘူး"ဟု ဆက်လက်ပြောကြားသည်။

ဒဂုံ-ဇရာအဝေးပြေးဝင်းတွင် ဇရာဝတီတိုင်းဒေသကြီးသို့ ပြေးဆွဲနေသော ယာဉ်လိုင်း ၁၀၇ လိုင်းရှိပြီး ပုသိမ်သို့ ယာဉ်လိုင်း ၁၇ လိုင်းပြေးဆွဲရာတွင် မိုးရာသီ၌ နှစ်စဉ်ရေမြုပ်တတ်သည့်အတွက် မှန်လုံယာဉ်များ ခရီးစဉ်ယာယီရပ်နားထားရတတ်ကြောင်း၊ ယခုမိုးရာသီကာလမ်း ရေကျော်ရာတွင် ယာဉ်လိုင်းများ တစ်ပတ်ကျော်ရပ်နားထားခဲ့ရပြီး ယာဉ်ငယ်များနှင့် မှန်လုံယာဉ်အနည်းငယ်သာ ပြေးဆွဲခဲ့ကြောင်း ဒဂုံ-ဇရာအဝေးပြေးဝင်းရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာနမှ သိရသည်။

"ကျွန်တော်တို့ လိုင်းကတော့ သြဂုတ် ၁၄ ရက်မှစပြီး ယာယီပိတ်ခဲ့တယ်။ ဒီနေ့ပြန်ပြီး ပြေးဆွဲပါတယ်။ ပုသိမ်လမ်းပိုင်းက ၁၁၅ မိုင်ပဲ ရှိပေမယ့် ကန်ကြီးထောင့်-ဒါးကလမ်း ရေမြုပ်တဲ့အတွက် ပုသိမ်ကို အိမ်မဲ-မြောင်းမြရောက်ခါနီး ငါးမိုင်ကနေပတ်ပြီး မိုင် ၃၀နီးပါး ရေမမြုပ်တဲ့လမ်းက မောင်းရတယ်။ယာဉ်ငယ်တွေပဲ သွားလို့ရတဲ့လမ်းဖြစ်တဲ့အတွက် မှန်လုံယာဉ်တွေရပ်နားခဲ့ရတာပါ။ မနှစ်ကလည်း ကန်ကြီးထောင့်-ဒါးကလမ်းက ရေမြုပ်ခဲ့လို့ တစ်ပတ်ကျော် လိုင်းပိတ်ခဲ့ရသေးတယ်။ ကတ္တရာလမ်းထက် ကွန်ကရစ်လမ်း နှစ်ပေကျော်မြှင့်တင်နိုင်ရင် ရေနုတ်မြောင်းတွေရှိမယ်ဆိုရင် ခရီးသွားလာမှု အဆင်ပြေမှာပါ"ဟု ယနေ့တွင်ခရီးစဉ်ပြန်လည်ပြေးဆွဲပေးသော ယာဉ်လိုင်းပိုင်ရှင်တစ်ဦးက ပြောသည်။

ကန်ကြီးထောင့်-ဒါးကလမ်းပိုင်း ရေမြုပ်၍ မှန်လုံယာဉ်လိုင်းမှာ ယာယီပိတ်ထားစဉ် ပြေးဆွဲပေးသော ယာဉ်လိုင်းအချို့မှာ ပုံမှန်ငွေကျပ် ၃၅၀၀ မှ ၅၀၀၀ ကောက်ခံခဲ့ကြောင်း ပုသိမ်သို့ပြေးဆွဲနေသော ယာဉ်လိုင်းမှ မန်နေဂျာတစ်ဦးက ပြော ကြားခဲ့ပြီး သြဂုတ် ၂၀ ရက်မှစ၍ ပုသိမ် မှန်လုံယာဉ်များ ပုံမှန်ပြေးဆွဲနေပြီဖြစ်သည်။ **သန်းထိုက်(လှိုင်သာယာ)**

လူငယ်နှင့် မူးယစ်ဆေးဝါး

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

ပူးတွဲပါပုံမှာ ဒုတိယကမ္ဘာစစ်ကြီးအပြီး မဟာမိတ်တပ်ဖွဲ့ဝင်များနဲ့အတူ စစ်ရေးလေ့ကျင့်နေတဲ့ မြန်မာကလေးငယ်များရဲ့ အမှတ်တရပုံလေးဖြစ်ပါတယ်။ ကလေးငယ်တွေဟာထူးခြားတာကို စိတ်ဝင်စားတတ်သလို၊ လက်တည့်စမ်းချင်တတ်တဲ့ သဘာဝရှိပါတယ်။ စစ်အတွင်းစစ်သည်များကို တွေ့မြင်ရာကနေ စစ်ရေးစစ်ရာတွေကို စိတ်ဝင်စားကြတယ်။ စစ်သားတစ်ယောက်ကို သဘောကျတယ်။ အတုခိုးချင်တယ်။ စစ်သားဖြစ်ချင်စိတ်တွေဝင်လာမှာ ဖြစ်ပါတယ်။ဒီလိုလေ့ကျင့်နေရတာကိုက သူတို့အဖို့အလွန်နှစ်သက်စရာဖြစ်နေပါလိမ့်မယ်။ ဒီကလေးအုပ်စုထဲက စစ်သည်တော်တွေ ဘယ်လောက်ဖြစ်လာမလဲ၊ အရာရှိကြီးတွေ ဘယ်လောက်ဖြစ်လာမလဲ၊ ဆရာဝန်ကြီးတွေ၊ နိုင်ငံခေါင်းဆောင်ကြီးတွေအထိ ဘယ်သူတွေဖြစ်လာနိုင်မလဲဆိုတာ မပြောနိုင်ပါ။ လူငယ်တွေဟာတိုင်းပြည်နဲ့ လူမျိုးအတွက် အဖိုးတန်ရတနာတွေ ဖြစ်ပါတယ်။

"A youth is to be regarded with respect" .(hou sheng kewei)' Confucius.

လူငယ်တွေကိုလေးစားစွာ ပျိုးထောင်ပါ။ Young people are without doubt the hopes for a better furture.(လူငယ်တွေဟာ ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကိုဖန်တီးနိုင်မယ့်သူတွေဆိုတာ သံသယဖြစ်စရာမရှိပါဘူး) လို့ဆိုထားတဲ့၊ ကွန်ဖြူးရှပ်စ်အဆိုဖြစ်ပါတယ်။ လူငယ်တွေကို ပြုစုပျိုးထောင်ရမှာဖြစ်သလို။ ကာကွယ်ပေးရမှာလည်းဖြစ်ပါတယ်။

၆.၈.၁၆နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ နေပြည်တော်ပျဉ်းမနား ဒဏ္ဍိဏာခရိုင်ပျဉ်းမနားမြို့နယ် ရွှေချီရပ်ကွက်နယ်မြေ(၈)အတွင်း မူးယစ်ဆေးဝါးဖမ်းမိမှုသတင်းကို ဖတ်ရပါတယ်။ အသက် ၂၂နှစ်မှ ၂၃၊၂၅နှစ်ရှိ လူငယ် ခြောက်ဦးကို မူးယစ်ဆေးဝါးသုံးစွဲတဲ့ သက်သေခံပစ္စည်းများနဲ့အတူ ဖမ်းမိခြင်းဖြစ်ပြီး၊ သူတို့ကို အမှုဖွင့်အရေးယူသွားမယ်ဆိုပါတယ်။ ဒီလူငယ်လေးတွေဟာ အရေးယူခံရရင် ဆယ်နှစ်ဝန်းကျင်လောက်အကျဉ်းချခံရမှာဖြစ်တဲ့အတွက် သက်ဆိုင်သူများအနေနဲ့ စိတ်မကောင်းကြမှာဖြစ်သလို၊ ကျွန်တော်လည်း အတော်စိတ်မကောင်းဝမ်းနည်းမိပါတယ်။ ဒီလူငယ်လေးတွေဟာအတွင်းမှာနှစ်ကာလများစွာ အချိန်ကုန်ဆုံးကြရမှာဖြစ်ပါတယ်။ သူတို့လေးတွေရဲ့ဘဝတွေ၊ မျှော်လင့်ချက်တွေ၊ အညွှန့်တွေ ရိုက်ချိုးခံလိုက်ရတာပါပဲ။ မူးယစ်ဆေးဝါးဆိုတာလူတွေရဲ့အသိဉာဏ်ကို လုံးဝပျက်စီးအောင်ဖျက်ဆီးတဲ့ အင်မတန်ဆိုးရွားတဲ့ ပြင်းထန်တဲ့ အဆိပ်ဖြစ်ပါတယ်။ လောကမှာ အပြင်းဆုံးအဆိပ်လို့လည်းဆိုနိုင်ပါတယ်။ ဒါကြောင့် မူးယစ်ဆေးဝါးဆိုတာကို မသုံးမိကြရအောင်၊ သက်ဆိုင်ရာတို့ကနေ ပြင်းထန်စွာ တိုက်ဖျက်နှိမ်နင်းနေတာလည်းဖြစ်ပါတယ်။ ဒီလိုနှိမ်နင်းနေပေမယ့်လည်း ဒီအန္တရာယ်ကြီးကတော့ လျော့မသွားဘဲ ပိုလို့သာ ဆိုးလာတာတွေ့ရလို့ အတော်ရင်လေးမိပါတယ်။ ဒီကလေးတွေကို အခုလိုပြစ်ဒဏ်ပေးလိုက်ပေမယ့် သူတို့လိုလူငယ်တွေက မပျောက်သွား၊ မလျော့သွားဘူး။ လူငယ်နဲ့ ဆေးစွဲမှု ပြဿနာဟာ ကျွန်တော်တို့နိုင်ငံအတွက် အင်မတန်ကြီးမားတဲ့ ပြဿနာကြီးဖြစ်နေပါတယ်။ ပြီးတော့ လူငယ်တွေကို အခုလိုပြင်းထန်တဲ့ ပြစ်ဒဏ်တွေပေးတဲ့အတွက်၊ သူတို့လေးတွေရဲ့ လုပ်အားတွေ၊ အနာဂတ်တွေလည်း ဆုံးရှုံးရတာ ပါပဲ။

တိုင်းပြည်တစ်ပြည်ရဲ့အနာဂတ်ကိုလေ့လာချင်ရင် အဲဒီတိုင်းပြည်က လူငယ်တွေကိုလေ့လာတာနဲ့ သိနိုင်ပါတယ်။ နိုးကြားတက်ကြွတဲ့လူငယ်တွေ၊ ကျန်းမာသန်စွမ်းတဲ့လူငယ်တွေ၊ ပညာကိုစိတ်ဝင်စားတဲ့လူငယ်တွေ၊ စာဖတ်တဲ့လူငယ်တွေ၊ အားကစားလိုက်စားတဲ့လူငယ်တွေများတဲ့တိုင်းပြည်ရဲ့အနာဂတ်ဟာ ရွှေရောင်လိုတောက်ပနေမှာဖြစ်ပါတယ်။အနာဂတ်ပျောက်နေတဲ့ လူငယ်တွေ၊ စာမဖတ်တဲ့ လူငယ်တွေ၊ အားကစားနဲ့ဝေးနေတဲ့လူငယ်တွေ၊ ပညာကိုစိတ်မဝင်စားတဲ့ လူငယ်တွေ၊ ကိုယ့်တိုင်းပြည်ကိုအထင်သေးပြီး တိုင်းတစ်ပါးကို အထင်ကြီးနေတဲ့ လူငယ်တွေ၊ အဆိုးဆုံးက ရူးကြောင်မူးကြောင်ဖြစ်နေတဲ့ လူငယ်တွေများနေတဲ့ တိုင်းပြည်ရဲ့အနာဂတ်ကတော့ အထူးပြောစရာမရှိလောက်အောင်ညံ့ဖျင်းနေမှာပဲဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံရဲ့ပညာရေးစနစ်ညံ့ဖျင်းမှုကလည်း အရည်အချင်းနိမ့်တဲ့ လူငယ်တွေကို မွေးထုတ်ပေးသလိုဖြစ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်ကာလတစ်ခုအတွင်းက "ခိုးချခြင်း"ဆိုတဲ့ စာမေးပွဲစနစ်ဟာအတော်အံ့သြစရာကောင်းလောက်အောင် လူငယ်တွေရဲ့စိတ်ဓာတ်တွေကို ရိုက်ချိုးခဲ့ပါတယ်။ တက္ကသိုလ်တွေကလည်း Degree mills လို့ဆိုရအောင် ဘွဲ့လက်မှတ်တွေသာ လှိုင်လှိုင်ထုတ်ပေးတဲ့ စက်ရုံတွေလိုဖြစ်ခဲ့ပါတယ်။ ဆိုးတာကတက္ကသိုလ်မှန်သမျှဟာတောတောင်ထဲ၊ လယ်ကွင်းထဲရောက်နေတာပါပဲ။ လူသူဝေးတဲ့နေရာမှာ တက္ကသိုလ်ကျောင်းသားဆိုတဲ့ လူငယ်လေးတွေ စာသင်ရပါတယ်။ မိဘဆရာသမားအုပ်ထိန်းမှုနဲ့ ဝေးရာတဲ့အပြင် လူငယ်တွေ ပျော်ပါးမြူးတူးစေနိုင်မယ့် ပတ်ဝန်းကျင်တွေပါ ဖန်တီးထားသလိုဖြစ်လာပါတယ်။ လူငယ်ဆိုတာလူငယ်နဲ့ လိုက်ဖက်တဲ့ လွတ်လပ်မှုတော့ ရှိရမှာဖြစ်ပေမယ့်၊ တရားလွန်အထိန်းအကွပ်မဲ့လွတ်လပ်မှုကို ဒီတက္ကသိုလ်ဆိုသည်များက ပေးစွမ်းနိုင်ပါတယ်။ ဒီလိုနဲ့ လူငယ်လေးတွေ မူးယစ်ဆေးဝါးဆိုတဲ့ အန္တရာယ်ဆိုးကြီးနဲ့ ကြုံကြုံကြရလေ့ရှိလာပါတယ်။ ခေတ်ပညာရေးအခြေအနေဆိုးတစ်ခုက နိုင်ငံရဲ့အညွှန့်အဖူးလူငယ်တွေကို မူးယစ်နွံထဲတွန်းပို့လိုက်သလိုဖြစ်ပါတယ်။

လူငယ်လေးတွေအခုလို မူးယစ်ဆေးဝါးစွဲတတ်တာဟာ Peer pressure ခေါ်ရှယ်တူလူငယ်များရဲ့ ဆွဲဆောင်မှု၊ ညံ့ဖျင်းတဲ့ပတ်ဝန်းကျင်မှာ ကျင်လည်နေရမှု၊ ရုပ်ရှင်မီဒီယာမျိုးစုံကနေ ကူးစက်မှုစတာတွေကြောင့် ဖြစ်လေ့ရှိပါတယ်။ မူးယစ်ဆေးဝါးမျိုးစုံဟာလူငယ်လေးတွေရဲ့ ဦးနှောက်မှာရှိတဲ့ Pleasure center ခေါ်နှစ်သက်ကြည်နူးစေတဲ့ အရသာခံစားမှု ထိန်းချုပ်ရာနေရာကို နှိုးဆွ၊ လှုံ့မေါ်နိုင်လို့ တစ်ခါ သုံးမိတာနဲ့ တောင့်တတတ်တဲ့ စိတ်ဖြစ်ပေါ်လာပါတယ်။ မောင်ကျန်တစ်တို့သလို၊ တစ်တို့တစ်တို့ကနေဖြတ်မရအောင်စွဲလမ်းသွားစေပါတယ်။ ဒီလိုနဲ့ လူငယ်လေးတွေဟာ မူးယစ်ဆေးဝါးရဲ့ သားကောင်တွေဖြစ်လာကြပါတယ်။ ဆေးကိုမရရအောင် ရှာလာကြ၊ သုံးလာကြရင်း ဘဝတွေပျက်ကြရပါတယ်။ သက်ဆိုင်သူ မိဘဆွေမျိုးတွေလည်း ဒုက္ခရောက်ကြရပါတယ်။ လူငယ်လေးတွေသုံးလေ၊ ဆေးထုတ်သူ၊ ဖြန့်သူတွေ အလုပ်ဖြစ်လေပါပဲ။ ထုတ်သူ၊ ဖြန့်သူ၊ ရောင်းသူတွေဟာအတော်စီးပွားဖြစ်ကြပါတယ်။ ၁၉၈၇ ခုနှစ်လောက်တုန်းက မင်းသားကြီးကျော်ဟိန်းက "ပြည်လုံး ချမ်းသာ"ဆိုတဲ့ဆေးပေါ့လိပ်ထုတ်တာ မှတ်မိပါတယ်။ မင်းသားကြီးထုတ်တာဆိုတော့ နာမည်ကြီးတာပေါ့။ ဆေးပေါ့လိပ်ချင်းအတူတူ မင်းသားကြီးဆေးလိပ်ကို ပိုရွှေးချယ်ကြတာပေါ့။ ဒီတော့ ဆေးလိပ်ရောင်းရလေ ပိုင်ရှင်ချမ်းသာလေ ဖြစ်ပါတယ်။ "ပြည်လုံးချမ်းသာ"ဆိုပေမယ့်၊ ပိုင်ရှင်ကပဲ ချမ်းသာတာဖြစ်ပါတယ်။ ဒါပေမယ့် ဆေးလိပ်သောက်တော့ ချောင်းဆိုးသူတွေများများလာတယ်။ အဲဒီခါကျတော့ "ပြည်လုံးချောင်းဆိုး၊ ကျော်ဟိန်းချမ်းသာ" ဆိုတဲ့ အဆိုဖြစ်လာတာတွေ့ရပါတယ်။ ဒီလိုပါပဲ ဆေးဝါးတွေကို ရောင်းရလေ၊ မသမာသူတွေ မတရားချမ်းသာလာကြပေမယ့်၊ သားကောင်ဖြစ်တဲ့ တိုင်းပြည်ရဲ့ အညွှန့်အဖူး လူငယ်လေးတွေကတော့ မဖော်ပြနိုင်တဲ့ ဆုံးရှုံးမှုတွေကိုသာရရှိကြပါတယ်။ လူငယ်တွေ အခုလိုဖြစ်ကြ ဆုံးရှုံးကြတာဟာ တိုင်းပြည်အတွက်လည်း ကြီးမားသော ဆုံးရှုံးရမှုဖြစ်ပါတယ်။ သူတို့လေးတွေကို ပြင်းထန်တဲ့ အပြစ်ဒဏ်တွေပေးတော့လည်း သူတို့ရဲ့ လုပ်အားတွေ၊ အနာဂတ်တွေ ဆုံးရှုံးရပြန်ပါတယ်။ သူတို့လေးတွေဟာ အခြေအနေများစွာအရ သားကောင်ဖြစ်ကြရသူတွေဖြစ်ပါတယ်။ မုဆိုးကြီးတွေဖြစ်တဲ့ မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ချိရောင်းချသူတွေရဲ့ သားကောင်တွေဖြစ်ကြပါတယ်။ မူးယစ်ဆေးဝါးမျိုးစုံကို တစ်မျိုးပြီး တစ်မျိုး ထုတ်လုပ်ရောင်းချနေတဲ့ လက်ဝါးကြီးသမားများရဲ့ သားကောင်များဖြစ်ကြပါတယ်။ ဖမ်းမိပြီဟေ့ဆိုတာနဲ့ သားကောင်ဖြစ်တဲ့ လူငယ်လေးတွေနဲ့ မူးယစ်ရာဇာတို့ရဲ့အစေအပါး ထိုးကျွေးခံရသူတွေသာ ဖြစ်နေတာတွေ့ရပါတယ်။ ဒါဟာလည်း ဖြစ်နေကျဖြစ်စဉ်လိုဖြစ်နေပါပြီ။ အရင်းအမြစ်ဖြစ်တဲ့ ကုန်သည်ကြီးတွေကိုပါ ထိရောက်စွာနှိမ်နင်းဖို့ အချိန်ရောက်ပါပြီ။ အရင်ကဘာကြောင့် မဖော်ထုတ်နိုင်ခဲ့လည်းဆိုတဲ့အကြောင်းကို နိုင်ငံသားတိုင်းသိပြီးကြတာဖြစ်ပါတယ်။ ပြည်သူ့ခေတ်မှာတော့ ထိရောက်စွာဖော်ထုတ်အရေးယူပေးဖို့ အချိန်တန်ပြီဖြစ်ပါတယ်။ မူးယစ်ရာဇာများကို ဖော်ထုတ်ရာမှာ ပြည်သူတွေက ပူးပေါင်းဆောင်ရွက်သင့်သလို၊ တာဝန်ရှိသူများကလည်း တာဝန်ရှိသလိုတိတိကျကျ ဆောင်ရွက်သင့်ပါပြီ။

ပြီးတော့ လူငယ်တွေကို မူးယစ်အန္တရာယ်ကနေတားဆီးဖို့လည်း ဆတက် ထမ်းပိုးလုပ်သင့်ပါတယ်။ မူးယစ်ဆေးဝါးတို့ရဲ့ဆိုးရွားလှပုံတွေ၊ ရှောင်ရှားသင့်ပုံတွေ၊ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး ကလေးတွေ သိထားသင့်တာတွေကို ကျောင်းသင် ခန်းစာတွေမှာ ထည့်သွင်းဖော်ပြသင်ကြားသင့်ပါတယ်။ ကျောင်းတွေမှာပညာပေးတဲ့ အစီအစဉ်တွေဟာလည်း အတော်နည်းပါးလွန်းနေပါတယ်။ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး (MANA) အနေနဲ့လည်း ဆောင်ရွက်နေပါတယ်။ နယ်မြို့မျှားလည်း စိတ်ဝင်စားတဲ့ မြို့ရှိသလို၊ စိတ်မဝင်စားတဲ့ မြို့တွေလည်းရှိပါတယ်။ အချို့သောအဖွဲ့များက ကျောင်းများကို ဝင်ကြ၊ ဟောပြောကြတဲ့အခါ အချို့ကျောင်းတွေက စာသင်ချိန်ပျက်မှာစိုးလို့ ခွင့်မပေးနိုင်တာတွေလည်း ကြုံကြုံကြရတယ်လို့သိရပါတယ်။ MANA အဖွဲ့ကြီးရဲ့ ဗဟိုအဖွဲ့ကြီးကလည်း နယ်အဖွဲ့တွေနဲ့ ထိစပ်မှု လုံးဝမရှိသလောက်ဖြစ်နေတာတွေ့ရပါတယ်။ လူငယ်တွေကို မူးယစ်အန္တရာယ်ကနေ တားဆီးဖို့အဓိကကျတဲ့ ပညာပေးခြင်းများကို တိုးပြီးဆောင်ရွက်သင့်ပါပြီ။

ဆေးစွဲတဲ့ လူငယ်တွေကို ပြင်းထန်တဲ့ ပြစ်ဒဏ်တွေပေးမလား၊ ပြုပြင်ပေးမှာလားဆိုတာကိုလည်း စဉ်းစားသင့်ပါပြီ။ ထောင်ချအပြစ်ပေးတိုင်းသူတို့တစ်တွေ ဆေးပြတ်မလား၊ လူတော်လူကောင်းလေးတွေဖြစ်လာပါ့မလား။ သူတို့ကိုဆေးဖြတ်ပေးမယ်၊ ပညာပေးမယ်၊ သူတို့ရဲ့ အနာဂတ်မပျက်စီးအောင် ဆောင်ရွက်ပေးမယ်၊ ကူညီပေးမယ်ဆိုရင် ကောင်းမလား။ မျိုးဆက်ကလေးတွေ မူးယစ်အန္တရာယ်ကဝေးအောင်၊ ငယ်စဉ်ကတည်းက ကြိုတင်ကာကွယ်ပေးဖို့လည်း စဉ်းစားဆောင်ရွက်သင့်တယ်လို့ထင်မိပါတယ်။ အထူးသဖြင့် လူငယ်လေးတွေကို ပြင်းထန်တဲ့ အပြစ်ဒဏ်တွေပေးတာကို ပြန်လည်ဆန်းစစ်သင့်ပါပြီ။ နိုင်ငံအတွက်အဖိုးတန်တဲ့ လူငယ်လေးတွေကို အသုံးဝင်တဲ့ လူငယ်လေးတွေဖြစ်လာအောင်၊ ဆေးစွဲပေမယ့်လည်း တန်ဖိုးရှိတဲ့ လူငယ်လေးတွေဖြစ်လာအောင် ဝိုင်းဝန်းဆောင်ရွက်သင့်ပြီဖြစ်ပါတယ်။ ။

ဒီလိုနဲ့လူငယ်လေးတွေ မူးယစ်ဆေးဝါးဆိုတဲ့ အန္တရာယ်ဆိုးကြီးနဲ့ ကြုံကြုံကြရလေ့ ရှိလာပါတယ်။ ခေတ်ပညာရေးအခြေအနေဆိုးတစ်ခုက နိုင်ငံရဲ့ အညွှန့်အဖူး လူငယ်တွေကို မူးယစ်နွံထဲတွန်းပို့လိုက်သလိုဖြစ်ပါတယ် . . .

နောင်ချိုမြို့နယ်၌ လေပြင်းတိုက်ခတ်၍ လူနေအိမ်အလုံး ၂၀ ပျက်စီးဆုံးရှုံး

နောင်ချို ဩဂုတ် ၂၁

နောင်ချိုမြို့နယ်ကွန်းကြီးကျေးရွာအုပ်စုရေဝင်ကျေးရွာတွင် ဩဂုတ် ၂၀ ရက်က လေပြင်းတိုက်ခတ်သွားခဲ့သည်။ လေပြင်းတိုက်ခတ်မှုကြောင့် ရေဝင်ကျေးရွာ၌ လူနေအိမ် ၁၃လုံး နေအိမ်သွပ်မိုးများ လေထဲလွင့်ပါပျက်စီးသွားခဲ့သည်။ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အတွင်း အိပ်ပျော်နေသော ဦးလှပါ (၃၀နှစ်)၊ ဒေါ်မာဘောက်(၇၀ နှစ်) နှင့် ဒေါ်ချမ်းဆဲ (၃၅နှစ်) တို့ ဒဏ်ရာရရှိသွားသည်။

ဆေးရုံတင်ပို့ကုသရာ ဒဏ်ရာရရှိသူ ဦးလှပါနှင့်ဒေါ်မာဘောက်တို့ နှစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိသဖြင့် ဆေးရုံသို့တင်ပို့ကုသထားသည်။ ဒဏ်ရာရရှိသူများမှာ နေအိမ်အုတ်နံရံပြိုကျပြီး ဦးခေါင်းတို့တွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။ နောင်ချိုမြို့နယ်ကွန်းကြီးကျေးရွာအုပ်စု ပင်စုံကျေးရွာတွင် အိမ်ခုနစ်လုံး သွပ်မိုးများလေထဲလွင့်ပါ ပျက်စီးသွားသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ရေဝင်ကျေးရွာတွင် အိမ် ၁၃ လုံးနှင့် ပင်စုံကျေးရွာတွင် အိမ်ခုနစ်လုံးစုစုပေါင်း အိမ်အလုံး ၂၀ သွပ်များလေထဲလွင့်ပါပျက်စီးသွားခဲ့သည်။ ဩဂုတ် ၂၀ ရက်က မိုးသည်းထန်စွာရွာသွန်းနေရာယခုအချိန်အထိ မိုးရွာသွန်းခြင်းရပ်တန့်မှုမရှိပါ။ မိုးရွာသွန်းမှုကြောင့် မန္တလေး-လားရှိုးလမ်းတစ်လျှောက် ရထားလမ်းကူးတို့တွင် ရေများလွှမ်းနေသည်ကို တွေ့ရကြောင်း သိရသည်။

စိုးဝင်း(နောင်ချို)

(၂၁) ရာစုပင်လုံညီလာခံအကြို ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးဆုတောင်းပွဲကျင်းပ

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံအကြို ဖယောင်းတိုင်ထွန်းညှိဆုတောင်းစဉ်

ရန်ကုန် သြဂုတ် ၂၁

ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့(ယူနီဆက်)နှင့် ရတနာ့မေတ္တာအဖွဲ့တို့မှ ကူညီပံ့ပိုးမှုဖြင့် လာမည့် သြဂုတ် ၃၁ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံက ကလေးသူငယ်များအရေးနှင့် အနာဂတ်အကျိုးအား ထည့်သွင်းစဉ်းစားပေးရန် မြန်မာနိုင်ငံဘာသာပေါင်းစုံအဖွဲ့ကြီးမှ ကလေးများအတွက် (Myanmar Interfaith for Children) ရည်ရွယ်ကာ ဘာသာရေးခေါင်းဆောင်များကယနေ့မွန်းလွဲပိုင်းတွင် ချက်ထရီယံဟိုတယ်၌ အကြိုဆုတောင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ဗုဒ္ဓဘာသာအဖွဲ့မှ မှန်ကင်းဆရာတော် ဘဒ္ဒန္တအရှင်ကဝိန္ဒ၊ ခရစ်ယာန်ဘာသာအဖွဲ့မှ Rev. မန်းပါမန်စတန်၊ အစ္စလာမ်ဘာသာအဖွဲ့မှ အယ်ဟာဂျ်မုဟ်(ဖ)သီဦးကိုလေးနှင့် ဟိန္ဒူဘာသာအဖွဲ့မှ ဒေါက်တာလှထွန်းတို့က အသီးသီးဆုတောင်းစကားများ ပြောကြားကြသည်။

ထို့နောက် ဗုဒ္ဓဘာသာမှ ရွှေပြည်ဟိန်းဆရာတော် ဦးခေမာသီရိလင်္ကာရ၊ ခရစ်ယာန်ဘာသာမှ ဂိုဏ်းချုပ်ဆရာတော် Bishop မန်စိန်ဟီး၊ အစ္စလာမ်ဘာသာမှ အယ်ဟာဂျ်ခလီဇွာဟ် ဦးအေးလွင်နှင့် ဟိန္ဒူဘာသာမှ ယူအက်(စ်) ဦးဇော်ဝင်းတို့က ငြိမ်းချမ်းရေးနှင့် စပ်လျဉ်း၍ ဟောပြောသည်။

တစ်ဖန် တက်ရောက်လာသော ဘာသာရေးခေါင်းဆောင်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ သံတမန်များ၊ အရပ်ဘက်အဖွဲ့အစည်းများက ကလေးများအတွက် ငြိမ်းချမ်းရေးဆန္ဒပြု လက်မှတ်များ White board ပေါ်တွင် စုပေါင်းရေးထိုးကြသည်။ ယင်းနောက် ဖယောင်းတိုင်ထွန်းညှိဆုတောင်းခြင်း၊ ငြိမ်းချမ်းရေးအတွက် သီချင်းဆိုခြင်းများလည်း ပြုလုပ်ခဲ့ကြသည်။

အခမ်းအနားတွင် ဘာသာရေးခေါင်းဆောင်ကြီးများက မြန်မာနိုင်ငံတွင် ပဋိပက္ခများဖြစ်ပွားလာခဲ့သည်မှာ နှစ်ပေါင်း ၇၀ ခန့်ရှိပြီဖြစ်ကြောင်း၊ စစ်ပွဲများကြောင့်လက်ရှိတွင် ထိခိုက်ခံစားနေရသူများမှာ ပြည်သူများနှင့်ကလေးသူငယ်များဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏လူဦးရေသုံးပုံတစ်ပုံသည် ကလေးသူငယ်များဖြစ်သောကြောင့် ပဋိပက္ခများချုပ်ငြိမ်းနိုင်မှသာ အနာဂတ်မြန်မာနိုင်ငံတော်ဖွံ့ဖြိုးသာယာမည်ဖြစ်ကြောင်း၊ စစ်ပွဲများမရပ်စဲသရွေ့ကလေးများရှင်သန်ရေးကို အဟန့်အတားဖြစ်စေပြီး မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဆုတ်ယုတ်စေကြောင်းဖြင့်လည်း ဘာသာရေးခေါင်းဆောင်များက ပြောကြားသည်။

အဆိုပါ ဆုတောင်းပွဲမှ မြန်မာနိုင်ငံ ကလေးသူငယ်များအတွက် ဘာသာပေါင်းစုံအဖွဲ့ကြီး (MIC) မှ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံအား စစ်ပွဲများအမြန်ဆုံးရပ်စဲပြီး ငြိမ်းချမ်းရေးကို လက်တွေ့အကောင်အထည်ဖော်သွားရန်နှင့် အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံတည်ဆောက်ရေး ဆွေးနွေးညှိနှိုင်းရာတွင် ကလေးသူငယ်များ၏ အခွင့်အရေးနှင့် အကျိုးစီးပွားတို့ကို အဓိက ထည့်သွင်းဆွေးနွေးပေးပါရန် တိုက်တွန်းထားကြောင်း သိရသည်။ ယင်းအခမ်းအနားသို့ ဘာသာရေးခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ကာ ငြိမ်းချမ်းရေးဆုတောင်းစကားများ ပြောကြားခဲ့သည်။

သတင်း-မြင့်မောင်စိုး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ရေးအစည်းအဝေးတွင် DPN ၏ တောင်းဆိုမှုကြောင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံကျင်းပရေးအတွက် ပြင်ဆင်မှုများသာဦးစားပေးဆွေးနွေး

သတင်း-ရဲခေါင်ညွှန့်
ဓာတ်ပုံ-ဖိုးထောင်

ရန်ကုန် သြဂုတ် ၂၁

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအကြို ပြင်ဆင်ရေးကော်မတီ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အဖွဲ့ဝင် နိုင်ငံရေးပါတီများ ပါဝင်သည့် သုံးပွင့်ဆိုင်နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ခြင်း (Framework Review) အစည်းအဝေးကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)တွင် ကျင်းပသည်။ **(ယာပုံ)**

မူလအစည်းအဝေးအစီအစဉ်အရ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဘောင် ပြန်လည်သုံးသပ်ခြင်းကိုသာ ဦးစားပေး ဆွေးနွေးရန်ဖြစ်သော်လည်း နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(Delegation for Political Negotiation – DPN) ခေါင်းဆောင် ခူဦးရယ်၏ တင်ပြချက်အရ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ကျင်းပမည့် ကိစ္စရပ်များသာ ဦးစားပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

NCA စာချုပ်လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ခုနစ်ဖွဲ့အား ကိုယ်စားပြုသည့် DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်က "မူဘောင်ကို သုံးသပ်ဖို့ ပြန်လည်စဉ်းစားတဲ့အခါမှာ အချိန်ကလည်း အလွန်ကျပ်နေတော့ ကျွန်တော်တို့ ဆွေးနွေးသုံးသပ်မယ့် အကြောင်းအရာမှာ အချို့အစိတ်အပိုင်းတွေက သေသေချာချာသုံးသပ်ပြီး ညှိနှိုင်းရမယ့်ကိစ္စမျိုးဖြစ်တော့ တင်ပြရမယ့် အချိန်နည်းတယ်။ အဲ့ဒီတော့ Framework အတွက် ပိုပြီးတော့အချိန်ရအောင် ဆိုပြီး ဒီညီလာခံကိစ္စ ဆွေးနွေးဖို့ပဲ ကျွန်တော်ကတင်ပြပါတယ်။ အားလုံးက လက်ခံသဘောတူတော့ အဲ့ဒါကိုပဲဦးစားပေး ဆွေးနွေးတယ်။ ညီလာခံရက်က သိပ်မကျန်တော့ ဘယ်လိုကျင်းပမလဲ။ ဘယ်လို အခင်းအကျင်းနဲ့သွားမလဲ။ သဘာဝတိတွေ၊ အကျိုးဆောင်တွေ၊ ကိုယ်စားလှယ်တွေ ဘယ်လိုရွေးချယ်စေလွှတ်ကြမလဲ။ တာဝန်ကို ဘယ်လိုခွဲဝေကြမလဲပေါ့။ ညီလာခံအခင်းအကျင်းကို ကြည့်ပြီး သဘာပတိဘယ်နှဦးလိုမလဲ၊ အကျိုးဆောင် ဘယ်နှဦးလိုမလဲ၊ ညီလာခံကိုတက်ရောက်မယ့် အစုအဖွဲ့ ဆိုင်ရာတွေရဲ့စည်းမျဉ်းစည်းကမ်းတွေကို ညှိနှိုင်းဆွေးနွေးပါတယ်"ဟု ပြောသည်။

ယနေ့အစည်းအဝေးတွင် သတ္တမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးမှ ရရှိလာသော နိုင်ငံရေးဆွေးနွေးမှု မူဘောင်ဆိုင်ရာသဘောတူညီချက်နှင့်ပတ်သက်၍ ရရှိလာသည့် သဘောတူညီချက်များအား ပြန်လည်ရှင်းလင်းခြင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံကျင်းပရာတွင် ညီလာခံ၌ထားရှိမည့် သဘာပတိများ၊ အကျိုးဆောင် ကိုယ်စားလှယ်များ ထားရှိမည့် ပုံစံ၊ ညီလာခံတက်ရောက်မည့် ကိုယ်စားလှယ်များ၏ လုပ်ငန်းလမ်းညွှန်နှင့် လေ့လာသူများ၊ ဧည့်သည်တော်များ နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

(၂၁)ရာစုပင်လုံအကြိုပြင်ဆင်ရေး ကော်မတီအတွင်းရေးမှူး ဦးလှမောင်ရွှေက "မူဘောင်ကိုတော့ စဆွေးနွေးဖြစ်တယ်။ ဆွေးနွေးရင်းနဲ့မှ ညီလာခံတက်တဲ့ သူအများစုနဲ့ အနီးဆုံးညီလာခံကိစ္စရပ်တွေကို ပိုပြီးတော့ ဆွေးနွေးဖြစ်ပါတယ်။ မနက်ဖြန် မနက်ပိုင်းမှာတော့ ကျွန်တော်တို့ Framework ကို ပြန်ဆွေးနွေးပြီး ညနေပိုင်းကျရင် ညီလာခံပူးတွဲကျင်းပရေးကော်မတီအစည်းအဝေး လုပ်ပါမယ်။ အဲ့ဒီအချိန်မှာ NCA လက်မှတ်မထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်ရှစ်ဦးပါဝင်ပြီး ညီလာခံအတွက် ဆွေးနွေးမယ့်ပုံစံရှိပါတယ်။ Framework ကတော့ ညီလာခံပြီးရင်လည်း ဆက်ဆွေးနွေးမယ်"ဟု သြဂုတ် ၂၂ တွင် ဆက်လက်ပြုလုပ်မည့် ညီလာခံပူးတွဲကျင်းပရေးကော်မတီအစည်းအဝေးနှင့် ပတ်သက်၍ ပြောသည်။

တိုင်းရင်းသား လက်နက်ကိုင်ကိုယ်စားလှယ်အဖွဲ့အစည်းအားလုံးမှ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံသို့ ၂၀၀ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ညီလာခံပူးတွဲကျင်းပရေးကော်မတီတွင်မူ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသော နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN)မှ ခုနစ်ဦး ပါဝင်ခွင့်ရမည်ဖြစ်သည်။

မြောက်ပိုင်း သုံးဖွဲ့ဖြစ်သည့် (MNDAA၊ AA၊ TNLA) နှင့် ပတ်သက်၍ အစိုးရအနေဖြင့် ပြန်လည်ဖိတ်ကြားရန်စဉ်းစားထားကြောင်း၊ မူလက ဖိတ်ကြားရန် စီစဉ်ထားသော်လည်း ညှိနှိုင်းဆွေးနွေးမှုတွင် အနည်းငယ် အဆင်မပြေမှုများ ရှိနေ၍ ဖိတ်ကြားထားသည့် အစီအစဉ်အား ဆိုင်းငံ့ထားခြင်းဖြစ်ကြောင်း၊ ညီလာခံမကျင်းပမီ ညှိနှိုင်းမှု၊ အဆင်ပြေ တိုးတက်မှုများရှိလာပါက ဖိတ်ကြားမှုစာရင်းတွင် မြောက်ပိုင်းသုံးဖွဲ့ ပြန်လည်ပါဝင်လာနိုင်ကြောင်း၊ အဆိုပါသုံးဖွဲ့အနေဖြင့်လည်း တက်ရောက်လိုသည့် ဆန္ဒရှိနေကြောင်း ခူဦးရယ်ထံမှ ပူဖောင်းဖြင့် လွှတ်တင်ခဲ့ကြသည်။

ဆက်လက်၍ စာရေးဆရာထင်လင်းဦး(Wisdom Villa)က ၎င်းကိုယ်တိုင် ရေးသားထားသော "ငြိမ်းချမ်းရေးလိုချင်တယ်"ကဗျာကို ရွတ်ဆိုခဲ့သည်။

ထို့နောက်ပန်းရဲ့လမ်းအဖွဲ့က သီချင်းများဖြင့်ဖျော်ဖြေခဲ့ပြီးနောက် "အမျိုးသားရင်ကြားစေ့ရေး၊ စစ်ပွဲများအမြန်ဆုံးရပ်ရေး၊ ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေး၊ (၂၁)ရာစုပင်လုံညီလာခံ အောင်ရမည်"ဟူသော ကြွေးကြော်သံများဖြင့် ကြွေးကြော်ကာ ရုပ်သိမ်းခဲ့သည်။

(၂၁)ရာစုပင်လုံညီလာခံ ကြိုဆိုထောက်ခံပွဲသို့ တက်ရောက်လာသူ ၁၀၀၀ ကျော်ခန့်ရှိပြီး ပန်းရဲ့လမ်းအဖွဲ့ကလည်း မြင်းခြံမြို့တွင် ညပိုင်းအထိ လှည့်လည်ဖြေဖျော်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်မင်းနိုင် (မြင်းခြံ)**

(၂၁)ရာစုပင်လုံညီလာခံကြိုဆိုထောက်ခံပွဲ မြင်းခြံမြို့၌ ပြုလုပ်

မြင်းခြံ သြဂုတ် ၂၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် (၂၁)ရာစုပင်လုံညီလာခံ ကြိုဆိုထောက်ခံပွဲကို သြဂုတ် ၂၁ ရက် နံနက် ၉နာရီ ၁၅ မိနစ်က စတင်ပြုလုပ်ကြောင်း သိရသည်။

(၂၁)ရာစုပင်လုံညီလာခံ ထောက်ခံကြိုဆိုပွဲကို မြို့နေပြည်သူများ၊ ကျေးရွာများမှ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ ၊ အမျိုးသားဒီမိုကရေစီအဖွဲ့(မြင်းခြံ)မှ အဖွဲ့ဝင်များ ပါဝင်သော ပြည်သူများသည် ဗိုလ်ချုပ်ကြေးရုပ်ရှေ့မှ နံနက် ၉နာရီ ၁၅ မိနစ်တွင် စတင်ထွက်လာကြပြီး မြို့တွင်းလမ်းများမှ တစ်ဆင့် အမှတ်(၁၈)ရပ်ကွက်ရှိ ဟစ်တိုင်ကွင်းသို့ သွားရောက်ခဲ့ကြသည် ။

ထို့နောက် (၂၁)ရာစုပင်လုံညီလာခံကို ကြိုဆိုထောက်ခံသောအားဖြင့် ဦးရဲလွင်ဦးဆောင်သော ပန်းရဲ့လမ်းအဖွဲ့က သီချင်းများဖြင့်ဖြေဖျော်ခဲ့ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်အေးနှင့် မြိုနယ် အမျိုးသားဒီမိုကရေစီအဖွဲ့ဝင်များက ငြိမ်းချမ်းရေးချိုးရုပ်အား မိုးပျံ

တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် ပြည်သူများက ဆွမ်းဆန်နှင့် အလှူငွေများလှူဒါန်း

နေပြည်တော် သြဂုတ် ၂၁

နေပြည်တော် လယ်ဝေးမြို့နယ်နှင့် ဒကွိဏသီရိမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်များနှင့် သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် လယ်ဝေးမြို့ရှိ ပေါက်မြိုင်ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မိုးမြင့်ထွန်း၊ စေတနာရှင် အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများအား ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။(ဝဲပုံ) ယင်းနောက် ဆွမ်းပဒေသာပင်အလှူငွေများအား တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ ဗိုလ်ချုပ်မိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

နေပြည်တော် လယ်ဝေးမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်များ၊ သာသနာ့နွယ်ဝင် သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၁၆ ခုနှစ်မှစ၍ နှစ်စဉ် လှူဒါန်းလျက်ရှိပြီး ယနေ့လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၉၅၃၀၀၀၀ ၊ ဆန် ၃၉၇ အိတ်၊ ဆီ ၁၀၇ ပိဿာ ၇၀ ကျပ်သား၊ ပဲ ၁၀၇၇ ပိဿာ၊ ဆား ၁၀၇၇ ပိဿာ၊ ၀ရုတ်သီးမှုန့် အထုပ် ၆၀၀ ၊ ငါးပိထောင်းဘူး ၁၀၀၀၊ နွားငံးမှုန့် အထုပ် ၂၀၀၊ မဆလာအထုပ် ၂၀၀ နှင့် ဆေးမျိုးစုံ ဘူး ၇၄၄၀ တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(မြဝတီ)

မြန်မာနိုင်ငံကြက်ခြေနီအသင်း
(၇၇) ကြိမ်မြောက်
ဗဟိုကော်စီ အစည်းအဝေး
၂၀၁၆ ခုနှစ်၊ သြဂုတ်လ (၂၅) ရက်
စုဝေးခန်းမ
မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်၊ နေပြည်တော်

ဧရာဝတီနှင့် ရွှေလီမြစ်ရေကြီးမှုကြောင့် ပျက်စီးသွားသော မိုးစပါးစိုက်ဧကများ ပြန်လည်စိုက်ပျိုးရန်မျိုးစပါးပေးအပ်

ကသာ သြဂုတ် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ခရိုင်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဧရာဝတီမြစ်ရေနှင့် ရွှေလီမြစ်ရေကြီးမှုကြောင့် ဇူလိုင်လနှင့် သြဂုတ်လဒုတိယပတ်က ရေကြီးနစ်မြုပ်ပျက်စီးသွားသော မိုးစပါးစိုက်ခင်း စိုက်ဧကများ ပြန်လည်စိုက်ပျိုးရန်အတွက် မျိုးစပါးပေးအပ်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မောင်စိုး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်မြတ်မိုးက မိုးစပါးထောက်ပံ့ပေးအပ်မှုများကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာအုပ်စု ၁၉ စု၊ ကွင်းပေါင်း ၇၈ ကွင်း၊ တောင်သူပေါင်း ၁၂၇၉ ဦး၏ မိုးစပါးပျိုးခင်း ၅၂ ဧက၊ စိုက်ခင်းဧက ၄၂၀ ဒသမ ၅၀ ပျက်စီးခဲ့သည့်အတွက် မိုးစပါးစိုက်ပျိုးချိန်ရာသီမီအတွက် စပါးပျိုးခင်းတစ်ဧကလျှင် ၁၀ တင်းနှုန်း၊ စပါးစိုက်တစ်ဧကလျှင် တစ်တင်းနှုန်းဖြင့် သက်လျင်စပါးမျိုး တင်း ၄၄၀၊ တိုင်းဒေသကြီး ရန်ပုံငွေမှ တင်း ၅၀၀ စုစုပေါင်း တင်း ၉၄၀ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မြင့်ဇော်(ပြန်/ဆက်)

ကျောင်းကုန်းရေဘေးသင့်ပြည်သူများသို့ ဆန်အိတ်များလှူဒါန်း

ကျောင်းကုန်း သြဂုတ် ၂၁

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မရိုင် ကျောင်းကုန်းမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၂၆၆ အိတ် လှူဒါန်းမှုကို သြဂုတ် ၂၁ ရက် ညနေ ၃ နာရီတွင် ရေဘေးကြီးကြပ်မှုကော်မတီ(ဒေါ်သန်းတင်ခန်းမဆောင်)မှ တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါအဖွဲ့သည် လေ့ကွဲလဟာကျေးရွာအုပ်စုရှိ လေ့ကွဲလဟာ၊ စာဖြူစု၊ ကညင်ကုန်း၊ ကုန်းတောညိုနှင့် ဆောက်မြောင်ရွာများသို့ လည်းကောင်း၊ ရွှေပန်းဥကျေးရွာအုပ်စုရှိ ကွင်းစောင်း၊ ဗောဓိကုန်းနှင့် ကွက်သစ်ရွာများသို့ လည်းကောင်း၊ ပေါက်ဆိန်ပဲ့ကျေးရွာအုပ်စုရှိ ရုံးဝူကြီး၊ ရုံးဝူလေးနှင့် ထန်းကုန်းရွာများသို့ လည်းကောင်း၊ အမှတ်(၂) ရပ်ကွက်ရှိ မိုးလုံလေလုံခန်းမနှင့် ဓမ္မနန္ဒာဘုန်းကြီးကျောင်းများသို့ လည်းကောင်း၊ ကွမ်းခြံကုန်းကျေးရွာအုပ်စုရှိ သက်ရင်းကုန်းရွာသို့ လည်းကောင်း၊ လက်ပန်ချောင်ကျေးရွာအုပ်စုရှိ သဲတွက်ရွာသို့ လည်းကောင်း၊ ဂုန်မင်းကျေးရွာအုပ်စုရှိ အနန်းပင်စုရွာသို့ လည်းကောင်း သွားရောက်လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

ကြည့်မြင်တိုင်ကမ်းနားလမ်း ပန်းခြံပြန်လည်ပြုပြင်နေပြီ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ပြည်သူအများတင်မြှောက်သည့် ကော်မတီဝင်တစ်ဦး၏ ကြိုးပမ်းမှုကြောင့် ပြန်ရခဲ့သည့် ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်း၊ ဆိပ်ကမ်းသာ မြေအားဒေသခံမြို့နယ်လူထုအားဖြင့် သန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။ ဌာနဆိုင်ရာမှ ယန္တရားကြီးများဖြင့် မြေညီခြင်းကို ဆောင်ရွက်ခဲ့ကြသည်။ ဒေသခံပြည်သူများ အပန်းဖြေအနားယူနိုင်ရန်အတွက် စီစဉ်ခဲ့ကြခြင်းဖြစ်သည်။

သို့သော် အကြောင်းအမျိုးမျိုးကြောင့်ဆောင်ရွက်မှုများ ရပ်တန့်သွားခဲ့ပြီး လချီကြာမြင့်ခဲ့သည်။ ရှင်းလင်းပြုပြင်ပြီးသော မြေပေါ်၌ အမှိုက်ပုံကြီးများဖြစ်လာပြီး ချဉ်နွယ်များ ရှင်သန်ကြီးထွားလာသည်။ ထိုအချိန်က ပေးဆပ်ခဲ့ရသော လုပ်အားများ၊ စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်ခဲ့ရသော ကုန်ကျစရိတ်များ အချည်းအနီး ဖြစ်ခဲ့ကြရသည်။ မြို့နယ်ဒေသခံပြည်သူများ စိတ်မကောင်းကြီးစွာ ဖြစ်ခဲ့သည်။

ယခုထိုမြေပေါ်၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက ဆိပ်ကမ်းသာ(၂)ပန်းခြံအဖြစ် ပြန်လည်တည်ဆောက်နေသည်ကို တွေ့ရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာ နှစ်ဘတ်ဂျက်အရ တည်ဆောက်နေခြင်းဖြစ်ပြီး ကုန်ကျမူလျာထား ငွေကျပ် သိန်း ၄၄၀ ဖြင့်တည်ဆောက်အကောင်အထည်ဖော်မည်ဖြစ်သည်။ ယခုအခါ ရရှိသည့်မြေ ၁ ဒသမ ၄၅ ဧကခွဲ ပြည်သူများ အပန်းဖြေအနားယူနိုင်ရန် တည်ဆောက်သွားမည်ဖြစ်ကြောင်း ပန်းဥယျာဉ်နှင့် အားကစားကွင်းများ ဌာနမှူးက ပြောသည်။

တည်ဆောက်မည့်ပန်းခြံမှာ အလျားရှည်ပြီး အနံကျဉ်းသော နေရာဖြစ်သည်။ ပန်းခြံ၏ နောက်ဘက်တွင် လှိုင်ပြစ်ရှိသည်။ မြစ်အတွင်း ကူးသန်းသွားလာနေကြသော ခရီးသွားသမ္မန်များ၊ ကုန်တင်မော်တော်များသွား လာလှုပ်ရှားမှုကို ပန်းချီကားတစ်ချပ်သဖွယ် ရှုမြင်ခံစားနိုင်ပြီး မြစ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော သဘာဝလေကိုလည်း ရှူရှိုက်နိုင်မည်ဖြစ်သည်။

ယခုအခါ တည်ဆောက်မှုအနေဖြင့် ကျူးဘားပင်အမြင့်များ အပင် ၄၀ ကို စိုက်ထူထားပြီးဖြစ်သည်။ မြက်ခင်းအလှ စိုက်ပျိုးနိုင်ရန်အတွက် မြေသြဇာ ဖြန့်ခင်းမှုများ ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရသည်။ **(အပေါ်ပုံ)**

ဌာနမှူးက "အခုမိုးရာသီဖြစ်တယ်။ ဒါကြောင့် စိမ်းလန်းစိုပြည်တဲ့ကာလမှာ အပင်တွေကို စိုက်ရတာပါ။ နောက် မြေယာရှုခင်းတွေ၊ ရေပိုင်းဆိုင်ရာတွေ ဆက်လက် ဆောင်ရွက်သွားမှာပါ" ဟု ပြောသည်။

ပန်းခြံအတွင်း လေးလက်မထု၊ အကျယ်လေးပေရှိသော ကွန်ကရစ်လမ်း ထားပေးမည်ဖြစ်ပြီး အနားယူသူများအတွက် ကွန်ကရစ်အုတ်ခုံများ ပြားစွာ ထားရှိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဈေးကြီး အနောက်ရပ်ကွက်မှ ဒေသခံတစ်ဦးက "ပန်းခြံပြန်အကောင်အထည်ဖော်လာတဲ့အတွက် ဝမ်းသာပါတယ်။ ကမ်းနားကို နောက်ခံထားတဲ့အတွက် လေကောင်းလေသန့်ကို ရှူရှိုက်ပြီး ကျန်းမာရေးလေ့ကျင့်လို့ကောင်းပါတယ်။ ကိုယ်လက်လှုပ်ရှားဖို့အတွက် အခြားပန်းခြံတွေလို အားကစားပစ္စည်းလေးတွေပါ စီစဉ်ထည့်ပေးရင်ပိုကောင်းပါတယ်" ဟု ၎င်း၏ရင်တွင်းဆန္ဒကို ထုတ်ဖော်ပြောကြားခဲ့သည်။

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-ကိုကြီးတင်

မန္တလေးတောင်ပန်းချီပြခန်းမှ ပန်းချီဆရာများ၏ ပန်းချီပြပွဲ ရန်ကုန် နှင်းဆီမြိုင်ပန်းချီပြခန်း၌ ပြသမည်

မန္တလေး သြဂုတ် ၂၁

မန္တလေးမြို့ မန္တလေးတောင် ပန်းချီပြခန်းမှ ပန်းချီဆရာ ဦးမိုးမြင့်ထွန်း(မိုးဦး-ပန်းချီ) ၏ စီစဉ်မှုဖြင့် မန္တလေးတောင် ပန်းချီပြခန်းဂရု(ပ)ရှိုး (Mandalay Hill Art Gallery Group Art Exhibition) ပန်းချီပြပွဲကို ရန်ကုန်မြို့ နှင်းဆီမြိုင်ပန်းချီပြခန်း၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး ကမ္ဘာအေးဘုရားလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့၌ သြဂုတ် ၂၇ ရက်နံနက် ၉ နာရီတွင် ပြခန်းဖွင့်ပွဲ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပန်းချီပြပွဲတွင် မန္တလေးတောင်ခြေ ပန်းချီပြခန်းမှ ပန်းချီဆရာ ၁၀ ဦးနှင့် ရန်ကုန်မြို့မှ ပန်းချီဆရာ ကိုးဦးတို့၏ ပန်းချီကားများ၊ ရေဆေး၊ ဆီဆေး၊ ခရိုက်လစ်ပန်းချီကား ၆၀ ကျော် ပြသသွားမည်ဟု မန္တလေးတောင် ပန်းချီပြခန်းမှ ပြခန်းစီစဉ်သူ ဦးမိုးမြင့်ထွန်း(ပန်းချီ-မိုးဦး)က ပြောသည်။

မန္တလေးမှ ပြပွဲပြသမည့် ပန်းချီဆရာ ဆရာမများမှာ ဦးဇော်ဝင်း၊ ဦးလှထွန်း၊ ဦးအောင်သန့်၊ ဦးလူမော်၊ ဦးအောင်မင်း၊ ဦးနိုင်မျိုးဝေ၊ ဦးကျော်မင်းဝင်း၊ ဦးဇီလာ၊ ဦးမိုးမြင့်ထွန်း(မိုးဦး-ပန်းချီ)နှင့် ဒေါ်စန်းစန်းသွယ်တို့၏ ပန်းချီကားများ ပြသမည်ဖြစ်ပြီး ရန်ကုန်မြို့မှ ဦးလှထွန်းအောင်၊ ဦးဌေးအောင်၊ ဦးမြတ်ကျော့၊ ဦးအောင်နိုင်မောင်၊ ဦးပြည်ကျော်ဟန်၊ ဦးနီမိုးဦး၊ ဦးသန်းစိုး၊ ဦးနေထွန်း၊ ဦးကျော်မင်းဟန်တို့၏ ပန်းချီကားများ ပြသမည်ဖြစ်သည်။

ပြပွဲကို သြဂုတ် ၂၇ ရက်မှ ၃၁ ရက်အထိ ငါးရက်ပြသထားမည်ဖြစ်ပြီး မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

မိုးအသင့်အတင့် ထစ်ချန်းရွာမည်

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။(မိုး/ဇလ)

အိန္ဒိယအစိုးရတပ်နှင့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီတို့ မြန်မာနယ်နိမိတ်အတွင်း တိုက်ပွဲဖြစ်ပွားခဲ့သည်ဟု မီဒီယာအချို့က မှားယွင်းဖော်ပြခဲ့မှုနှင့်ပတ်သက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်



နေပြည်တော် သြဂုတ် ၂၁

မြန်မာနိုင်ငံနယ်စပ်တွင် သြဂုတ် ၁၉ ရက်က အိန္ဒိယအစိုးရတပ်နှင့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ NSCN(K) တို့ သုံးနာရီကြာ တိုက်ပွဲဖြစ်ပွားခဲ့ပြီး အိန္ဒိယအစိုးရတပ်မှ ထိခိုက်ကျဆုံးမှုများကြောင်း၊ အနည်းဆုံးလူ ၃၀ ခန့်ရှိသည့် အိန္ဒိယအစိုးရတပ်များက မြန်မာနိုင်ငံဇရီယာအတွင်း ဝင်ရောက်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အိန္ဒိယအစိုးရတပ်ဖွဲ့များသည် လေထီးတပ်သား ၁၂ဦးကို ဦးစွာစေလွှတ်ပြီး ကျန်မြေပြင်တပ်က မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာကြောင်း၊ အိန္ဒိယအစိုးရတပ်က မြန်မာနိုင်ငံနယ်နိမိတ်အတွင်း စစ်ဆင်ရေးတစ်ခုပြုလုပ်ခဲ့ကြောင်း စသည်ဖြင့် နာဂတပ်ဖွဲ့က ထုတ်ပြန်သည့် သတင်းဇာစ်မြစ်ကို ကိုးကား၍ ပြည်တွင်းအင်တာနက်သတင်းနှင့် အိန္ဒိယသတင်းမီဒီယာအချို့က ရေးသားဖော်ပြခဲ့ကြောင်း။

မြေပြင်သတင်းစိစစ်ချက်များအရ သြဂုတ် ၁၉ ရက် နံနက် ၆ နာရီခွဲမှ ၉ နာရီအထိ NSCN(K) အဖွဲ့နှင့် NSCN(IM) အဖွဲ့တို့ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်နယ်နိမိတ်မှတ်တိုင်အမှတ်-၁၅၁ ၏ အနောက်ဘက် တစ်မိုင်ခန့်အကွာ အိန္ဒိယနိုင်ငံအတွင်း လက်နက်ကြီး၊ လက်နက်ငယ် ပစ်ခတ်သံများကြားရကြောင်း၊ ရွှေလောကျေးရွာ ခန့်မှန်းမြေပုံညွှန်း (GE-၁၄၈၃၆)အုပ်ချုပ်ရေးမှူးက ယမ်းကြုံးကျေးရွာ ခန့်မှန်းမြေပုံညွှန်း (GE-၂၅၇၄၁၅) ရှိ တပ်မတော်စစ်ကြောင်းထံသို့ သတင်းပေးပို့ခဲ့ပြီး သတင်းရရှိလျှင်ရရှိချင်း နှစ်နိုင်ငံနယ်စပ်မျဉ်းအနီး ကျယ်ပြန့်စွာလှုပ်ရှားနေသည့် တပ်မတော်စစ်ကြောင်းများကလည်း မိမိနယ်မြေအလိုက် တစ်ဖက်နိုင်ငံမှ လက်နက်ကိုင်အဖွဲ့အစည်းများ ဝင်ရောက်လာမှုမရှိစေရေး ပိတ်ဆို့ထားပြီး စောင့်ကြည့်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့်ပတ်သက်ပြီး မိမိနိုင်ငံကို အခြေပြုကာ တစ်ဖက်နိုင်ငံအစိုးရကို နှောင့်ယှက်ဖျက်ဆီးသည့် မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းကိုမဆို နယ်မြေအသုံးချခွင့်မပြုကြောင်း၊ အားမပေးကြောင်း လက်မခံကြောင်းတို့အား နှစ်နိုင်ငံတပ်မတော်ခေါင်းဆောင်များ အချင်းချင်းတွေ့ဆုံဆွေးနွေးစဉ်တိုင်းတွင် အလေးအနက်ထားပြောကြားလျက်ရှိကြောင်း၊ ၎င်းအပြင် မြန်မာ့တပ်မတော်အနေဖြင့်လည်း နှစ်နိုင်ငံတပ်မတော်အချင်းချင်း နယ်စပ်တပ်စခန်းအဆင့် ဆွေးနွေးပွဲများပြုလုပ်၍ တပ်မတော်အချင်းချင်း မိမိနယ်မြေအလိုက် အပြိုင်ကင်းလှည့်ခြင်း၊ သတင်းဖလှယ်၍ အထောက်အကူပြု ဆောင်ရွက်ခြင်းများလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

သို့ဖြစ်၍ အိန္ဒိယအစိုးရတပ်နှင့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ NSCN-(K) တို့ မိမိနိုင်ငံနယ်နိမိတ်အတွင်း တိုက်ပွဲဖြစ်ပွားခဲ့သည့်သတင်းမှာ မှန်ကန်မှုမရှိပါကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကမ်းပါးပြိုပြီး လမ်းတံတားများပျက်စီး

ကွမ်းလုံ သြဂုတ် ၂၁

ရှမ်းပြည်နယ် မြောက်ပိုင်း ကွမ်းလုံမြို့နယ် ဟိုလီကျေးရွာနှင့် နမ့်ကျင်းဟော်ကျေးရွာကြားရှစ်မိုင်အတွင်းတစ်လျှောက် သြဂုတ် ၁၉ ရက်က မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျချောင်းရေကြီးပြီး ကမ်းပါးပြိုမှုကြောင့် လမ်းတံတားများ ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းကို ကျေးရွာအုပ်စုသုံးအုပ်စု၊ ကျေးရွာပေါင်း ၂၉ ရွာမှ အသုံးပြုသွားလာနေကြပြီး လမ်းနှင့် တံတားများ ပြိုကျပျက်စီးသည့်အတွက် သွားလာရေးခက်ခဲလျက်ရှိသည်။ ထို့ကြောင့် လမ်းနှင့် တံတားများကို ပြန်လည်ပြုပြင်နိုင်ရေးအတွက် ခရိုင်ကျေးလက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမင်းလတ်နှင့် အင်ဂျင်နီယာအဖွဲ့များ၊ မြို့နယ်ဦးစီးမှူး ဦးမိုင်းလုမ်ဆန်းသစ်တို့က သြဂုတ် ၂၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(ဝဲပုံ)**လမ်းတံတားများ ပျက်စီးမှုကြောင့် ဒေသခံပြည်သူများ သွားလာခက်ခဲသည့်အပြင် အပတ်စဉ်ဈေးသည်ကားများ မလာနိုင်သည့်အတွက် ကုန်ဈေးနှုန်းများလည်း မြင့်တက်လာကြောင်းနှင့် အမြန်ဆုံးပြင်ဆင်ပေးရန် ဒေသခံပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။ **မိုင်းခိုင်ဇော်(ပြန်/ဆက်)**

ကားလမ်းဘေး ရေနုတ်မြောင်းများပိတ်ဆို့မှုကြောင့် ပြောင်းခင်းများရေဝပ်ပျက်စီး

နေပြည်တော် သြဂုတ် ၂၁

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျည်တောင်ကန် ကျေးရွာအုပ်စုနှင့် ပျဉ်းမနားမြို့နယ်အား ဆက်သွယ်ထားသည့် ပျဉ်းမနား ခါးပြတ်ကားလမ်းဘေးတွင်ရှိသော အောင်ပန်၊ ဇီးကုန်း၊ သာယာကုန်းကျေးရွာများအတွင်း အစေ့ထုတ်ပြောင်းခင်းများသည် ယခုအခါ ရေများဝပ်၍ ပျက်စီးနေကြောင်း သိရသည်။

အဆိုပါ ကျေးရွာများအားဖြတ်၍ ဖောက်လုပ်ထားသော ပျဉ်းမနားခါးပြတ်ကားလမ်းဘေးရှိ ရေနုတ်မြောင်းများမှာ နုန်းများ၊ ချုံနွယ်များ ပိတ်ဆို့နေသောကြောင့် မိုးများရွာသည့်အခါ ရေမှာမြောင်းအတိုင်း မစီးဆင်းတော့ဘဲ ပြောင်းခင်းများအတွင်း ကျန်ရှိနေသဖြင့် ပြောင်းခင်းများ ပျက်စီးကြောင်း သိရသည်။ သာယာကုန်ကျေးရွာမှ ပြောင်းစိုက်တောင်သူတစ်ဦးဖြစ်သူ ဦးဇေယျာထွန်းက "ကျွန်တော်တို့ ကျေးရွာအပါအဝင် အနီးဝန်းကျင်ကျေးရွာတွေက အစေ့ထုတ်ပြောင်းကို မိုးရာသီမှာ အဓိကထားစိုက်ပျိုးကြတာပါ။ အခုဆို ရေဝပ်လို့ စိုက်ခင်းတွေ အကုန်လုံးနီးပါး ပျက်စီးပြီး အခုရက်ပိုင်း မိုးကအဆက်မပြတ်ရွာတော့ ပြောင်းခင်းတွေထဲမှာ ရေတွေတင်ကုန်တယ်။ အမှန်ဆို စိုက်ခင်းတွေထဲရောက်တဲ့ရေတွေက ကားလမ်းဘေးရေနုတ်မြောင်းကနေ အားလုံးပြန်ဆင်းသွားရမှာပါ။ အခုကျတော့ ကားလမ်းဘေးရေနုတ်မြောင်းတွေက နုန်းတွေ၊ ချုံနွယ်တွေနဲ့ ပိတ်ဆို့ကုန်တော့ ရေကမဆင်းနိုင်ဘဲ စိုက်ခင်းတွေအကုန် ရေဝပ်လို့ ပျက်စီးတာပါ။ ပြောင်းဖူးတွေက နောက်လကုန်လောက်ဆို ရောင်းလိုရပါပြီ၊ ကျွန်တော်အပါအဝင် အခြားတောင်သူများပါ သက်ဆိုင်ရာတာဝန်ရှိသူများ အနေနဲ့ ကားလမ်းဘေးရှိ ရေနုတ်မြောင်းကို ပြန်လည်တူးဖော်ပေးစေချင်ပါတယ်"ဟု ပြောသည်။

အစေ့ထုတ်ပြောင်းများ စိုက်ပျိုးရာတွင် မိုးဦးကာလ ၉ပြီလလောက်တွင် စတင်စိုက်ပျိုး၍ မိုးနောင်းကာလ စက်တင်ဘာလခန့်အထိ စိုက်ပျိုးရကြောင်း တစ်ဧကကို စိုက်ပျိုးစရိုက် တစ်သိန်းခွဲနီးပါးကုန်ကျကာ တစ်ဧကလျှင် အစေ့ထုတ်ပြောင်း တင်း ၁၀၀ နီးပါး ရရှိပြီး ယခင်နှစ်က တစ်တင်းလျှင် ငွေကျပ် ၁၀၀၀၀ ဝန်းကျင်ခန့်ဖြင့် ရောင်းချရကြောင်း သိရသည်။

မင်းမဟော်(ပြန်/ဆက်)

မာလဲနတ်တောင်ဆည်ရေပိုလွှဲမှ ရေများကျော်နေသဖြင့် ချောင်းဘေးနေထိုင်သူများ ဂရုပြုနေထိုင်ရန် သတိပေး

စဉ်ကူး သြဂုတ် ၂၁

မန္တလေးတိုင်းဒေသကြီး စဉ်ကူးမြို့နယ်တွင် သြဂုတ် ၁၉ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီး နေရာကွက်ကျားမိုးကြီးခဲ့ရာ မာလဲနတ်တောင် ရေလှောင်တမံဆည်မှာလည်း သတ်မှတ်ကန်ရေပြည့် ရေလှောင်ပမာဏ ၅၇၄၇၈ စတုရန်းပေထက် ကျော်လွန်ခဲ့ကာ အရေးပေါ်ရေ ပိုလွှဲမှ ရေများကျော်လွန်စီးဆင်းမှုများဖြစ်ပေါ်ခဲ့ရာ ရေပိုလွှဲမှတစ်ဆင့် မူလချောင်းဟောင်းအတိုင်း ပုံမှန်စီးဆင်းစေခဲ့သည်။

ထို့အပြင် မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာထွန်းလွင်က သြဂုတ် ၂၁ ရက် ညနေပိုင်းထိ မိုးများဆက်လက်ရွာသွန်းနိုင်သည်ဟု ခန့်မှန်းပြောဆိုချက်အရ အဆိုပါ မာလဲနတ်တောင်ဆည်ရေပိုလွှဲမှ ထုတ်လွှတ်သော မိုးရေများသည် ပိုမိုများလာနိုင်သည့်အတွက် ချောင်းဘေးနေထိုင်ကြသူများနှင့် ကျူးကျော်နေထိုင်ကြသူများအနေဖြင့် အထူးဂရုပြုစောင့်ကြည့်နေထိုင်ကြရန် သက်ဆိုင်ရာတာဝန်ရှိသူတို့က အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါ မာလဲနတ်တောင်ဆည်ကြီးကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၂၀၀၄ ခုနှစ်မှစတင်၍ သုံးနှစ်ကြာ တည်ဆောက်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါရေလှောင်တမံဆည်ကြီး တည်ဆောက်ခဲ့မှုကြောင့် ထိုဒေသရှိကျေးရွာများ ရေကြီးရေလျှံမှုမှ ကာကွယ်ပေးနိုင်ခြင်း၊ နှစ်စဉ် လယ်ဧကတစ်သောင်းကျော်ကို ရေပေးဝေစိုက်ပျိုးနိုင်ခြင်းအပြင် ဆည်ရေသောက်ဧရိယာအတွင်း ကျေးရွာ ၁၀ ရွာရှိ လယ်သမားများအနေဖြင့် ယခုအခါ မိုးစပါးရော၊ နွေစပါးပါ ဆည်ရေလုံလောက်စွာဖြင့် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝင်းမောင်(စဉ်ကူး)**

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကန်ပေါင်ကျိုးပေါက်ပျက်စီး

မြိုင် သြဂုတ် ၂၁

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်တွင် သြဂုတ် ၂၀ ရက်က မိုးရေချိန် ၂ ဒသမ ၅၂ လက်မထိ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြိုင်မြို့နယ် ဖောင်းကွဲကျေးရွာအုပ်စု တယ်ပင်ကျေးရွာ အရှေ့မြောက်ဘက် လေးဖာလုံခန့်အကွာရှိ ဦးရှိန်း၏ ရေကန်သည် ရေများမထိန်းနိုင်သဖြင့် ကန်ပေါင်ကျိုးပေါက်ပျက်စီးသွားရာ ကန်ပေါင်မျက်နှာပြင် ၁ ၂ ပေ၊ အောက်ခြေ ပေ ၇၀၊ အရှည် ပေ ၁၈၀၀၊ အမြင့် ၁၅ ပေရှိ ကန်ပေါင်တွင် ခန့်မှန်းတွက်ချက်မှု တာပေါင်း ၈၀ ခန့် ပျက်စီးဆုံးရှုံး၍ လူ၊ တိရစ္ဆာန် နှင့် သီးနှံခင်းများ ပျက်စီးမှုမရှိကြောင်း သိရသည်။

အဆိုပါပျက်စီးမှုကို မြိုန့်နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ မြိုန့်နယ်ရဲတပ်ဖွဲ့မှူး ထန်လှုန်မန်း၊ ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် တာဝန်ရှိသူများ ကန်ပေါင်ကျိုးပေါက်မှုအား ကြည့်ရှုစစ်ဆေးကြပြီး ၎င်းကန်ပေါင်ကို ပြန်လည်ပြုပြင်ရန် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။ **(၁၃၅)**

မိုင်းဖြတ်ဌ မိုးသက်လေပြင်းတိုက်ခတ်၍ အဆောက်အအုံအချို့ပျက်စီး

မိုင်းဖြတ် သြဂုတ် ၂၁

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်အတွင်း သြဂုတ် ၁၉ ရက် ညနေ ၆နာရီခွဲက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကျိုင်းတုံ-တာချီလိတ် လမ်းမကြီးပေါ်တွင် လျှပ်စစ်မီးတိုင်နှင့် သစ်ပင်များလဲပြိုကျိုးကျပြီး မီးကြိုးများ ပြတ်တောက်ခဲ့ကာ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် လူနေအိမ် ၃၄အိမ်၊ စာသင်ကျောင်းနှစ်ကျောင်း၊ ဘုရားရှိခိုးကျောင်း နှစ်ကျောင်းနှင့် စပါးကျီသုံးလုံး ထိခိုက်ပျက်စီးဆုံးရှုံးမှုရှိကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကျိုင်းတုံ-တာချီလိတ် လမ်းမကြီးပေါ်တွင် ကျိုးကျပျက်စီး၍ ပိတ်နေသော သစ်ပင်များ၊ လျှပ်စစ်မီးတိုင်နှစ်တိုင်နှင့် မီးကြိုးများအားခရီးသွား ပြည်သူများ အချိန်ကြန့်ကြာမှုမရှိ သွားလာရေးအဆင်ပြေမှုအတွက် တာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မြိုန့်နယ်အတွင်းရှိ ကျေးရွာများမှ ဘုန်းကြီးကျောင်း၊ ဘုရားရှိခိုးကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း နှင့် လူနေအိမ်အများအပြား ပျက်စီးခဲ့သဖြင့် လေဘေးသင့် အိမ်ထောင်စုများအတွက် တာဝန်ရှိသူများက လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မြိုန့်နယ် ပြန်/ဆက်)**

တူရကီနိုင်ငံရှိ မဂ်လာဆောင်တစ်ခုဌ ပေါက်ကွဲမှုဖြစ်ပွားရာ လူ ၃၀ ထက်မနည်း သေဆုံး၊ ၉၀ ဒဏ်ရာရ

အန်ကာရာ ဩဂုတ် ၂၁

တူရကီနိုင်ငံတောင်ပိုင်း ဂါဇီအန်တပ်မြို့၌ မဂ်လာဆောင်ကျင်းပနေစဉ် ပုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၃၀ ထက်မနည်း သေဆုံးခဲ့ပြီး လူ ၉၀ ဒဏ်ရာရရှိခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။ မဂ်လာဆောင်ကို ပစ်မှတ်ထား၍ တိုက်ခိုက်သူများမှာ အိုင်အက်စ်အဖွဲ့မှ ဖြစ်နိုင်ကြောင်း သမ္မတရီဆက် တိုင်ရစ် အာဒိုဂန်က ပြောသည်။

ယင်းတိုက်ခိုက်မှုမှာ တက္ကသိုလ်ကျောင်းသားများ ကျင်လည်ရာအရပ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဂါဇီအန်တပ်မြို့မှာ ဆီးရီးယားနယ်စပ်အနီး၌ တည်ရှိပြီး အိုင်အက်စ်အဖွဲ့ငယ်များစွာရှိသည်ဟု ကျော်ကြားသည့်မြို့ ဖြစ်သည်။ အသေခံပုံးခွဲသမားမှာ မေလအတွင်းက ဂါဇီယန်တပ်မြို့၌ ရဲနှစ်ဦးကို သတ်ဖြတ်ခဲ့သည့် အိုင်အက်စ်အဖွဲ့နှင့် ဆက်စပ်မှုရှိသည်ဟု ယူဆရသည်။

တူရကီနိုင်ငံသည် အိုင်အက်စ်အဖွဲ့နှင့် ကာ့ဒ်သူပုန်များ၏ တိုက်ခိုက်မှုကို မကြာခဏခံနေရသည်။ နောက်ဆုံးဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုမှာ အစ္စတန်ဘူလ် လေဆိပ်တိုက်ခိုက်ခံရမှုဖြစ်ပြီး လူ ၄၀ ကျော် သေဆုံးခဲ့သည်။ အကယ်၍ ယခု အသေခံပုံးခွဲမှုမှာ အိုင်အက်စ်အဖွဲ့၏ လက်ချက်သာဖြစ်ပါက လက်စားချေတိုက်ခိုက်မှုဟု ယူဆရသည်။ အဆိုပါ ပေါက်ကွဲမှုသည် ကာ့ဒ်လူမျိုးများ အများဆုံးနေထိုင်ရာ မြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မဂ်လာဆောင်ဌာနလည်း ကာ့ဒ်လူမျိုးများ ရှိနေခဲ့သည်ဟု အေအက်ဖ်ပီ သတင်းဌာနက ဖော်ပြသည်။

(ဘီဘီစီ)

အိုစမာဘင်လာဒင်အားနှိမ်နင်းခဲ့သည့် စာအုပ်ရေးသားသူ အမေရိကန်အစိုးရသို့ လျော်ကြေးပေးအပ်ရမည်



ဝါရှင်တန် ဩဂုတ် ၂၁

အိုစမာဘင်လာဒင်အား သုတ်သင်နိုင်ခဲ့သော စစ်ဆင်တိုက်ခိုက်မှုစာအုပ်ဖြင့် အရောင်းရဆုံး စာရင်းဝင်သွားသည့် စာအုပ်ကိုရေးသားခဲ့သူ အမေရိကန်ရေတပ်မှ အငြိမ်းစား ဝန်ထမ်းဟောင်းတစ်ဦးသည် လျှို့ဝှက်အကြောင်းအရာများကို ထုတ်ဖော်ခြင်း မပြုရန်တားမြစ်ထားသည့် သဘောတူညီမှုချက်များကို ချိုးဖောက်သဖြင့် အမေရိကန်ဒေါ်လာ ခုနစ်သန်းနီးပါးကို အစိုးရသို့ပေးလျော်ရမည်ဖြစ်ကြောင်း သိရသည်။

စာရေးသူ မတ်ဘစ်ဆန်နက်တီသည် ၂၀၁၂ခုနှစ်က No Easy Day စာအုပ်ကို ထုတ်ဝေခြင်းမပြုမီ ပင်တဂွန်စစ်ဌာနချုပ်မှ ခွင့်ပြုလက်မှတ်ထိုးခြင်းကို မရရှိခဲ့ဟု အာဏာပိုင်များက ပြောကြားခဲ့သည်။ ၄င်းသည် ရရှိမည့်အကျိုးအမြတ်များ၊ သစ္စာစောင့်သိမှုများ ရုပ်ရှင်ထုတ်လုပ်ခွင့်နှင့် အခွန်ငွေကိစ္စရပ်များတွင် ပြစ်ဒဏ်ကြေးပေးအပ်ရန် သဘောတူညီခဲ့ရသည်။

(ဘီဘီစီ)

ရီယိုမသန်စွမ်းအားကစားပြိုင်ပွဲအတွက် ဘတ်ဂျက်ငွေလျှော့ချ

ရီယိုဒီဂျနေရိုး ဩဂုတ် ၂၁

မကြာမီကျင်းပတော့မည့် အိုလံပစ်မသန်စွမ်းအားကစားပြိုင်ပွဲအတွက် လိုအပ်သည့် ဘတ်ဂျက်ငွေကို အားကစားပြိုင်ပွဲများမှ မရသည့်အတွက် ဘတ်ဂျက်ဖြတ်တောက်လိမ့်မည်ဟု ပွဲဖြစ်မြောက်ရေးစီစဉ်သူများက ပြောသည်။ အပြည်ပြည်ဆိုင်ရာ မသန်စွမ်း အားကစားပြိုင်ပွဲ ကော်မတီဥက္ကဋ္ဌ ဖီလစ်ကာဗန်က ပွဲဖြစ်မြောက်ရေး ထောက်ပံ့သူများထံမှရရှိသည့် ရန်ပုံငွေမှာ မူလသတ်မှတ်ထားသည့် စံချိန်ကို မပြည့်မီသည့်အတွက်ကြောင့်ဟု သောကြာနေ့က သတင်းထောက်များကိုပြောခဲ့သည်။ နောက်လဌကျင်းပမည့် အားကစားပြိုင်ပွဲအတွက် လက်မှတ် ၁၂ ရာခိုင်နှုန်းသာ ရောင်းချထားရသည်။

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲ ကော်မတီသည် ပြိုင်ပွဲကျင်းပရန် ဒေါ်လာ ၄၇ သန်း ရရှိမည်ဟု သိထားသော်လည်း အစိုးရထံမှ လုံလောက်သည့် ထောက်ပံ့မှုများမရခဲ့ဟု ကာဗန်ကပြောသည်။ အားကစားပြိုင်ပွဲ၌ကူညီလုပ်ဆောင်ပေးမည့် စေတနာ့ဝန်ထမ်းအရေအတွက်နှင့် သယ်ယူပို့ဆောင်ရေးဆောင်ရွက်ပေးမည့် လူအရေအတွက်ကိုလည်းလျှော့ချရမည်ဟု ကော်မတီက ပြောသည်။ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၂၂ မျိုး ပါဝင်ယှဉ်ပြိုင်ရန် စီစဉ်ထားသည်။

(အင်နန်အိတ်ခ်ျကေ)

မူးယစ်ဆေးတိုက်ဖျက်ရေးကို ကန့်ကွက်မှုများပြုလုပ်ပါက ကုလသမဂ္ဂမှနုတ်ထွက်မည်ဟု ဖိလစ်ပိုင်သမ္မတ ခြိမ်းခြောက်

မနီလာ ဩဂုတ် ၂၁

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတက်တေး၏မူးယစ်ဆေးဝါးနှိမ်နင်းရေးအတွက် သေဒဏ်ချမှတ်မှုများပြုလုပ်သည်ကိုအဆုံးသတ်ရန် ကုလသမဂ္ဂမှ တောင်းဆိုခဲ့ပြီးနောက် ဒူတက်တေးက ကုလသမဂ္ဂကို ဝေဖန်ခဲ့သည်။ ဒူတက်တေးကကုလသမဂ္ဂအဖွဲ့ကြီးမှ နုတ်ထွက်ကောင်းထွက်မည်ဟု လည်းကောင်း၊ အခြားသောနိုင်ငံများကို ဖိတ်ခေါ်၍ အဖွဲ့အစည်းသစ်တစ်ရပ်ထူထောင်မည်ဖြစ်ကြောင်းဖြင့်လည်းကောင်း ခြိမ်းခြောက်ပြောဆိုခဲ့သည်။

သမ္မတ ဒူတက်တေး ရွေးကောက်ပွဲအနိုင်ရရှိခဲ့ပြီး မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်ဆောင်ရာတွင် သေဒဏ်ချမှတ်မှုများ ဆောင်ရွက်ခဲ့ရာ ယင်းကိစ္စကိုရပ်တန့်ရန် လွန်ခဲ့သောသီတင်းပတ်က ကုလသမဂ္ဂ လူ့အခွင့်အရေးကျွမ်းကျင်သူနှစ်ဦးက သတိပေးခဲ့သည်။ မေ ၉ ရက်နေ့ ရွေးကောက်ပွဲအနိုင်ရပြီးနောက် အာဏာရရှိခဲ့သည့်အချိန်မှစကာ မူးယစ်မှောင်ခိုဟု သံသယရှိသူ ၉၀၀ ကို သတ်ဖြတ်ခဲ့သည်။

သမ္မတ ဒူတက်တေးက ကုလသမဂ္ဂမှ ကျွမ်းကျင်သူများကိုလည်း ယင်းကိစ္စကိုစုံစမ်းရန် ဖိတ်ခေါ်ထားကြောင်း ဒေသတွင်း မီဒီယာက ယင်းကိစ္စနှင့် ပတ်သက်၍ အသံလှှင့်ခဲ့သည်။ သမ္မတ ဒူတက်တေးက ကုလသမဂ္ဂမှလူ့အခွင့်အရေး ကျွမ်းကျင်သူများကို မူးယစ်ဆေးဝါးကြောင့် သေဒဏ်ချမှတ်ခံရသူအရေအတွက်ကိုမကြည့်ဘဲ မူးယစ်ဆေးကြောင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ၏ဘဝကိုကြည့်ရန် ပြောခဲ့သည်။

(ရိုက်တာ)

အလက်ဘားမား၌ ကိုယ်ဝန်ဆောင် အမျိုးသမီးအပါအဝင် လူငါးဦးအသတ်ခံရ

မစ္စစ္စပီ ဩဂုတ် ၂၁

အလက်ဘားမားပြည်နယ် စီထရွန်နယ်လီ ကျေးလက်ဒေသတွင် ငါးလောင်းပြိုင်လူသတ်မှု ဖြစ်ပွားခဲ့ပြီး သံသယရှိသူအား မစ္စစ္စပီနယ်စပ်တွင် ဖမ်းဆီးထားကြောင်း ရဲအဖွဲ့က စနေနေ့က ပြောကြားခဲ့သည်။

သံသယရှိသူအား မစ္စစ္စပီမြစ်ဂုမ်းဂရီနီစီရင်စုရှိ တရားရုံးသို့ စုံစမ်းစစ်ဆေးရန် ခေါ်ဆောင်သွားကြောင်း Mobile ခရိုင်ဥပဒေအရာရှိချုပ်ရုံးအဖွဲ့က တွစ်တာပေါ်၌ ဖော်ပြထားသည်။

သို့သော် မည်သူဖြစ်ကြောင်း အသေးစိတ် ရှင်းလင်းဖော်ပြထားခြင်းမရှိသေးပေ။

ဂရီနီစီရင်စုသည် လူသေ အလောင်း ငါးလောင်းကို တွေ့ရှိခဲ့သည့်နေရာမှ ၁၀ မိုင်(၁၆ ကီလိုမီတာ)ခန့် ကွာဝေးသည်။

သံသယရှိသူသည် လူသတ်မှုနှင့် ပတ်သက်၍ ဖြောင့်ချက်ပေးရန် ဂရီနီစီရင်စုရှိ ခရိုင်တရားရုံးသို့ ခြေကျင်ဝင်ရောက်လာခဲ့သည်ဟု အလက်ဘားမား မီဒီယာအဖွဲ့က ၎င်း၏ဝက်ဘ်ဆိုက်ပေါ်၌ ဖော်ပြခဲ့သည်။

အဆိုပါ အသတ်ခံရသူ ငါးဦးအနက် တစ်ဦးမှာ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးဖြစ်ပြီး အလောင်းများကို နေအိမ်တစ်အိမ်၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ရေးသားထားသည်။

စီထရွန်နယ်လီကျေးရွာသည် လူဦးရေ ၃၉၀၀ ရှိသည့် ကျေးလက်နယ်မြေဖြစ်ပြီး Mobile အနောက်မြောက်ပိုင်း မိုင် ၃၀ အကွာတွင်ရှိသည်။

(ရိုက်တာ)

ရှေ့ပြောင်းသူအရေအတွက်မြင့်တက်လာမှုကြောင့် နိုင်ငံလုံခြုံရေးကို အမေရိကန်စိုးထိတ်

ကလျာမိုးမြင့်

အမေရိကန်ဟာ အာရှ၊ အာဖရိကနဲ့ အရှေ့အလယ်ပိုင်းဒေသတွေက ရှေ့ပြောင်းဒုက္ခသည်တွေ တစ်ရှိန်ထိုးဝင်ရောက်လာနေတဲ့ ပြဿနာကို ကိုင်တွယ်ဖြေရှင်းဖို့အတွက် လက်တင်အမေရိကနိုင်ငံအချို့ရဲ့အနီးကပ်ပူးပေါင်းဆောင်ရွက်မှုရရှိဖို့ ကြိုးစားနေပါတယ်။ ခုဆိုရင် ရှေ့ပြောင်းသွားလာသူတွေဟာ တောင်ပိုင်းကနေ ကုန်းကြောင်း၊ ရေကြောင်းနဲ့ လေယာဉ်ခရီးပါမကျန် ခရီးလမ်းကြောင်းအသွယ်သွယ်နဲ့ အမေရိကန်ကိုပါရောက်ရှိလာဖို့ တာစူနေပြီလို့ အမေရိကန်ကယုံကြည်နေပါတယ်။

မကွဆီကို တောင်ပိုင်းနယ်စပ်မှာ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာအဖွဲ့က ဖြန့်ကြက်ထားတဲ့ အမေရိကန် အေးဂျင့်အဖွဲ့ဟာ ၂၀၁၅ ခုနှစ် အောက်တိုဘာလကတည်းက ထိန်းသိမ်းထားခဲ့တဲ့ နိုင်ငံပြင်ပက ရှေ့ပြောင်းဒုက္ခသည် ၆၄၀ ကျော်ကို စစ်ဆေးခဲ့ပြီးဖြစ်ပါတယ်လို့ ပြည်တွင်းလုံခြုံမှုဆိုင်ရာ စာရင်းဇယားများဌာန (DHS)မှ သိရပါတယ်။

ရှေ့ပြောင်းသူတွေဟာ အမေရိကအလယ်ပိုင်းမှတစ်ဆင့် မကွဆီကို တောင်ပိုင်း နယ်စပ်ယိုစိမ့်ပေါက်တွေဆီ မသွားခင်မှာ ဘရာဇီးနိုင်ငံကို အရင်သွားရောက်ပြီး ပတ်စ်ပို့ အတုတွေလုပ်ကာ ပနားမားဆီကို ခိုးဝင်ကြကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။ မကွဆီကို လူဝင်မှုကြီးကြပ်ရေးဌာနက ဖော်ပြတဲ့ ကိန်းဂဏန်း အချက်အလက်တွေအရ ယခုနှစ်ရဲ့ ပထမခြောက်လအတွင်းမှာ မကွဆီကို သို့ ဝင်ရောက်ဖို့ကြိုးစားတဲ့ အာရှ၊ အာဖရိကနဲ့ အရှေ့အလယ်ပိုင်းဒေသက ရှေ့ပြောင်းနေထိုင်သူပေါင်း ၆၃၄၂ ဦးကို ဖမ်းမိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ ရှေ့ပြောင်းသူ ၁၈၃၁ ဦး၊ ၂၀၁၅ မှာ ၄၂၆၁ ဦးရှိခဲ့ရာက မြင့်တက်လာတဲ့ အရေအတွက်ပါ။

အမေရိကန်နယ်စပ်က ရရှိတဲ့ ဖော်ပြချက်ကလည်း ထိုနည်းလည်းကောင်းပါပဲ။ ၂၀၁၅ ခုနှစ်အောက်တိုဘာနဲ့ ၂၀၁၆ ခုနှစ်မေလတွေ အတွင်းမှာ အမေရိကန် အေးဂျင့်အဖွဲ့ဟာ အမေရိကန်အနောက်တောင်ပိုင်းနယ်စပ်မှာ အာရှနဲ့အာဖရိကနိုင်ငံသား ၅၃၅၀ ကို ဖမ်းဆီးရမိခဲ့ပါတယ်။ အနောက်နိုင်ငံတွေမှာ အိုင်အက်စ်အစွန်း ရောက်စစ်သွေးကြွအဖွဲ့တွေရဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေ တသီတတန်း ဖြစ်ပွားနေပြီး ပြည်တွင်းစစ်ကြောင့် ထွက်ပြေးနေရတဲ့ ဆီးရီးယားဒုက္ခသည်တွေ အလုံးအရင်း ဝင်ရောက်လာတဲ့နောက်မှာတော့ အမေရိကန်အနေနဲ့ နှစ်ပိုင်းအတွင်းမှာပဲ ပေါ်ပေါက်လာတဲ့ တောင်ပိုင်းဒေသက ရှည်လျားကောက်ကွေ့တဲ့ လမ်းကြောင်းတွေကို အသုံးပြုပြီး ဝင်ရောက်လာမယ့်ဒုက္ခသည်တွေကြောင့် ထိခိုက်လာနိုင်တဲ့ လုံခြုံရေးအခြေအနေကို စိုးရိမ်နေရပါတော့တယ်။

ပြီးခဲ့တဲ့နိုဝင်ဘာလက ဟွန်ဒူးရပ်စ်မှာ ထိန်းသိမ်းထားတဲ့ ဆီးရီးယားနိုင်ငံသား ငါးဦးဟာ ဘရာဇီးမှာ ပတ်စ်ပို့အတုရယူပြီး အာဂျင်တီးနားကို ကုန်းကြောင်းဖြတ်ကျော်ကာ မြောက်ပိုင်းကိုခရီးဆက်ဖို့ ကြိုးပမ်းခဲ့တဲ့ ဆီးရီးယားနိုင်ငံသား ခုနှစ်ဦးအဖွဲ့က ဖြစ်တယ်လို့ ဒီကိစ္စရပ်ကို ကိုင်တွယ်နေတဲ့ အမေရိကန်အစိုးရအဖွဲ့ဝင် အရာရှိတစ်ဦးက ပြောပါတယ်။ စစ်သွေးကြွအဖွဲ့လို့ပြောဆိုနိုင်တဲ့ သက်သေအထောက်အထားမျိုးတော့မရှိပါဘူး။

သေချာတာတစ်ခုကတော့ မကွဆီကိုမှာရင်ဆိုင်နေရတဲ့ မျှားပြားလှစွာသော ရှေ့ပြောင်းလူအုပ်ကြီးဟာ နောက်ဆုံးမှာတော့ ကျွန်တော်တို့အမေရိကန်နယ်စပ်မှာပဲ အဆုံးသတ်လိမ့်မယ်ဆိုတာပဲလို့ အမေရိကန်ဘဏ္ဍာရေးနဲ့နယ်စပ်ကာကွယ်ရေးအဖွဲ့ (CBP)အာဏာပိုင်တစ်ဦးက ပြောပါတယ်။

ဂွါတီမာလာနဲ့ မကွဆီကိုနယ်စပ်အနီးမှာရှိတဲ့ တက်ပချူလာရှိထိန်းသိမ်းရေးစခန်းမှာ အမေရိကန်ဘဏ္ဍာရေးနှင့်နယ်စပ်ကင်းလှည့်အေးဂျင့်အဖွဲ့ဟာ မကွဆီကိုကလုပ်ဖော်ကိုင်ဖက်တွေကို အင်တာဗျူးနည်းတွေနဲ့ ထိန်းသိမ်းထားသူတွေကို စုံစမ်းစစ်ဆေးဖို့ ယူအက်စ်ရာဇဝတ်မှုဆိုင်ရာ ဒေတာဘေ့စ် အသုံးပြုနည်းတွေကို လေ့ကျင့်ပေးနေတယ်ဆိုတဲ့အကြောင်းရိုက်တာသတင်းတစ်ရပ်မှာ ဖော်ပြခဲ့ပါတယ်။

ယူအက်စ်အေးဂျင့်သုံးဦးဟာ အောက်တိုဘာလကတည်းက အဲဒီထိန်းသိမ်းရေးစခန်းမှာ အခြေစိုက်နေထိုင်လျက်ရှိပြီး မကွဆီကိုအာဏာပိုင်တွေကလည်း မကွဆီကို တောင်ပိုင်းနယ်စပ်မှာ ယူအက်စ်အေးဂျင့်တွေရှိနေတာကို အသိအမှတ်ပြု လက်ခံပေးခဲ့ပါတယ်။ ဒါပေမယ့် ဘယ်လိုပူးပေါင်းလုပ်ဆောင်မှုတွေရှိတယ်ဆိုတာကို အာဏာပိုင်တွေက အသေးစိတ်မဖော်ပြခဲ့ဘူး။

ယူအက်စ်နယ်စပ်ကင်းလှည့်အဖွဲ့ဟာ ပနားမားမှာလည်း အလားတူ ပူးပေါင်းလေ့ကျင့်မှုမျိုးကို ယခုနှစ်အစောပိုင်းကတည်းက လုပ်ဆောင်နေပါတယ်။ ဒီလို လေ့ကျင့်သင်ကြားပေးဖို့အတွက်လည်း ပနားမားက အမေရိကန်ကို ကမ်းလှမ်းလိုက်တာဖြစ်တယ်လို့ ပြည်တွင်းလုံခြုံရေးအာဏာပိုင်အဖွဲ့က ရှိုက်တာသို့ ဖြေကြားခဲ့ပါတယ်။ ပနားမားအမျိုးသားရှေ့ပြောင်းနေထိုင်မှုရေးရာဝန်ဆောင်မှုအဖွဲ့ကတော့ ကာကွယ်ရေးနည်းစနစ်များနဲ့ လူပုဂ္ဂိုလ်စီမံခန့်ခွဲရေးကဲ့သို့ ဘာသာရပ်တွေကို သင်ကြား လေ့ကျင့်ပေးဖို့ အမေရိကန်သံရုံးရဲ့ ကမ်းလှမ်းမှုကို ပနားမားက လက်ခံလိုက်တာဖြစ်ကြောင်း ပြောဆိုနေပါတယ်။

အမေရိကန်က အစီအစဉ်ရေးဆွဲသူတွေဟာ ကိုလံဘီယာ-ပနားမားနယ်စပ်မှာ ရှေ့ပြောင်းသွားလာသူတွေရဲ့အလုံးစုံသော ပုံရိပ်ကို ဖမ်းမိနိုင်မယ့်မှတ်ဉာဏ်ပါဝင်တဲ့ ပိုမိုကြီးမားသော ခြေရာခံစနစ်တစ်ခုကိုတည်ဆောက်ဖို့ အကောင်အထည်ဖော်နေတယ်လို့ မေလအတွင်းက သတင်းဖြန့်ဝေမှုရှိခဲ့ပါတယ်။

ပနားမားဟာ အမေရိက အလယ်ပိုင်းမှာဆိုရင် တရားမဝင်ရှေ့ပြောင်းသွားလာမှုတွေကို ချုပ်ထိန်းနိုင်ဖို့ ဦးဆောင်ကြိုးပမ်းနေတဲ့ ဒေသဖြစ်ကြောင်း ပြည်ထဲရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အလန်ဘာဆင်ကဆိုပါတယ်။ ဒါပေမယ့် ရှေ့ပြောင်းသူတွေကို ထိန်းသိမ်းထားဖို့ နေရာလွတ်မရှိတာရယ်၊ သံတမန်ရေးရာ ရင်းနှီးဆက်ဆံမှုမရှိတဲ့ နိုင်ငံတွေဆီကို ဒုက္ခသည်တွေကို နှင်ထုတ်ဖို့ခက်ခဲတာရယ်ကြောင့် ကြိုးပမ်းသမျှဟာ အရာမထင် ဖြစ်ခဲ့ရပြီး ရလဒ်အနေနဲ့ ထိန်းသိမ်းထားပြီး ရှေ့ပြောင်းသွားလာသူတွေကို တစ်လအကြာမှာပဲ အများစုဟာ ထွက်ပြေးလွတ်မြောက်ကုန်ကြပါတယ်။

အမေရိကနိုင်ငံတွေရဲ့ အပြင်ဘက်မှာ ရှေ့ပြောင်းသွားလာသူအရေအတွက် မြင့်တက်နေခြင်းက လုံခြုံရေးကိုခြိမ်းခြောက်ထိပါး လာနိုင်တယ်ဆိုတာကို ဘာဆင်ကအသိအမှတ်ပြုလက်ခံထားပါတယ်။ စီးပွားရေးကျပ်တည်းလို့ ပြောင်းလာတာပဲဖြစ်ဖြစ်၊ ပြည်တွင်းမှာနိုပ်စက်ညှဉ်းပန်းခံရလို့ ထွက်ပြေးလာတာပဲဖြစ်ဖြစ် ရှေ့ပြောင်းအုပ်စုထဲမှာ ပြည်ပက အကြမ်းဖက်အဖွဲ့အစည်းနဲ့ ဆက်စပ်နေသူတွေ၊ ထောက်လှမ်းရေးသူလျှို့တွေ၊ အုပ်စုဖွဲ့ရာဇဝတ်ကောင်တွေ ဘယ်နည်းနဲ့ မဆိုပါလာနိုင်တာပဲလို့ နိုင်ငံခြားရေးရာပြည်တွင်း ကော်မတီအဖွဲ့ကို ဘာဆင်က ပြောကြားခဲ့ပါတယ်။

တက်ပချူလာဌာနချုပ်မှာ တွေ့ရှိရတဲ့ ဖမ်းဆီးရမိမှုစာရင်း ဇယားတွေအရ ရှေ့ပြောင်းသူတွေဟာ ဘတ်စ်ကားတွေ၊ လေ့တွေနဲ့ ခြေကျင်ခရီးတွေကို ခက်ခဲကြမ်းတမ်းစွာ ဖြတ်ကျော်ရဦးတော့ လေယာဉ်စီးနင်းခွင့်ရဖို့နဲ့ ပတ်စ်ပို့အတုသာရမယ်ဆိုရင် ဒေါ်လာ ထောင်ချီပေးရဖို့ ဝန်မလေးဘူးဆိုတာကို ဖော်ပြနေပါတယ်။

ယခုနှစ် မေ ၁၈ ရက်နဲ့ ၂၃ ရက်အတွင်း ဖမ်းဆီးရမိတဲ့ ရှေ့ပြောင်း ၁၄ ဦးအဖွဲ့မှာ ပါဝင်တဲ့ လူအချို့က ၄၄်းတို့ဟာ လူမှောင်ခိုကူးသူတွေကို အမေရိကန်ဒေါ်လာ တစ်သောင်းစီပေးခဲ့ကြရတယ်။ ရက်မျှားစွာကြာအောင် တောတွင်းခြေကျင်ခရီးနှင်ခဲ့ကြရပြီးနောက် တက်ပချူလာမှာ ရပ်တန့်စစ်ဆေးမခံရမီမှာဘဲ နိုင်ငံတော်တော်များများရဲ့ ခေတ္တဖမ်းဆီးထိန်းသိမ်းခြင်းကို ခံခဲ့ရသေးတယ်လို့ ပြောပြခဲ့ပါတယ်။

စုံစမ်းစစ်ဆေးခံနေရဆဲဖြစ်တဲ့ အမည်မဖော်လိုသူ ပါကစ္စတန်နိုင်ငံသားတစ်ဦးက ဘယ်လ်ဂျီယံနိုင်ငံမှာ ၄၄်းဟာ ပတ်စ်ပို့အတုပြုလုပ်ဖို့ အမေရိကန်ဒေါ်လာ ၉၀၀၀ပေးခဲ့ရကြောင်း အမေရိကန်နဲ့ မကွဆီကိုအာဏာပိုင်တွေကို ပြောကြားခဲ့ပါတယ်။ ၄၄်းဟာ ကိုလံဘီယာကနေ ပနားမားကို ဖြတ်ကျော်ဝင်ရောက်ဖို့ ဘရာဇီးမှာလည်း ဒေါ်လာ ၄၀၀၀ ပေးခဲ့ရသေးတယ်လို့ ဖြေကြားခဲ့ပါတယ်။

ကိုးကား-ရိုက်တာ (၁၇-၈-၂၀၁၆)

စီးပွားရေးကျပ်တည်းလို့ ပြောင်းလာတာပဲ ဖြစ်ဖြစ် ပြည်တွင်းမှာနှိပ်စက်ညှဉ်းပန်းခံရလို့ ထွက်ပြေးလာတာပဲဖြစ်ဖြစ် ရှေ့ပြောင်း အုပ်စုထဲမှာ ပြည်ပက အကြမ်းဖက်အဖွဲ့အစည်းနဲ့ ဆက်စပ်နေသူတွေ၊ ထောက်လှမ်းရေးသူလျှို့တွေ၊ အုပ်စုဖွဲ့ရာဇဝတ်ကောင်တွေ ဘယ်နည်းနဲ့ မဆိုပါလာနိုင် . . .

ဆိုမာလီယာ၌ အသေခံကားပုံးခွဲ ၁၀ ဦးသေဆုံး

ဆိုမာလီယာ သြဂုတ် ၂၁

တနင်္ဂနေနေ့က ဆိုမာလီယာနိုင်ငံ ဂယ်လ်ကာရိုမြို့ရှိဒေသဆိုင်ရာအစိုးရ အဖွဲ့ရုံးချုပ်တွင် အသေခံကားပုံးခွဲသမားနှစ်ဦး တိုက်ခိုက်မှုကြောင့် ၁၀ ဦးထက်မနည်းသေဆုံးခဲ့ရကြောင်း၊ တိုက်ခိုက်မှုကျူးလွန်ခဲ့သူမှာ အယ်လ်ရှာဘတ် စစ်သွေးကြွအဖွဲ့ဝင်များဖြစ်ကြောင်း ရဲအဖွဲ့ကပြောကြားခဲ့သည်။

လုံခြုံရေးအင်အားစုများအပါအဝင်အရပ်သား ၁၀ ဦးသေဆုံးခဲ့ရကြောင်း၊ ရဲအရာရှိအလီဆာမတ်က ပြောကြားသည်။ သေနတ်သံများပေါ်ထွက်လာပြီးနောက် ကျယ်လောင်သော ပုံးပေါက်ကွဲသံကြီးနှစ်ခုကို တစ်ဆက်တည်း ကြားလိုက်ရကြောင်း မျက်မြင်သက်သေများက ပြောကြားခဲ့သည်။ အယ်လ်ရှာဘတ်စစ်သွေးကြွအဖွဲ့သည် ဆိုမာလီယာ၌ တိုက်ခိုက်မှုများစွာကိုလုပ်ဆောင်လျက်ရှိသည်။

(ရိုက်တာ)

၂၀၁၆ အိုလံပစ်ပြိုင်ပွဲ နိုင်ငံအလိုက် ဆုရရှိမှု

၂၁-၈-၂၀၁၆

အမှတ်စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	အမေရိကန်	၄၃	၃၇	၃၇	၁၁၇
၂	တရုတ်	၂၆	၁၈	၂၆	၇၀
၃	ဂရိတ် ဗြိတိန်	၂၇	၂၂	၁၇	၆၆
၄	ရုရှား	၁၇	၁၇	၁၉	၅၃
၅	ဂျာမနီ	၁၇	၁၀	၁၄	၄၁
၆	ဂျပန်	၁၂	၈	၂၁	၄၁
၇	ပြင်သစ်	၉	၁၇	၁၄	၄၀
၈	သြစတြေးလျ	၈	၁၁	၁၀	၂၉
၉	အီတလီ	၈	၁၁	၇	၂၆
၁၀	ကနေဒါ	၄	၃	၁၅	၂၂
၁၁	တောင်ကိုရီးယား	၉	၃	၉	၂၁
၁၂	နယ်သာလန်	၈	၆	၄	၁၈
၁၃	ဘရာဇီး	၆	၆	၆	၁၈
၁၄	နယူးဇီလန်	၄	၉	၅	၁၈
၁၅	ကာဇက်စတန်	၃	၅	၉	၁၇
၁၆	ဟန်ဂေရီ	၈	၃	၄	၁၅
၁၇	အဇာဘိုင်ဂျန်	၁	၄	၁၀	၁၅
၁၈	စပိန်	၇	၃	၄	၁၄
၁၉	ဒိန်းမတ်	၁	၆	၇	၁၄
၂၀	ကင်ညာ	၅	၆	၁	၁၂

သြဂုတ် ၂၁ ရက် ည ၉ နာရီအထိ နိုင်ငံအလိုက် ရွှေရရှိမှုဖြစ်သည်။

အစိုးရသစ်နှင့် မြန်မာ့စီးပွားရေးလားရာများခေါင်းစဉ်ဖြင့် နိုင်ငံရေးစကားဝိုင်း မုံရွာမြို့၌ကျင်းပ

မုံရွာ သြဂုတ် ၂၁

မုံရွာမြို့တွင် ယခင်ကကျင်းပမှုမရှိခဲ့သော နိုင်ငံရေးစကားဝိုင်းကို အစိုးရသစ်နှင့် မြန်မာ့စီးပွားရေးလားရာများခေါင်းစဉ်ဖြင့် သြဂုတ် ၂၁ ရက် မွန်းလွဲ ၁ နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ မန္တလေးမြို့အခြေစိုက် ယုံကြည်ရာအသိပညာပြန့်ပွားရေးအသင်းနှင့် မုံရွာမြို့အခြေစိုက် Peacock GenerationYouth Empowerment Society တို့ ပူးပေါင်းကျင်းပရာ စီးပွားရေး၊ ပညာရေး၊ လူမှုရေးနှင့် ကျန်းမာရေး စသည့် လူထုလုပ်ငန်းစားအလွှာအသီးသီးက စိတ်ဝင်တစားတက်ရောက်အားပေးကာ ပါဝင်ဆွေးနွေးခဲ့ကြသည်ကို တွေ့ရှိသည်။

"မုံရွာမှာ နိုင်ငံရေးနဲ့ပတ်သက်ပြီး ဆွေးနွေးတာတွေ မရှိသလောက်နည်းပါတယ်။ လက်ဖက်ရည်ဆိုင်၊ ဂျာနယ်ဆိုင်တို့လောက်မှာပဲ ကိုယ့်အမြင်သူ့အမြင်ဖလှယ်တာလောက်သာ တွေ့မြင်ကြရတာဖြစ်ပါတယ်။ ဒဲ့အပြင်တက္ကသိုလ် ကျောင်းသားတွေ တက္ကသိုလ်တွေထဲ နိုင်ငံရေးစကားဝိုင်းလုပ်ဖို့ အင်မတန်အခွင့်အရေး နည်းပါတယ်။ပြည်ပတက္ကသိုလ်တွေအနေနဲ့ ပြင်ပကနိုင်ငံရေးသမားပညာရှင်တွေကိုဖိတ်ခေါ်ပြီးဆွေးနွေးပွဲ ကျင်းပပေးနေတာကြာပါပြီ။ ဒီမှာကတော့ အရင်ကလောက်တင်းကျပ်တာတွေ မရှိတော့ဘူး။ ဒါပေမယ့် နိုင်ငံရေးစကားဝိုင်းဆိုပြီးလုပ်တာ ဒါ ပထမဆုံး အကြိမ်လို့တောင် ပြောလို့ရမယ်ထင်ပါတယ်"ဟု Peacock Generation မှ ကိုဝေမိုးနိုင်က ပြောသည်။

အစိုးရသစ်နှင့် မြန်မာ့လူမှုစီးပွားလားရာများ နိုင်ငံရေးစကားဝိုင်းတွင် ဒေါက်တာရန်မျိုးသိမ်း၊ သင့်ဘဝတင်မောင်သန်းနှင့် ဒေါ်ခင်မမမျိုးတို့က ဆွေးနွေးခဲ့ကြပြီး စကားဝိုင်းကို စိတ်ဝင်စားစွာ တက်ရောက်နားထောင်ကြသော ပရိသတ်များက စိတ်ပါဝင်စားစွာ ဆွေးနွေးကာမသိသည်မရှင်းလင်းသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ နိုင်ငံရေးစကားဝိုင်းကို ဖြစ်မြောက်အောင် စီစဉ်သောယုံကြည်ရာအသိပညာပြန့်ပွားရေးအသင်းသည် မန္တလေးမြို့ပေါ်သာမက ပြည်တွင်းပြည်ပတွင်ရှိသော အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ နိုင်ငံရေး၊ လူမှုရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပါဝင်ကူညီဆောင်ရွက်နေပြီး ယုံကြည်ရာအသိပညာပြန့်ပွားရေးအသင်းကို ယုံကြည်ရာစာဖတ်အသင်းမှ စတင်သန္ဓေတည်ပေါက်ဖွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယုံကြည်ရာ စာဖတ်အသင်းသည် တက္ကသိုလ်ကျောင်းသားလူငယ်များက ၂၀၁၁ ခုနှစ် ဇူလိုင်လမှစတင်၍ ဆောင်ရွက်ခဲ့သည့် အပတ်စဉ်စာဖတ်ဝိုင်းလေးမှစတင်ခဲ့ခြင်းဖြစ်ပြီး ဒီမိုကရေစီမြှင့်တင်ရေးစဉ်းစားဆင်ခြင်မှုနှင့် အသိဉာဏ်ပညာကိုအခြေခံသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းပေါ်ထွန်းရေးဆီသို့ ဟူသောဆောင်ပုဒ်ဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

မန္တလေးမြို့မဂ်လာဈေးယာယီဈေးဆိုင်ခန်းများကို မဲစနစ်ဖြင့် စက်တင်ဘာလဆန်းတွင် ချထားပေးမည်

မန္တလေး သြဂုတ် ၂၁

မန္တလေးမြို့ မီးဘေးသင့်မဂ်လာဈေးမှ ဈေးသူဈေးသားများအတွက် ယာယီဈေးကို မဟာအောင်မြေမြိုနယ်၊ ၃၅ လမ်းနှင့် ၇၁ လမ်းထောင့်၊ မဟာနွယ်စဉ်(ဂေါ်ရာ) အားကစားကွင်းတွင် မန္တလေးမြို့တော်စည်ပင်သာယာမှ ယာယီဈေးဆိုင်ခန်းများ တည်ဆောက်ပြီးစီးပြီဖြစ်၍ ဆိုင်ခန်းများကို ပွင့်လင်းမြင်သာစွာ မဲစနစ်ဖြင့် စက်တင်ဘာလဆန်းပိုင်းတွင် ချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဈေးအကျိုးတော်ဆောင်တွေ၊ ဈေးသူဈေးသားတွေနဲ့ ညှိနှိုင်းဆောင်ရွက်ကာ ယာယီဈေးတည်ဆောက်ပြီးစီးသွားပြီဖြစ်လို့ တစ်ပတ်နှစ်ပတ်အတွင်း ပွင့်လင်းမြင်သာစွာမဲနှိုက်ချထားပေးသွားမှာပါ။ မဲနှိုက်ပေးမယ့် ဆိုင်ခန်းတွေက အတည်ဆိုင်ခန်းနဲ့ ပျံ့ကျဆိုင်ခန်းတွေ ဖြစ်တယ်"ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မဲနှိုက်ချထားပေးမည့် ဆိုင်ခန်းများမှာ အတည်ဆိုင်ခန်း ၃၃၆ ခန်း၊ ပျံ့ကျဆိုင်ခန်း ၂၇၀ စုစုပေါင်း ၆၀၆ ခန်း ဖြစ်ပြီး တည်ဆောက်သည့် ကုမ္ပဏီများမှာ အတည်ဆိုင်ခန်းများကို မြန်မာ့ခေတ်ကုမ္ပဏီ၊ ပျံ့ကျဆိုင်ခန်းများကို မဟာမြတ်သိင်္ဂီကုမ္ပဏီတို့နှင့် KT ကုမ္ပဏီတို့ဖြစ်ကြောင်း သိရသည်။

အတည်ဆိုင်ခန်းများမှာ (၆×၈)ပေ အကျယ်နှင့် နှစ်ပေခွဲအုတ်ခုံနှင့် ပျံ့ကျဆိုင်ခန်းများမှာ ခြောက်ပေပတ်လည်ကျယ်ဝန်းပြီး တစ်ပေအမြင့်ပလက်ဖောင်းအုတ်ခင်းဖြစ်၍ သိန်းပေါင်းနှစ်ထောင်ကျော် အကုန်အကျခံတည်ဆောက်ခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်ကိုယ်ပွား)

❒ ကျော်ဖုံးမှ

ယှဉ်ပြိုင်ထိုးသတ်ရာ အရပ်အနိမ့်အမြင့် ကွာခြားမှုရှိသော်လည်း မာဂုဏ်ရှိသော ရဲသွေးနီက ဇွဲနပဲမလျှော့ဘဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့မှုကြောင့် အယ်လ်ဂိုရှော့ အာဇာမက်(ကာဇက်စတန်) အရပ်အမောင်းမြင့်သော်လည်း ဒုတိယအချီ ၁ မိနစ် ၃၃စက္ကန့်တွင် ရဲသွေးနီက ရင်ဘတ်ထဲ ပစ်သွင်းလိုက်သည့် ပါဝါလက်သီးတစ်လုံးကြောင့် အလဲထိုးဖြင့် အရှုံးပေးခဲ့ရသည်။

တတိယပွဲစဉ်ဖြစ်သည့် ၆၀ ကီလိုတန်းပြိုင်ပွဲတွင် မြန်မာဘက်မှ ထွန်းလွင်မိုး(နဂါးမာန်)နှင့် အုက(ဂျပန်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပထမအချီအပြီးတွင် အုက(ဂျပန်) နှာခေါင်းတွင်ထိမိသောဒဏ်ရာမှာ ပြင်းထန်မှုကြောင့် ဒုတိယအချီကို ဆရာဝန်က ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ခွင့်မပြုခဲ့၍ ထွန်းလွင်မိုး အနိုင်ရခဲ့ကာ ပထမဆုံး မြန်မာ့ရိုးရာ လက်ဝှေ့ကမ္ဘာ့ချန်ပီယံ ရွှေခါးပတ်ကို ရရှိခဲ့သည်။ တစ်ဖန် ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲတွင် သားအသည်းတစ်ပွင့်(ဗမာ့သွေး)နှင့် လီယိုနာ့ဒ်(ကင်ညာ)တို့ ယှဉ်ပြိုင်ထိုးသတ်ကြရာ ပထမအချီတွင် တစ်ဦးနှင့်တစ်ဦးပုန်းဒိုင်းမကြဲဘဲ အနုအရှုများဖြင့် လက်ဝှေ့ပညာရည်စမ်းနေကြ၍ ပရိသတ်များက အားမလိုအားမရဖြစ်ကာ အော်ဟစ်ခဲ့သောကြောင့် ဒုတိယအချီတွင် သားအသည်းတစ်ပွင့် ပုန်းဒိုင်းကြတော့သည်။ သားအသည်းတစ်ပွင့် အတင်းဝင်အတင်းထွက် ဘယ်ညာလက်သီးတွဲလုံးကြောင့် လီယိုနာ့ဒ်(ကင်ညာ) ဒုတိယအချီ ၂မိနစ် ၃၅ စက္ကန့်တွင် အနားတောင်းခဲ့ရသော်လည်း တတိယအချီအစတွင်မူ သားအသည်းတစ်ပွင့်၏ ဘယ်တံတောင်ရိုက်ချက်ကို အဝိုက်မိခဲ့သော လီယိုနာ့ဒ်(ကင်ညာ) မည်သို့မျှ ဆက်လက်ယှဉ်ပြိုင်နိုင်စွမ်း မရှိတော့ဘဲအလဲထိုးဖြင့် အရှုံးပေးခဲ့ရသည်။

၆၇ ကီလိုတန်းပွဲစဉ်(၅)တွင် မြန်မာကိုယ်စားပြုအဖြစ် ဖျံသွေး(ရွှေမိုးထိ ငြိမ်းချမ်းရေး)နှင့် မာဆွတ်(အီရန်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပထမအချီတွင် ဖျံသွေး၏ ပါဝါလက်သီးတစ်လုံးရင်ညွန့်ထိခဲ့သောမာဆွတ် ဒုတိယအချီ ပြန်အစတွင် ထပ်မံထိခဲ့သောကြောင့် မာဂုဏ်မရှိသော မာဆွတ် (အီရန်) ဆက်လက်မယှဉ်ပြိုင်တော့ဘဲ အလဲထိုးဖြင့် အရှုံးပေးခဲ့၍ ဖျံသွေး မြန်မာ့ရိုးရာလက်ဝှေ့ကမ္ဘာ့ ချန်ပီယံရွှေခါးပတ်ကို သိမ်းပိုက်နိုင်ခဲ့သည်။ ပွဲစဉ် (၆)ကို ဆက်လက်ယှဉ်ပြိုင် ထိုးသတ်ရာ ၇၂ ကီလိုတန်းတွင် နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ထိုးသတ်သည့် စောဂေါ်မူဒို(သတ္တိ)နှင့် ရှပ်ရှားကော့အာတပ်(ရုရှား)တို့ပွဲတွင် ပထမအချီမှာပင် စောဂေါ်မူဒို ဝိုက်လက်သီးကြောင့် ရှပ်ရှားကော့အာတပ် နှုတ်ခမ်းကွဲကာ ဒုတိယအချီဆက်လက်ယှဉ်ပြိုင်ထိုးသတ်နိုင်စွမ်းမရှိတော့သဖြင့် စောဂေါ်မူဒိုအလဲထိုးဖြင့် အနိုင်ရခဲ့သည်။ ၇၅ ကီလိုတန်းဖြစ်သည့် ပွဲစဉ်(၇)သည် မြန်မာကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်သည့် အလွတ်တန်းချန်ပီယံဖြစ်ရေး ကြိုးစားနေသော ပထမတန်းလက်ဝှေ့ကျော် တူးတူး(နဂါးမာန်)နှင့် ဒ့ဇလက်ဒပ်(ကနေဒါ)တို့ပွဲဖြစ်သည်။ ယခုယှဉ်ပြိုင်ထိုးသတ်ခဲ့သောပွဲတွင် ပရိသတ်များ တူးတူးကိုအားမလို အားမရဖြစ်ကာ အော်ဟစ်အားပေးကြသော်လည်း တူးတူးမှာ ယခင်လက်စွမ်းမပြနိုင်ဖြစ်ခဲ့သည်။ တူးတူးဘာကြောင့် ဒီလောက်ညံ့သွားတာလဲဟုပင် ဆိုကာ တချို့ပရိသတ်များဆီမှ ညည်းတွားသံ အချို့ကို ကြားသိခဲ့ရသည်။ ဝါးချီပြည့် အနိမ့်သရေထိုးကာ မြန်မာ့သတ္တိကိုပြသနိုင်ခဲ့သော်လည်း ဝါးချီစလုံးဒ့ဇလက်ဒပ်ကအပေါ်စီးမှ ထိုးသတ်ခဲ့သောကြောင့် တူးတူးမျက်နှာ အတော်လေးကိုပင် ဒဏ်ရာရခဲ့သည်ကို တွေ့ရသည်။ သရေကျခဲ့သည်ကိုပင် ကံကောင်းသည်ဟု ပြောရမည်ဖြစ်သည်။ ယနေ့ပွဲတွင် တူးတူး ပါ၀ါ၊ စွမ်းရည် ဘက်ပေါင်းစုံက ကျဆင်းနေသည်ကို တွေ့ခဲ့ရသည်။

နောက်ဆုံးပွဲစဉ်ဖြစ်သည့် ၈၀ ကီလိုတန်းပြိုင်ပွဲတွင် လက်ရှိအလွတ်တန်းချန်ပီယံထွန်းထွန်းမင်းနှင့် ချူးထိုင်း(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ပရိသတ်များ ထင်ထားသည့်အတိုင်း ပထမအချီမှာပင် ထွန်းထွန်းမင်း၏ ဘယ်ဖြောင့်လက်သီးနှင့် ညာပိုက်လက်သီးတွဲလုံးမိခဲ့သော ချူးထိုင်း ကြမ်းပြင်သို့လဲကျကာ အနား နှစ်မိနစ် တောင်းခဲ့ရသည်။ အနားတောင်းပြီးပွဲပြန်အတည်တွင် ပြိုင်ဘက်၏ အားနည်းချက်ကိုသိသွားသော ထွန်းထွန်းမင်းသည် အလွတ်မပေးတော့ဘဲ ကျားရိုင်းတစ်ကောင်လို တစ်ဟုန်ထိုးတိုက်ခိုက်ခဲ့သဖြင့် ချူးထိုင်း ပထမအချီ ၂ မိနစ် ၅၇ စက္ကန့်မှာပင် အလဲထိုး ဖြင့် ရှုံးနိမ့်ခဲ့သောကြောင့် မြန်မာ့ရိုးရာ လက်ဝှေ့ကမ္ဘာ့ချန်ပီယံ ရွှေခါးပတ်ကို ထွန်းထွန်းမင်း သိမ်းပိုက်နိုင်ခဲ့သည်။

(မြန်မာ့အလင်း)

တူးတူး(နဂါးမာန်) ညာခြေကန်ချက် ဒ့ဇလက်ဒပ်(ကနေဒါ)ကို ထိမိနေစဉ်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ပြည်သူကိုဗဟိုပြုသောရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြော

ဖြူး သြဂုတ် ၂၁

ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲကို သြဂုတ် ၁၈ ရက်မွန်းလွဲ ၁ နာရီခွဲက တောင်ငူခရိုင် ဖြူးမြို့နယ်ခန်းမ၌ ကျင်းပသည်။

ပညာပေးဆွေးနွေးဟောပြောပွဲသို့ ဖြူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထွန်း၊ ဖြူးမြို့မရဲစခန်းမှူး ဒုရဲမှူးစံလှနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကျောက်ကြီး၊ အုတ်တွင်းမြို့နယ်များမှ ရဲအရာရှိများနှင့် အခြားအဆင့်ရဲတပ်ဖွဲ့ဝင် ၁၈၀ ကျော် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ရဲမှူးကြီး မျိုးမင်းထိုက်က ဝန်ဆောင်မှုကို ရှေးရှုသောရဲလုပ်ငန်းဆိုင်ရာများဖြစ်သည့် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူ့အားကိုးယုံကြည်မှုရှိစေရေး၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးများတွင် ပါဝင်ပတ်သက်မှုမရှိစေရေးနှင့် သုံးစွဲမှုကင်းရှင်းရေး၊ မူးယစ်ဆေးဝါးနှင့် လောင်းကစားမှုများပပျောက်စေရန် ပိုမိုထိရောက်စွာ ဖော်ထုတ်ဖမ်းဆီးနိုင်ရေးစသည်တို့ကို အပိုင်းငါးပိုင်းခွဲ၍ ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဖြူး-မြင့်ဦး

❖ *ကျော်ဖုံးမှ*

ဆက်လက်၍ ပြိုင်ပွဲတွင် တတိယဆုရရှိသော ကချင်ပြည်နယ်ဘောလုံးအသင်းအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ ဒုတိယဆုရရှိသော ရှမ်းပြည်နယ်ဘောလုံးအသင်းအား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံဆိုင်က တစ်ဦးချင်းဆုများကိုလည်းကောင်း ချီးမြှင့်သည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်က ပထမဆုရရှိသော ကရင်ပြည်နယ်ဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို လည်းကောင်း ချီးမြှင့်ခဲ့ပြီး ပထမဆုရရှိသော ကရင်ပြည်နယ်ဘောလုံးအသင်းအား ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက တံခွန်စိုက်ဆုဖလားကို ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇမ္ဗူသီရိမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၁

နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၉ ရက်က ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် ပဒုမ္မာလမ်းရှိ ဆည်းဆာစားသောက်ဆိုင်၌ တွေ့ရှိသူ နေလင်းအောင်၊ လှမျိုးအောင် နှင့် ကျော်မင်းထိုက်တို့အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၄၈ ပြား သိမ်းဆည်းရမိသည်။

အလားတူ ဩဂုတ် ၂၀ ရက်က နယ်မြေခံတပ်မတော်သားများနှင့် မယတစု(၂၁)ကွမ်းလုံမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့အဝင် စစ်ဆေးရေးစခန်း၌ လောက်ကိုင်မှ ချင်းရွှေဟော်ဘက်သို့ မောင်းနှင်လာသည့် တိုယိုတာဗင် (အဖြူရောင်) ခရီးသည်တင်မော်တော်ယာဉ်ကို ရှာဖွေရာ ခရီးသည် မလီရှောင်ဟွေးထံမှ ဘိန်းဖြူ ၃၆ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၅၀ နှင့် အိုက်စ် ၁၆ ဂရမ်တို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့က တနသ်ာရီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တနသ်ာရီမြို့နယ် ဇဝဲကျေးရွာအုပ်စု ဒူးကျိုး/ လေးမိုင်ကျေးရွာနေ မစန်းငယ်၏နေအိမ်ကို ရှာဖွေရာ ဘိန်းစာမှုန့် ၇ ဒသမ ၆၇၅၁ ကီလိုကိုလည်းကောင်း၊ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်း တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

နေလင်းအောင်၊ လှမျိုးအောင်နှင့် ကျော်မင်းထိုက်တို့အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်

ကျောက်မဲမြို့တွင် မိုးကြိုးပစ်ရာမှ အိမ်မီးလောင်၍ လူနှစ်ဦးသေဆုံး

ကျောက်မဲ ဩဂုတ် ၂၁

ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲမြို့နယ် ဟူးဆွန်ကျေးရွာ၌ ဩဂုတ် ၂၀ ရက် နံနက် ၂ နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်းပြီး မိုးကြိုးပစ်ချကာ အိမ်မီးလောင်၍ လူနှစ်ဦးသေဆုံးခဲ့သည်။

ဩဂုတ် ၂၀ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး မိုးကြိုးပစ်ရာမှ ကျောက်မဲမြို့နယ် ဟူးဆွန်ကျေးရွာ ဦးစံခမ်း၏ နေအိမ်ခေါင်မိုးပေါ်၌ တပ်ဆင်ထားသော ဆိုလာပြားကို ထိမှန်ကာ ဝိုင်ယာရှော့ခ်ဖြစ်၍ နေအိမ်မီးလောင်ခဲ့ပြီး အိမ်ပေါ်၌ရှိသော ဦးစံခမ်း၏ ဇနီး ဒေါ်စိန်ခ (၆၆နှစ်)နှင့် စိုင်းအိုက်ပီး (၅နှစ်)တို့နှစ်ဦးသည် မီးလောင်ကျွမ်း၍ အခင်းဖြစ်ရာနေရာ၌ သေဆုံးခဲ့သည်။ ယင်းမီးသည် ဦးစံခမ်း၏ အိမ်ဘေးရှိ နေအိမ်တစ်လုံးကိုပါ ကူးစက်လောင်ခဲ့ရာ ကျေးရွာ သူ ကျေးရွာသားများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့သောကြောင့် နံနက် ၃ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသွားသည်။ မီးလောင်ကျွမ်းခဲ့သော အိမ်ထောင်စုနှစ်စုမှ မိသားစုများကို ဟူးဆွန်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ တည်းခိုနေထိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ဝိုင်းမော်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

မြစ်ကြီးနား ဩဂုတ် ၂၁

မြစ်ကြီးနား မူးယစ်တပ်ဖွဲ့စု(၂)မှ ဒုရဲမှူး ဌေးလွင် ဦးစီးသောတပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ ဩဂုတ် ၁၉ ရက် ညနေ ၅ နာရီခွဲခန့်က ဝိုင်းမော်မြို့နယ် ရွှေညောင်ပင်ကျေးရွာ ရပ်ကွက်(၅)နေ မရွှေလုံးနှင့် လင်းထက်အောင်တို့နေအိမ်အား ဝင်ရောက်ရှာဖွေ စစ်ဆေးခဲ့သည်။

ထိုသို့ရှာဖွေရာ နေအိမ်ဧည့်ခန်း၌ စိတ်ကြွရူးသွပ်ဆေးပြားတစ်ပြားနှင့် အတူ သုံးစွဲလျက် နိုင်ဝင်း(၃၄နှစ်)၊ အောင်နန်းရပ်၊ မြစ်ကြီးနားမြို့နေသူကို တွေ့ရှိရသည်။ ဆက်လက်ရှာဖွေရာ အိမ်ရှင်မရွှေလုံး (၃၈ နှစ်)နှင့် လင်းထက်အောင် (၂၃ နှစ်)တို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၇၆ ပြား၊ မူးယစ်ဆေးဝါးရောင်းချရာမှ ရရှိသည်ဟု ယူဆရသည့် ငွေကျပ်ငါးသိန်းတို့ကို တစ်ဆက်တည်း သိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့အား ဝိုင်းမော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ညောင်လေးပင်မြို့ ကြက်တူရွေးချောင်းအတွင်းမှ လူသေအလောင်းတစ်လောင်းတွေ့ရှိ

ညောင်လေးပင် ဩဂုတ် ၂၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၂) ရပ်ကွက် ကြက်တူရွေးချောင်းအတွင်း၌ ဩဂုတ် ၂၁ ရက် နံနက် ၇ နာရီခန့်က လူသေအလောင်းတစ်လောင်း တွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့ မြို့မရဲစခန်းက လူသေအလောင်းတစ်လောင်း တွေ့ရှိကြောင်းသတင်းအရ သွားရောက်စစ်ဆေးရာ ညောင်လေးပင်မြို့ မြို့မ(၂) ရပ်ကွက် ကြက်တူရွေးချောင်းအတွင်း၌ အမျိုးသားတစ်ဦး သေဆုံးနေကြောင်း တွေ့ရှိရပြီး ဦးစွာတွေ့ရှိသူ ဦးတင်စိန် (၄၆ နှစ်) မြို့မ (၂) ရပ်ကွက် နေသူအား မေးမြန်းရာ သေဆုံးသူသည် မြို့မ (၂) ရပ်ကွက် တိုးချဲ့ (၅) လမ်း ညောင်လေးပင်မြို့နေ ကြည်ဝင်း (၄၈ နှစ်)ဖြစ်ကြောင်းသိရသည်။ ၎င်းသည် အရက် အလွန်အကျွံသောက်သုံးတတ်သူဖြစ်ပြီး ချောင်းအတွင်း၌ မကြာခဏ ရေဆင်းကူးတတ်ကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်နှင့်မျှ ရန်ငြိုးရန်စ မရှိကြောင်း သိရသည်။

အဆိုပါ သေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးကာ ညောင်လေးပင်မြို့ မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

■

ထီးချိုင့်မြို့နယ်၌ ရွှေကုမ္ပဏီမှ ရွှေမှုန်မြေစာ ခိုးယူသူဖမ်းမိ

ကသာ ဩဂုတ် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ထာဝရရွှေတူးဖော်ရေး ကုမ္ပဏီအနီး၌ ရွှေမှုန်မြေစာများခိုးယူသူ နှစ်ဦးကို ဖမ်းမိခဲ့ကြောင်း သိရသည်။

ထီးချိုင့်မြို့နယ် ကျောက်ပုထိုးရဲကင်းမှ ရဲတပ်ကြပ်ကြီးမျိုးမြင့်နှင့် အဖွဲ့သည် ဩဂုတ် ၂၀ ရက် နံနက် ၄ နာရီခန့်က ရွှေကုမ္ပဏီဝန်ထမ်းများနှင့်အတူ နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် ကုမ္ပဏီဝင်းအနီး ကားလမ်းပေါ် ၌ အောင်နန်းခိုင်နှင့် ဇော်မျိုးဦးတို့နှစ်ဦးသည် ဆာလာအိတ်နှစ်လုံးစီ ထမ်းလာသည်ကို မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးရာ ယင်းအိတ်များအတွင်း၌ ရွှေမှုန်မြေစာများတွေ့ရှိရပြီး ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြောပြနိုင်ခြင်းမရှိဘဲ ရွှေလုပ်ကွက် တစ်နေရာမှ ခိုးယူလာကြောင်း သိရသဖြင့် အောင်နန်းခိုင်ပါ နှစ်ဦးအား အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

လူအောင်(ကသာ)

ကာလတန်ဖိုးငွေကျပ် ၈၇ သိန်းကျော်ရှိ မူးယစ်ဆေးရောင်းဝယ်သူများဖမ်းမိ

အင်းတော် ဩဂုတ် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း ကာလတန်ဖိုးငွေကျပ် ၈၇ သိန်းကျော်ခန့်ရှိ မူးယစ်ဆေးဝါးများ ဩဂုတ် ၁၈ ရက်က ဖမ်းဆီးရမိခဲ့သည်။

မော်တိတ်ရဲကင်းစခန်းမှ ရဲအုပ် သူဇော်ဝင်းအဖွဲ့သည် အလယ်ကျွန်းကျေးရွာအုပ်စု တားဖလာကျေးရွာအနီး လယ်ကွင်းပြင်တောစပ်နား၌ သတင်းအရသွားရောက်ရှာဖွေရာ လူသုံးဦးအား တွေ့ရှိပြီး နေထွန်းနှင့် ဖိုးခါးဆိုသူ နှစ်ဦးကို ဖမ်းမိကာ အောင်ကြည်ဆိုသူမှာ ထွက်ပြေးသွားသည်။

၎င်းတို့ထံမှ စုစုပေါင်းစိတ်ကြွရူးသွပ် ဆေးပြား ၅၄၀ နှင့် စုစုပေါင်းဘိန်းဖြူ မှုန့်အလေးချိန် ၆၀ ဒသမ ၅ ဂရမ်ခန့်၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၈၇၅၀၀၀၀ အား ရှာဖွေသိမ်းဆည်းရမိရာ နေထွန်း(၃၂ နှစ်)၊ ဖိုးခါး (၃၉ နှစ်) အင်းတော် မြို့နယ်နေသူတို့အား အင်းတော်မြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူဆောင်ရွက်ပြီး ထွက်ပြေးသူအောင်ကြည် (၅၀ နှစ်) အင်းတော်မြို့နေသူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငွေအိုး(ကသာ)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/8297 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၆ယ/၁၃၉၄ Honda Wave M/C ယာဉ်လက်ဝယ်ရှိသူ ဦးကေဖ ၁၃/ကတန(နိုင်)၁၄၃၈၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/9977 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/8147 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ် (၅/ခ)၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ လူနေရပ်ကွက်အမှတ်-ကံဘဲ့၊ မြေကွက်အမှတ် (၉၅/ခ-အေ) မြေကွက်ပေါ်ရှိ (၁)ခန်းတွဲ (၈)ထပ်တိုက်၏ ပထမထပ်တိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းအတွက် ကန့်ကွက်လိုသူများရှိပါက ကန့်ကွက်နိုင်ရန်

အသိပေးကြေညာချက်

အထက်ပါတိုက်ခန်းအား တရားဝင်လွှဲပြောင်း ရောင်းချပေးအပ်ပိုင်ခွင့်ရှိသူ မြေပိုင်ရှင် ဦးသိန်းဇော် ၁၂/ရကန(နိုင်)၀၅၀၈၂၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းသူနှင့်ဝယ်သူတို့ နှစ်ဖက်သဘောတူညီထားပြီးဖြစ်သည့်အပြင် ငွေအချို့ကိုလည်း ပေးချေထားပြီးဖြစ်ပါ၍ ထိုအရောင်းအဝယ်အား တားမြစ်၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ကျွန်ုပ်ထံသို့ စာဖြင့်တရားဝင်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းဖိုးကျန်ငွေများအား ဆက်လက်ပေးချေ၍ တိုက်ခန်းကို တရားဝင်အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ဆွေဇင်ထွန်း LL.B — **ဒေါ်ချိုချိုမြင့် LL.B**

တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၄၃) — **တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၇၅)**

အမှတ် (၄၀)၊ ပတ္တမြားလမ်း၊ ၁၉ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၀၀၂၀၂၇၄၊ ၀၉-၅၀၇၄၆၅၀

ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် စက်မှုဇုန်-၁၊ မြေကွက်အမှတ် ၁၀၆+၁၀၇၊ မြေဧရိယာ ၂.၅၀+၂.၅၀ ဧက၊ စုစုပေါင်း ၅.၀၀ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှစ်ကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဦးစီးဌာနတွင် GOLDEN LIONS ENTERPISE L.TD (ကုမ္ပဏီမှတ်ပုံတင်အမှတ် ၄၆၅/၁၉၉၀-၉၁)ဖြင့် အမည်ပေါက်ပိုင်ဆိုင်ပါသည်။ GOLDEN LIONS ENTERPISE L.TD အမည်ပေါက်ပိုင်ဆိုင်သည့် မြေကွက်နှစ်ကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ၂၅-၂-၂၀၁၆ ရက်တွင် ပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှတ်တမ်းအရ ဦးအောင်ဝင်း(ခ)ဦးအင်အိန်ဟိုင်း (အုပ်ချုပ်မှုဒါရိုက်တာ) ၁၂/လသန(နိုင်) ၀၀၄၄၂၂ မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှစ်ကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာ ယူဆောင်ပြီးလာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ LL.B — **ဒေါ်လှလှခိုင် LL.B**

တရားလွှတ်တော်ရှေ့နေ (၄၃၇၃) — **တရားလွှတ်တော်ရှေ့နေ (၅၄၁၀)**

အမှတ် ၉/၁၁၊ အခန်းအမှတ် ၂၀၁A၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဦးအေးကျော်လွင်(၁၂/ရကန(နိုင်)၁၂၂၇၅၇)၊ အမှတ် (၇)၊ ဣန္ဒြီတံအိမ်ယာ၊ သစ္စာဥယျာဉ်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူ သိသာစေရန်သတိပေးကြေငြာခြင်း

၁။ ဦးအောင်ကျော်မိုး ၁၂/မရန(နိုင်)၀၁၆၄၄၈ အမှတ်-၆၊ပြည်တော်သာလမ်း၊မြို့သစ်အရှေ့ရပ်ကွက်၊ သံလျင်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၏ညွှန်ကြားချက်အရသတိပေးကြော်ငြာအပ်ပါသည်။

၂။ ပဲခူးတိုင်းဒေသကြီး၊အုတ်တွင်းမြို့နယ်၊မြယာပင်ကျောကြီးဝိုင်းအကွက်အမှတ်(၆၈)အတွင်းပုဂ္ဂလိကသစ်မာစိုက်ခင်း(၅၅၀)ဧကအနက်ဧက(၂၁၀)ကိုလူကြီးမင်းကမိမိသာပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်းဝန်ခံ၍ဦးအောင်ကျော်မိုးအားတန်ဘိုးငွေ၂၇,၃၀၀,၀၀၀ိ/-(ကျပ်နှစ်ရာ့ခုနစ်ဆယ့်သုံးသိန်းတိတိ) ၁၂.၁၂.၂၀၁၃ နေ့စွဲပါခြံမြေအပိုင်ရောင်းကတိစာချုပ်အရရောင်းဘိုးငွေအပြည့်အဝလက်ခံရယူပြီးရောင်းချခဲ့ပါသည်။ ထိုနေ့မှာပင် မြေနှင့်ပတ်သက်၍ လုပ်ပိုင်ခွင့်နှင့်စီမံခန့်ခွဲပိုင်ခွင့်များ စွန့်လွှတ်ပေးအပ်သောကတိစာချုပ်တစ်ရပ်ကိုလည်းချုပ်ဆိုခဲ့ပါသည်။

၃။ လူကြီးမင်းက၁၅.၆.၂၀၁၄နေ့စွဲဖြင့်အုတ်တွင်းမြို့၊သစ်တောဦးစီးဌာနထံ၊ကြက်ပေါင်စေးရာဘာပင်များပြောင်းလဲစိုက်ပျိုးခွင့်လျှောက်ထားပြီးဖြစ်၍စိုက်ပျိုးနိုင်ကြောင်းလျှောက်လွှာခါတ်ပုံမိတ္တူအား ဦးအောင်ကျော်မိုးထံပေးပါသည်။လူကြီးမင်းသည်၂၀၁၄ခုနှစ်၊စက်တင်ဘာလအတွင်း ညွှန်ကြားရေးမှူး၊သစ်တောဦးစီးဌာန၊ပဲခူးတိုင်းဒေသကြီး၊၉.၉.၂၀၁၄နေ့စွဲပါဝန်ကြီးရုံး၊ရုံးအဖွဲ့မှူးနှင့်၇-၁၁-၂၀၁၄နေ့စွဲပါညွှန်ကြားရေးမှူးချုပ်၊ပတ်ဝန်းကျင်ထိမ်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနသို့ပေးပို့သည့် စာများ၏ခါတ်ပုံမိတ္တူကိုဦးအောင်ကျော်မိုးထံပေးပို့ခဲ့ပါသည်။

၄။ အုတ်တွင်းမြို့နယ်၊သစ်တောဦးစီးဌာန၊ဦးစီးအရာရှိရုံးက၄-၈-၂၀၁၃နေ့စွဲပါစာအမှတ်၁၃၂၁/မ(က)၁၀ဖြင့်လူကြီးမင်းရရှိထားသောဧက၅၅၀ကိုပြန်လည်သိမ်းဆည်းကြောင်း ဦးအောင်ကျော်မိုးထံအသိပေးအကြောင်းကြားပါသည်။

၅။ လူကြီးမင်းနှင့်ဦးအောင်ကျော်မိုးတို့ချုပ်ဆိုခဲ့သော ၁၂-၁၂-၂၀၁၃ရက်စွဲပါ ခြံမြေအပိုင်ရောင်းကတိစာချုပ်မှာ ပဋိညာဉ်အက်ဥပဒေပုဒ်မ၅၆အရပျက်သုန်းသွားပြီးဖြစ်ပါသည်။သို့ဖြစ်၍ ယင်းပုဒ်မပါပြဋ္ဌာန်းချက်များအရ လျော်ကြေးပေးရန် တာဝန်ရှိပါသည်။

သို့ပါ၍ ဦးအောင်ကျော်မိုးက လူကြီးမင်းအား ပေးချေထားသော ငွေကျပ် ၂၇,၃၀၀,၀၀၀ိ/-(ကျပ်နှစ်ရာ့ခုနစ်ဆယ့်သုံးသိန်းတိတိ)နှင့် ကြက်ပေါင်စေး(ရာဘာ)ပင်များ စိုက်ရာတွင် စိုက်ထုတ်ကုန်ကျခဲ့သော ငွေကျပ် ၁၁၂၃၀၀၀၀ိ/- (ကျပ်တစ်ထောင်တစ်ရာနှစ်ဆယ်သုံးသိန်းတိတိ)ကို ဦးအောင်ကျော်မိုးအား ၂၀၁၆ခုနှစ်၊ ဩဂုတ်လမကုန်မီ အပြေအကြေပေးချေရန် အကြောင်းကြားလိုက်ပါသည်။ ပျက်ကွက်ပါက တရားဥပဒေနှင့်အညီတရားစွဲဆိုမည် ဖြစ်ကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးမြင့်သိန်း(စဉ်-၃၅၇၀)ဒေါ်ဇင်ဝေဝေမြင့်(စဉ်-၃၀၉၀၆)
တရားလွှတ်တော်ရှေ့နေ၊ အထက်တန်းရှေ့နေ
အမှတ်၅၆၃၊MAC Tower ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

လေးနိုင်ငံ ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ ယနေ့စတင်ကျင်းပမည်

ရန်ကုန် သြဂုတ် ၂၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank က ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် လေးနိုင်ငံ ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ (KBZ Bank U-19 Cup 2016) ကို သြဂုတ် ၂၂ ရက် (**ယနေ့**)မှ စတင်ကာ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို အိမ်ရှင် မြန်မာယူ-၁၉ အသင်းအပါအဝင် ထိုင်းယူ-၁၉ အသင်း၊ ဗီယက်နမ် ယူ-၁၉ အသင်းနှင့် ဂျပန်ဒုတိယတန်းကလပ် ဆာပေါ်ရို ယူ-၁၈ အသင်းတို့ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ အုပ်စုအဖွင့်ပွဲအဖြစ် ယနေ့ညနေ ၃ နာရီတွင် ထိုင်းနိုင်ငံ ယူ-၁၉ အသင်းနှင့် ဗီယက်နမ် ယူ-၁၉ အသင်း၊ ညနေ ၆ နာရီတွင် အိမ်ရှင်မြန်မာ ယူ-၁၉ အသင်းနှင့် ဆာပေါ်ရို ယူ-၁၈ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပြိုင်ပွဲကိုပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အမှတ်အများဆုံးနှစ်သင်းမှာ ဝိုလ်လုပွဲနှင့်အဆင့် ၃၊ ၄ အသင်းမှာ တတိယနေရာလုပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာယူ-၁၉ အသင်း ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ယခုပြိုင်ပွဲကိုကျင်းပခြင်းဖြစ်ပြီး အာဆီယံယူ-၁၉ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဗီယက်နမ်အသင်း၊ မြန်မာအသင်းနှင့် တစ်အုပ်စုတည်း ကျရောက်နေသည့် ထိုင်းအသင်းတို့ ပါဝင်နေသောကြောင့် အတွေ့အကြုံကောင်းများ ရယူနိုင်မည့် ပြိုင်ပွဲဖြစ်သည်။

မြန်မာယူ-၁၉ အသင်းသည် အာဆီယံယူ-၁၉ ပြိုင်ပွဲယှဉ်ပြိုင်ရန် ဧပြီလကတည်းက စတင်လေ့ကျင့်ခဲ့သော်လည်း နိုင်ငံတကာပွဲကို ယနေ့ယှဉ်ပြိုင်ရမည့် ဆာပေါ်ရိုအသင်းနှင့်ပွဲမှ စတင်ကစားရခြင်းဖြစ်သည်။ မြန်မာယူ-၁၉ အသင်းသည် ပြည်တွင်းအသင်းများနှင့်သာ ခြေစမ်းပွဲများ ဆက်တိုက်ကစားခဲ့ရသည့်အပြင် ယခုပြိုင်ပွဲတွင် ယှဉ်ပြိုင်ရမည့်ပြိုင်ဘက်အသင်းများက အသင်းကောင်းများဖြစ်နေရာ အောင်မြင်မှုရရှိရန် ခက်ခက်ခဲခဲကြိုးပမ်းရဖွယ်ရှိနေသည်။ မြန်မာယူ-၁၉ အသင်းကို နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းက တာဝန်ယူကိုင်တွယ်လျက်ရှိသည်။

မြန်မာယူ-၁၉ အသင်းသည် အာဆီယံပြိုင်ပွဲအတွက် ပြင်ဆင်သည့် အနေဖြင့် ယှဉ်ပြိုင်သည့်ပြိုင်ပွဲဖြစ်သောကြောင့် ကစားသမား ၂၅ ဦးစလုံးဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်မည့် မြန်မာယူ-၁၉ အသင်းတွင် **အုပ်ချုပ်သူ** ဦးစိုင်းခင်မောင်အေး၊ **နည်းပြချုပ်** ဦးမျိုးလှိုင်ဝင်း၊ **လက်ထောက်နည်းပြ** ဦးစိုးမိုးနှင့်ဦးအောင်ကျော်ထွန်း၊ **ဂိုးနည်းပြ**-ဦးဇော်ဝင်းနိုင်၊ **ကစားသမားများ** အဖြစ် ဂိုး-ဘုန်းသစ္စာမင်း၊ ဆန်းထက်နိုင်၊ အောင်မျိုးထွေး၊ ဟိန်းထက်ကျော်၊ **နောက်တန်း**-ဟိန်းဖြိုးဝင်း၊ ရဲမင်းသူ၊ မင်းရဲထွဋ်၊ ကျော်သက်ဦး၊ ရဲရင့်အောင်၊ ကျော်သူထွန်း၊ စိုးမိုးထွန်း၊ ဝင်းမိုးကျော်၊ ကျော်စွာဝင်း၊ **အလယ်တန်း**-သက်အောင်၊ အောင်မိုးသူ၊ မြင့်ထွန်းနိုင်၊ မြတ်ထွန်းသစ်၊ ဝေယံ၊ မင်းသူ၊ ဥက္ကာမောင်၊ **ရှေ့တန်း**-ရှေ့ကို၊ အောင်ကောင်းမာန်၊ စအောင်ပြည့်ကို၊ ဇွဲသက်ပိုင်နှင့်ဇော်ပေါက်တို့ ပါဝင်သည်။

သတင်း-ညီမြတ်သော်တာ၊ဓာတ်ပုံ-စိုးညွန့်

ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

ကျေးသီး သြဂုတ် ၂၁

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ်ကို အကောင်အထည်ဖော်လျက်ရှိပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် တောင်ပိုင်း လွိုင်လင်ခရိုင် ကျေးသီးမြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ရဲမှူးအောင်ကြီးနှင့် ဒုတိယရဲမှူးအောင်ဝင်းနိုင် ဦးဆောင်သော အဖွဲ့ဝင်များသည် သြဂုတ်လ ဒုတိယပတ်က ကျေးသီးမြို့လုံပုရပ်ကွက်ရှိ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် သန့်ရှင်းရေးများ ပြုလုပ်ဆောင်ရွက်ခြင်း၊ ချုံနွယ်၊ မြက်ပင်များ ရှင်းလင်းခြင်း၊ ရေဝပ်နေရာများအား မြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဝင်းမင်းသန်း(ပြန်/ဆက်)

မြန်မာဂေါက်သီးရိုက်အဖွဲ့ ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် သြဂုတ် ၂၁

သြဂုတ် ၂၃ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် 82nd SINGHA Thailand Amateur Open 2016 ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး ဦးဆောင်သည့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့သည် သြဂုတ် ၂၁ ရက်က ရန်ကုန်မြို့မှ ထွက်ခွာသွားသည်။

မြန်မာဂေါက်သီးရိုက်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင် ဦးကိုကိုအေး(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်)၊ အုပ်ချုပ်သူ ဦးမြတ်ခိုင်၊ ကစားသမားများအဖြစ် အမျိုးသားဟိန်းစည်သူ၊ ကျော်သက်ဦး၊ ဇင်အောင်မင်း၊ စည်သူရဲရင့်၊ လှိုင်မင်းထက်၊ ဥက္ကာဦး၊ ရာဇာအောင်၊ မင်းစစ်သွေး၊ ဝေယံလင်း၊ ပြည့်မင်းရှိန်၊ အမျိုးသမီး မေဦးခိုင်၊ ဖူးပွင့်နဒီခိုင်နှင့် ကစားသမားများ၏ မိဘများလိုက်ပါသွားကြကြောင်း သိရသည်။

ဖိုးသော်ဇင်

MNL ပြိုင်ပွဲ ပွဲစဉ် (၂၂) ဒုတိယနေ့ကျင်းပ

ရန်ကုန် သြဂုတ် ၂၁

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ရာသီပိတ်ပွဲစဉ် (၂၂) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကျင်းပသည်။

သုဝဏ္ဏကွင်း၌ကျင်းပသောပွဲတွင် ရခိုင်အသင်းနှင့် ဇေယျာရွှေမြေအသင်းတို့ နှစ်ဂိုးစီ သရေကျသွားသည်။ ရခိုင်အသင်းသည် ပွဲပြီးကာနီးတွင် ရရှိသည့်ချေပဂိုးကြောင့် သရေကျခဲ့ခြင်းဖြစ်ပြီး ဇေယျာရွှေမြေအသင်းမှာ သရေရလဒ်ကြောင့် ထိပ်ဆုံးငါးသင်းစာရင်းဝင်ရန် မျှော်လင့်ချက် အလွန်ပင် နည်းပါးသွားပြီဖြစ်သည်။ ဇေယျာရွှေမြေအသင်းသည် ရန်ကုန်နှင့် လက်ကျန်ပွဲတွင် အနိုင်ရလဒ်အပြင် ၁၀ ဂိုးအထက် သွင်းယူနိုင်မှ အဆင့် ငါးနေရာ ရယူနိုင်မည်ဖြစ်သည်။ ဇေယျာရွှေမြေအတွက် ဂိုးများကို ငါးမိနစ်တွင် ဗစ်တာ၊ ၅၄ မိနစ်တွင် မာစီယို တို့ကသွင်းယူခဲ့ပြီး ရခိုင်အတွက် ချေပဂိုးများကို ၂၄ မိနစ်တွင် ဇော်ဇော်နိုင်၊ ၉၃ မိနစ်တွင် ကျော်စွာလင်းတို့က သွင်းယူခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ဇွဲကပင်က Horizon အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဇွဲကပင်အတွက်ဂိုးများကို ကိုးမိနစ်တွင် အေးကိုကိုမောင်၊ ၄၃ မိနစ်တွင် ကင်မ်တို့က တစ်ဂိုးစီသွင်းယူခဲ့ပြီး ကျန်တစ်ဂိုးမှာ ၄၉ မိနစ်တွင် Horizon အသင်းမှ သက်ပိုင်ဦး ကိုယ့်ဂိုးကိုယ် သွင်းမိခဲ့ခြင်းဖြစ်သည်။ Horizon အတွက် ချေပဂိုးများကို မတ်သယူးက ၂၅ နှင့် ၅၈ မိနစ်တို့တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ ပွဲစဉ် (၂၂)အပြီးတွင် ချန်ပီယံ ရတနာပုံအသင်းက ၅၄ မှတ်၊ ရန်ကုန်နှင့် မကွေးအသင်းက ၃၉ မှတ်စီ၊ ဧရာဝတီအသင်းက ၃၇ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၃၆မှတ်၊ ဇေယျာရွှေမြေအသင်းက ၃၃ မှတ်၊ ဟံသာဝတီအသင်း အမှတ် ၃၀၊ ဇွဲကပင်အသင်းက ၂၈ မှတ်၊ ချင်းယူနိုက်အသင်းက ၂၄ မှတ်၊ ရခိုင်အသင်းက ၁၈ မှတ်၊ Southern အသင်းက ၁၄ မှတ်၊ Horizon အသင်းက ခုနစ်မှတ်တို့ ရရှိခဲ့ကြသည်။ ရာသီဥတုကြောင့် ရွှေဆိုင်းခဲ့ရသည့် ရန်ကုန်-ဇေယျာရွှေမြေပွဲကို သြဂုတ် ၂၄ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ပြီး ယင်းပွဲအပြီးတွင် ပွဲစဉ်အားလုံးပြီးဆုံးမည်ဖြစ်သည်။

ရဲရင့်ရှိုင်း

မြန်မာ့ရုပ်မြင်သံကြား
News Channel
၂၂-၈-၂၀၁၆ (တနလင်္ဂနေ့)

နံနက်ပိုင်း
၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ - ပြည်သူတို့ရဲစကားသံများ
၈း၃၅ - ၂၀၁၆ ခုနှစ်၊ (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အကီးပြိုင်ပွဲ ပြိုင်ပွဲဝင်မများ
လေ့လာနိုင်ရန် (အဆိုဘာသာရပ်) (မဟာဂီတ) (အခြေခံပညာ(၁၀-၁၅) အဆင့်) (အမျိုးသား၊ အမျိုးသမီး)
၁၃း၃၀ - တစ်ခါက အနုပညာမှတ်တမ်းများ "မျှော်လင့်ခုတိုင်ပြဇာတ်"

ညပိုင်း
၁၆း၁၀ - အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(အင်္ဂလိပ်စာအထူးပြု)(အင်္ဂလိပ်စာ)
၂၀း၀၀ - ပြည်တွင်းသတင်း၊
- နိုင်ငံတကာသတင်း၊
- မိုးလေဝသအခြေအနေ

MANDALAY EXPO'
(၈-၉-၂၀၁۶) မှ (၁၁-၉-၂၀၁۶) ဖြို့တော်ခန်းမ WINNER 09 5173076,09 454091163

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 5E/3243 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 3E/2483 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် ၆၆ပ/၆၀၆၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

မီးသတိပြု

သာစည်မြို့နယ်အသင်း(ရန်ကုန်)
သာစည်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၅)ကြိမ်မြောက် ဩဝါဒဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ၁၃၇၈ခုနှစ် ဝါခေါင်လပြည့်ကျော်(၁၀)ရက်၊ ၂၈-၈-၂၀၁၆ရက် (တနင်္ဂနေ့)၊ နံနက် ၉နာရီတိတိအချိန်တွင် ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်း၊ အောင်ချမ်းသာ ပရိယတ္တိစာသင်တိုက်၊ ဗိုလ်ခြေတစ်ထောင် ဆွမ်းစားဆောင်၌ ကျင်းပမည်ဖြစ်ပါ၍ သာစည်မြို့နယ်သူ/သားများနှင့် အသင်းသားများကြွရောက်ကြည်ညိုပူဇော်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။
လှူဒါန်းလိုပါက ဦးကျော်မြင့် ဖုန်း-၀၉-၅၁၅၆၁၃၆၊ ဦးအောင်မျိုး ဖုန်း-၀၉-၄၃၀၆၅၃၀၈ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
(အလုပ်အမှုဆောင်အဖွဲ့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 1C/5119 Suzuki Wagon R+ MA71S S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ခေါ်မိုးသူဇာ ၁၂/ရကန(နိုင်)၀၀၆၉၂၉၇ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 6G/1241 FORLAND Dump Truck (4x2) ယာဉ်လက်ဝယ်ရှိသူ SHWE TUN Co.,Ltd.က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့

ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ အထက(၅)၊ ဆဋ္ဌမတန်း(A)မှ မနဒီလွင်၏ ဖခင်အမည်မှန်မှာ ဦးစော်စော် ၇/ပမန(နိုင်)၁၀၇၆၆၂ ဖြစ်ပါကြောင်း။ **ဦးစော်စော်**

ဖခင်အမည်မှန်
ပြည်မြို့နယ်၊ အထက (ခွဲ) မြောက်ခွေးရဲ၊ နဝမတန်းမှ မောင်သန်းကျော်ဦး၏ ဖခင်အမည်မှန်မှာ ဦးညိုကြီး ၇/ပမန(နိုင်)၁၀၁၃၀၁ ဖြစ်ပါကြောင်း။ **ဦးညိုကြီး**

ဧရာဝတီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး
အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း
၁။ ၂၀၁۶-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် လပွတ္တာခရိုင် စာရင်းစစ်ရုံး(လပွတ္တာမြို့)လက်ထောက်ညွှန်ကြားရေးမှူး နေအိမ် RC(၁)ထပ် (၄၃'×၄၉'×၁၂')ဆောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လိုပါ၍ ဆောက်လုပ်ရေးလိုင်စင်ရ မြန်မာနိုင်ငံသားကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ ပုသိမ်မြို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
၃။ (က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၉-၂၀၁۶ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၃၀-၉-၂၀၁۶ရက်
(ဂ) **တင်ဒါဖိတ်မည့်အချိန်** - ၁۶း၀၀နာရီ
(ဃ) **ဆက်သွယ်ရန်ဖုန်း** - ၀၄၂-၂၄۶၀၀၊ ၀၄၂-၂၄၃۶၀၁၊ ၀၄၂-၂၅၃۶၂
တင်ဒါစိစစ်ရေးကော်မတီ
ဧရာဝတီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး
ကင်မလင်းကျွန်းလမ်းမကြီး၊ ပုသိမ်မြို့

စက်မှုဇုန် မြေတစ်ဧကဝယ်လိုသည်
မြေကွက်သီးသန့်(သို့)ဆောက်လုပ်ပြီး။
လှိုင်သာယာဝန်းကျင် ဦးစားပေးမည်။
ဈေးနှုန်းသက်သာလျှင် ငွေလက်ငင်းချေ၍ ဝယ်ပါမည်။
ရုံးချိန်အတွင်း ဖုန်း-၀၉-၄၅၀၀၅၆၆၉၃၇၊ ၀၉-၇၉၉၆၆၆၀၇၂

ကျွန်တော်နဲ့ ခြစားမှု

● ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

ကျွန်တော်တို့ ငယ်ငယ်တုန်းက သုံးတဲ့စကားက ခြစားတယ်၊ လာဘ်စားတယ်လို့ သုံးခဲ့ကြတယ်။ ခြစားတယ်ဆိုတာ အလွန်သရုပ် ပေါ်ပါတယ်။အိမ်တစ်အိမ်မှာ ခြစားရင် အားလုံးကုန်တာပဲ။ ခြရဲ့သဘောက ဘာကိုမှ သက်သာမပေးဘဲ ကုန်မှရပ်တာ။ ဒါကြောင့် အင်္ဂလိပ်လို (Corruption)ဆိုတဲ့ စကားလုံးကို အခုလို ခြစားမှုလို့ ဘာသာပြန်ခဲ့တာကို ချီးကျူးမိပါတယ်။ ဆီလျော်အောင် ဘာသာပြန်မှုဟာ အလွန်အရေးကြီးလုပါတယ်။ ကျွန်တော်တို့ နိုင်ငံခြားပညာသင်တွေ နိုင်ငံခြားမသွားမီ သင်တန်းတစ်ခုမှာ ဆရာကြီးမင်းသုဝဏ်မှာကြားခဲ့တာကို အမြဲအမှတ်ရနေမိတယ်။ တစ်ချိန်က (train)ဆိုတာကို ဘာသာပြန်တဲ့နေရာမှာ "မီးရထား"လို့ ပြန်ခဲ့ကြောင်း ပြောခဲ့တယ်။ ရထားဆိုတာကို မြန်မာတိုင်းသိကြတယ်။ ရင်းနှီးကြတယ်။ မီးကိုသုံးတာလည်း တစ်ချိန်ကရေနွေးငွေ့နဲ့မောင်းနှင်တာမို့ ရေနွေးငွေ့ရအောင် ကျောက်မီးသွေးကို မီးရှို့ရပါတယ်။ ရှေးပညာရှင်များရဲ့သဘောကို ချီးကျူးရပါတယ်။ မျက်စိထဲပေါ်လာအောင် ဖန်တီးတာဖြစ်တယ်။

အခုခေတ်မှာတော့ ခြစားတဲ့အသုံးနှုန်းထက်အဂတိလိုက်စားမှုဆိုပြီးသုံးကြတယ်။ အသေချာစဉ်းစားပြန်ရင်လည်း အလွန်အဓိပ္ပာယ်ရှိလှတာ တွေ့ရတယ်။ အဂတိဆိုတာ ကတိရဲ့ဆန့်ကျင်ဘက်ဖြစ်တယ်။ ဒါကြောင့် အဂတိလိုက်စားတဲ့သူဟာ မိမိရဲ့ ပေးထားတဲ့ကတိကို ချိုးဖောက်တာဖြစ်တယ်။ အဂတိကို ကတိနဲ့တွဲဖက်ပြီး စဉ်းစားဖို့လိုအပ်ပါတယ်။

အဂတိလိုက်စားမှုကို အစိုးရအသစ်အနေနဲ့ ရှေ့တန်းတင်ပြီး ကိုင်တွယ်ဖို့ စီစဉ်လျက်ရှိတယ်။ အခုလို ဆောင်ရွက်တာကို ကြိုဆိုရတယ်။ ကျွန်တော် တစ်ယောက်ချင်းပြောရရင် အဂတိလိုက်စားမှုနဲ့ ပတ်သက်လာရင် "Zero tolerance"လို့ ခေါ်တဲ့ လုံးဝသည်းခံမှုမရှိဖို့ အရေးကြီးပါတယ်။ နည်းနည်းယူတာ၊ များများယူတာဆိုပြီး ပမာဏနဲ့ မခွဲခြားသင့်ဘဲ လုံးဝလက်သင့်မခံတာမျိုးကို ဦးတည်ဖို့လိုအပ်ပါတယ်။ ဖြစ်နေတာက သည်းခံခွင့်လွှတ်မှုတွေများလွန်းနေတာ ။ လုပ်ခလစာမလုံလောက်လို့ အဂတိလိုက်စားရပါတယ်ဆိုတဲ့ ဆင်ခြေဟာမပြည့်စုံပါဘူး။ ဒါကြောင့် လက်ဖက်ရည်ဖိုး၊ ထမင်းဖိုးစတဲ့ ယဉ်ကျေးမှုတစ်ရပ်ဟာ နေရာတိုင်းလိုလိုမှာရှိနေတာ တွေ့ရတယ်။ ခြစားမှုရဲ့ အခြေခံအကြောင်းအချက်တစ်ခုဟာ လက်ဆောင်ပေးတဲ့ ယဉ်ကျေးမှုပဲလို့ ယူဆမိတယ်။ နေရာတိုင်းမှာပေးမှကမ်းမှ ပေးတဲ့လူကလည်း အကျင့်ပါနေသလို ယူတဲ့သူကလည်း မယူရင်မနေတတ်မထိုင်တတ်ဖြစ်နေကြတယ်။ ဒီလိုဖြစ်ခဲ့တာဟာလည်း နိုင်ငံရေးပတ်ဝန်းကျင်နဲ့ သက်ဆိုင်နေပြန်တယ်။ ပွင့်လင်းမြင်သာမှုမရှိတဲ့ လူ့အသိုင်းအဝိုင်း သန့်ရှင်းတဲ့ ယှဉ်ပြိုင်မှုမရှိတဲ့ စီးပွားရေးအခြေအနေတွေမှာ အခုလို တာဝန်ရှိသူတွေဆီက အခွင့်ရေးပိုရအောင် ခြစားမှုကိုဆောင်ရွက်ခဲ့တာဖြစ်တယ်။ တစ်ချက်လွှတ်အမိန့်နဲ့ အာဏာနဲ့အုပ်ချုပ်ခဲ့တဲ့ အခြေအနေမျိုးမှာ အဂတိလိုက်စားမှုဟာ ရှင်သန်ပြီး ကြီးထွားလာခဲ့တယ်။ ယဉ်ကျေးမှုတစ်ရပ်အထိ ဖြစ်လာတာမို့ မလုပ်သင့်တဲ့ကိစ္စ တစ်ခုအနေနဲ့တောင် မမြင်နိုင်တော့ဘဲ ထုံးစံတစ်ရပ်ဖြစ်လာခဲ့တယ်။

အဂတိလိုက်စားမှုကို ကိုင်တွယ်ဖို့ ကော်မရှင်ဖွဲ့ခဲ့ပေမယ့် ထိထိရောက်ရောက် မလုပ်နိုင်ခဲ့တာတွေ့ရတယ်။ တိုင်မှုစုံစမ်းမယ့်အနေအထားမို့ ဘယ်လိုမှ အောင်မြင်နိုင်မှာမဟုတ်ဘူး။

အဂတိလိုက်စားမှုဟာ စီးပွားရေးနယ်ပယ်မှာတင်မက နိုင်ငံရေးနယ်ပယ်၊ အုပ်ချုပ်ရေးနယ်ပယ် နောက်ဆုံးလူမှုရေးနယ်ပယ်အထိ ပျံ့နှံ့သွားခဲ့တယ်။ အစိုးရတင်ဒါတွေကို ပွင့်လင်းမြင်သာစွာခေါ်ယူတာမဟုတ်ဘဲ လက်သိပ်ထိုးလုပ်ခဲ့ကြတယ်။ ခေါ်ပြန်ရင်လည်း ကိုယ့်လူကိုပဲပေးခဲ့တယ်။ ဒီနေရာမှာ ကိုယ်ကျိုးစီးပွားပဋိပက္ခကိစ္စကို နားမလည်ကြဘူး။ ရသင့်ရထိုက်တဲ့အခွင့်အရေးထက်ပိုပြီး မယူသင့်တာကို သဘောမပေါက်ကြဘဲ ကိုယ်နဲ့ထိုက်တန်လို့ရတယ်လို့ ယူဆလာကြတယ်။ နာမည်ကြီး အမ်ဘီအေဘွဲ့လွန် သင်တန်းဝင်ခွင့်ရဖို့ ပေးရကမ်းရတယ်လို့ သိခဲ့ရသလို ကိုယ်ပိုင် အရည်အချင်းမရှိပေမယ့် မိဘဆွေမျိုးအသိုင်းအဝိုင်းအခြေအနေကို အားကိုးပြီး ကျောင်းတက်ခွင့်ရခဲ့တယ်။ ထူးဆန်းတာက ဒီလိုလုပ်တာဟာ မှားတယ်လို့မမြင်ဘဲ ရသင့်ရထိုက်တဲ့အခွင့်အရေးကို ယူခြင်းသာဖြစ်တယ်လို့ မြင်ကြတယ်။

ကျွန်တော်ဟာ အဂတိလိုက်စားမှုကို ကုလသမဂ္ဂအဖွဲ့အစည်းမှာ တာဝန်ယူစဉ်လေ့လာခဲ့တယ်။ လေ့လာရတဲ့အကြောင်းအရင်းကတော့ နိုင်ငံတစ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုနဲ့ အဂတိလိုက်စားမှုအနေအထားဆက်စပ်မှုကို လေ့လာခွင့်ရခဲ့တယ်။ အဂတိလိုက်စားမှုမြင့်မားတဲ့နိုင်ငံတွေရဲ့ တိုးတက်မှုနှုန်းဟာ လျော့နည်းနေပြီး အဂတိလိုက်စားမှုကိုဖြေရှင်းရင်ဆိုင်နိုင်တဲ့ နိုင်ငံတွေရဲ့ ဖွံ့ဖြိုးမှုဟာ ကောင်းမွန်ကြောင်း တွေ့ရတယ်။ လာဘ်ပေးလာဘ်ယူမှုဟာ အဂတိလိုက်စားမှုရဲ့အခြေခံဖြစ်တယ်။ စာဖတ်သူတွေသိကြပါတယ်။ တရားဥပဒေမျှတမှုကို သရုပ်ဖော်တဲ့နေရာမှာ မျက်လုံးကို မျက်နှာဖုံးစည်းပြီး ဖော်ပြလေ့ရှိတယ်။ အဓိပ္ပာယ်က ဘယ်သူမျက်နှာမှမကြည့်ဘဲ သမာသမတ်ရှိတာကိုရည်ညွှန်းတယ်။ အဂတိလိုက်စားမှုဟာ လာဘ်ပေးလာဘ်ယူတင်မက မိမိနဲ့ပတ်သက်တဲ့ မိသားစုဆွေမျိုးသားချင်းကို အခွင့်ရေးပိုပေးတာလည်းပါဝင်ပါတယ်။ မျက်နှာလိုက်မှု၊ တာဝန်ပျက်ကွက်မှု၊ ငွေညှစ်မှု၊ လာဘ်ပေးမှုတို့ကို အဂတိလိုက်စားမှုလို့ သတ်မှတ်နိုင်ပါတယ်။ ယေဘုယျအားဖြင့်မိမိမှာရှိထားတဲ့ အခွင့်အာဏာကို အလွဲသုံးစားလုပ်မှုပဲ ဖြစ်ပါတယ်။

အဂတိလိုက်စားသူကို ကျွန်တော်လေ့လာတဲ့အခါ ဘာသာရပ်အခြေခံအမျိုးမျိုးရှုထောင့်အမျိုးမျိုးမှသုံးသပ်နိုင်ကြောင်း သိရှိခဲ့ရပါတယ်။ စီးပွားရေးရှုထောင့်မှ အဂတိလိုက်စားမှုကိုသုံးသပ်ရာမှာ လက်ဝါးကြီးအုပ်တာဖြစ်ပြီး ယှဉ်ပြိုင်မှုမရှိတာဖြစ်တယ်လို့ ပြောနိုင်ပါတယ်။ နိုင်ငံရေးသိပ္ပံရှုထောင့်အရ အဂတိလိုက်စားမှုဟာ အာဏာအလွဲသုံးစားမှုဖြစ်ပါတယ်။ စီမံခန့်ခွဲမှုရှုထောင့်အရအဂတိလိုက်စားမှုဟာမက်လုံးပေးမှုနဲ့ စီမံခန့်ခွဲမှုအားနည်းတာကြောင့်ဖြစ်ကြောင်း သုံးသပ်ကြပါတယ်။ မနုဿဗေဒရှုထောင့်အရအဂတိလိုက်စားမှုဟာ လူ့အဖွဲ့အစည်းတစ်ခုအတွင်းမှာရှိတဲ့ ယဉ်ကျေးမှုတွေဖြစ်တယ်။ ဒါကြောင့်လည်းလက်ဆောင်ပေးမှုနဲ့ အဂတိလိုက်စားမှုကို တစ်ခါတစ်ရံ ခွဲခြားရခက်ကြောင်း သတိပြုရပါတယ်။

နိုင်ငံတကာအတွေ့အကြုံများကို သုံးသပ်ရာမှာ အဂတိလိုက်စားမှုကို တိုက်ဖျက်ရာမှာ အောင်မြင်မှုရနိုင်ကြောင်းတွေ့ရပါတယ်။ အောင်မြင်မှုလို့ပြောတဲ့နေရာမှာ အဂတိလိုက်စားနှုန်းလျော့ကျမှု၊ ကြိုးနီစနစ်ပပျောက်မှု၊ ရင်းနှီးမြှုပ်နှံမှုနှုန်းမြင့်မားလာမှုနဲ့ ပြည်သူ့ဝန်ဆောင်မှုအရည်အသွေးတိုးမြှင့်လာမှုတို့ပဲဖြစ်ပါတယ်။ တစ်ခုသတိပြုရမယ့်ကိစ္စကတော့ အဂတိလိုက်စားမှုနဲ့ပတ်သက်လာရင် လုံးဝပပျောက်အောင် လုပ်နိုင်မှုမရှိခြင်းဘဲဖြစ်ပါတယ်။ အိမ်နီးနားချင်းနိုင်ငံတစ်ခုဖြစ်တဲ့ စင်ကာပူနိုင်ငံမှာ အဂတိလိုက်စားမှုဟာ မရှိသလောက်နည်းတာတွေ့ရတယ်။ တာဝန်ယူတဲ့သူတွေဟာ အဂတိလိုက်စားမှုကို အုပ်ချုပ်မှုစနစ်ကို ဗဟိုပြုပြီးဆောင်ရွက်ခဲ့တယ်။

အဂတိလိုက်စားမှုဟာ အချက်သုံးချက်အပေါ် အခြေခံပါတယ်။ ပထမအချက်ကတော့ ယှဉ်ပြိုင်မှုမရှိခြင်းဘဲဖြစ်ပါတယ်။ ယှဉ်ပြိုင်မှုမရှိရင် လက်ဝါးအုပ်စနစ်ကြီးထွားမှာဖြစ်တယ်။ ဒီစနစ်ကြီးထွားမှုဟာ အဂတိလိုက်စားမှုကို အားပေး အားမြှောက်ပြုမှုပါတယ်။ ဒုတိယအချက်က တာဝန်ရှိသူတွေစိတ်တိုင်းကျ လုပ်နိုင်ဆောင်ရွက်နိုင်စွမ်းရှိမှုဖြစ်တယ်။ ဒီအင်အားကြီးမားလေလေ၊ အဂတိလိုက်စားမှုဟာလည်း ကြီးထွားလေလေဖြစ်မှာသေချာပါတယ်။ နောက်ဆုံးအချက်ကတော့ တာဝန်ခံမှုဖြစ်တယ်။ ဒီနေရာမှာတော့ တာဝန်ခံမှုများလေလေ အဂတိလိုက်စားမှု လျော့ပါးလေလေ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ အုပ်ချုပ်ရေးမဏ္ဍိုင်ရော ဥပဒေပြုမဏ္ဍိုင်အပါအဝင် အဂတိလိုက်စားမှုကို တိုက်ဖျက်ဖို့ အာရုံရှိတယ်။ စိတ်ဝင်စားပြီး မကြာသေးမီက ဥပဒေအသစ်တွေပြဋ္ဌာန်းခဲ့တယ်။ အဂတိလိုက်စားမှု တိုက်ဖျက်တာဟာ ပြည်သူတွေရဲ့ယုံကြည်မှုကို ပြန်လည်တည်ဆောက်ခြင်းပဲဖြစ်တယ်။

အောင်မြင်တဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ ပတ်သက်သူအားလုံးပါဝင်ဖို့ အလွန်အရေးကြီးလှတယ်။ အစိုးရဌာနတွေအားလုံးပါဖို့လိုအပ်တယ်။ ပြည်သူ့ဝန်ထမ်းများကိုလည်း စည်းရုံးရမှာဖြစ်တယ်။ ပြည်သူတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်များကိုလည်း ထည့်သွွားဖို့လိုအပ်တယ်။ အခုခေတ်မှာ လူတိုင်းလူမှုရေးကွန်ရက်ကို သုံးစွဲနေကြတာ တွေ့ရတယ်။ လူမှုရေးမီဒီယာချဉ်းကပ်မှုကို အသုံးပြုပြီးပွင့်လင်းမြင်သာမှုကို အားပေးနိုင်မှာဖြစ်တယ်။

အဂတိလိုက်စားမှုဟာယဉ်ကျေးမှုတစ်ရပ်ဖြစ်တာမို့ တိုက်ဖျက်ရေးအစီအစဉ်တွေကိုဖော်ထုတ်ရာမှာ ယဉ်ကျေးမှုချဉ်းကပ်မှုကိုလည်း သုံးစွဲရမှာ ဖြစ်တယ်။ ကျူးလွန်သူတွေက ထင်သာမြင်သာအရေးယူဖို့လိုအပ်တယ်။ အထူးသဖြင့်နမူနာပြုတဲ့အနေနဲ့ အထည်ကြီးတွေ ကျူးလွန်တဲ့သူတွေကို အရေးယူသင့်တယ်။ မှတ်လောက်အောင် ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဒါကြောင့်အဂတိလိုက်စားမှုကို ကျူးလွန်တဲ့သူတွေအတွက် အပြစ်ပေးဖို့လိုအပ်သလို တစ်ဖက်ကလည်းမကျူးလွန်တဲ့သူကိုလည်း ချီးမြှင့်သွားဖို့လိုပါတယ်။

ကျွန်တော့်ရဲ့ အတွေ့အကြုံအရ အဂတိလိုက်စားမှုကိုထိထိရောက်ရောက် တိုက်ဖျက်ဖို့ မဟာဗျူဟာ ခြောက်ခုကို စဉ်းစားဖို့လိုပါတယ်။ ပထမ လိုအပ်ချက်ကပြည်သူ့ဝန်ထမ်းတွေကို တန်ရာတန်ကြေးချီးမြှင့်နိုင်ဖို့လိုအပ်မှာဖြစ်တယ်။ လုပ်ခလစာနည်းပါးလှတဲ့ ဝန်ထမ်းတွေအနေနဲ့ မိမိတို့ရဲ့ဝင်ငွေကို အဂတိလိုက်စားမှုနဲ့ ဖြည့်စွက်ကြတာတွေ့ရတယ်။

အဂတိလိုက်စားမှုမြင့်မားတဲ့နိုင်ငံတွေရဲ့ တိုးတက်မှုနှုန်းဟာ လျော့နည်းနေပြီး အဂတိလိုက်စားမှုကိုဖြေရှင်းရင်ဆိုင်နိုင်တဲ့ နိုင်ငံတွေရဲ့ဖွံ့ဖြိုးမှုဟာ ကောင်းမွန်ကြောင်း တွေ့ရတယ်။ လာဘ်ပေးလာဘ်ယူမှုဟာ အဂတိလိုက်စားမှုရဲ့အခြေခံ ဖြစ်တယ်။

ဒုတိယအချက်ကတော့ အစိုးရအသုံးစရိတ်နဲ့ပတ်သက်လာရင် ပွင့်လင်းမြင်သာမှုရှိဖို့လိုအပ်ပါတယ်။ အစိုးရရဲ့ဘဏ္ဍာငွေသုံးစွဲမှုကို ပြည်သူတွေအနေနဲ့ သိနိုင်သဘောပေါက်နိုင်ဖို့လိုပါတယ်။ တတိယအချက်ကတော့ မလိုအပ်တဲ့ လုပ်ထုံးလုပ်နည်းတွေ ကြိုးနီစနစ်တွေကိုဖြေလျှော့ရမှာဖြစ်တယ်။ စတုတ္ထအချက်ကတော့ အစိုးရအနေနဲ့အရှုံးပေါ်နေတဲ့လုပ်ငန်းအဖွဲ့အစည်းတွေအတွက် အထောက်အပံ့ပေးနေမှုကို ဖျက်သိမ်းဖို့လိုပါတယ်။ ပဉ္စမအချက်က အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးသဘောတူညီချက်တွေကို အကောင်ထည်ဖော်ရမှာဖြစ်ပါတယ်။ နောက်ဆုံးကတော့ ခေတ်မီအိုင်တီပညာကို သုံးစွဲဖို့ပဲဖြစ်ပါတယ်။

အဂတိလိုက်စားမှုနဲ့ပတ်သက်လာရင် ကျွန်တော့်အနေနဲ့ လိုအပ်တာထက်ပိုပြီး ခံစားရပါတယ်။ နိုင်ငံတိုးတက်မှုကိုအဟန့်အတား ဖြစ်နေတဲ့ ဒီရောဂါဆိုးကြီးကို ထိထိရောက်ရောက် ပြတ်ပြတ်သားသား တိုက်ဖျက်စေချင်တယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကိုလည်း ပီပီပြင်ပြင် ဖွဲ့စည်းပြီးသတ္တိရှိရှိ လှုပ်ရှားစေချင်တယ်။ ကျောသားရင်သားမခွဲခြားဘဲ၊ သူ့မျက်နှာကိုယ့်မျက်နှာကိုမကြည့်ဘဲ ကျွန်တော်တို့ လူ့အဖွဲ့အစည်းကို တန်ဖိုးရှိတဲ့၊ သန့်ရှင်းတဲ့အဖွဲ့အစည်းဖြစ်စေချင်ပါတယ်။ ဖြစ်ပါစေလို့လည်း ဆန္ဒပြုမိပါတယ်။ ။

ကျန်းမာရေးအသိပညာပေး သိလိုရာမေးဝက်ဘ်ဆိုက်လွှင့်တင်

ရန်ကုန် သြဂုတ် ၂၁

မြန်မာလူငယ်များအကြား မျိုးဆက်ပွားကျန်းမာရေးအသိပညာဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ရှောင်ရန် ဆောင်ရန်အချက်များ အွန်လိုင်းမှတစ်ဆင့် လေ့လာကြည့်ရှုနိုင်ရန် ရည်ရွယ်၍ ကမ္ဘာ့အကြီးဆုံးမျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာ ဗဟုသုတများ ဖြန့်ဝေပေးနေသည့် DKT အဖွဲ့ကြီးက "သိလိုရာမေး" ဝက်ဘ်ဆိုက်ကို တရားဝင်လွှင့်တင်ထားပြီဖြစ်ကြောင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

"လူငယ်တွေအကြား မျိုးဆက်ပွားကျန်းမာရေးနဲ့ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်သိရှိဖို့ အထူးသဖြင့် လိင်ကိစ္စနဲ့ ပတ်သက်ပြီး ရှောင်ရန်ဆောင်ရန်တွေ သိရှိလိုက်နာ သတိပြုမိကြစေဖို့ ရည်ရွယ်ကာ သိလိုရာမေး (thiloyarmay.org) ဝက်ဘ်ဆိုက်ကို တရားဝင်လွှင့်တင်ထားပြီဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီဝက်ဘ်ဆိုက်ကနေတစ်ဆင့် ဖုန်းမှဖြစ်စေ၊ ကွန်ပျူတာမှဖြစ်စေ သိချင်တဲ့မေးခွန်းတွေကို နှစ်ကိုယ်ကြားဖြေကြားအကြံပေးသွားမှာဖြစ်ပါတယ်"ဟု DKT မှ ဒါရိုက်တာ Hyam Bolande က သြဂုတ် ၁၈ ရက် ညနေပိုင်းတွင် မြန်မာပလာဇာ၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနားတွင် သတင်းထောက်များအား ပြောသည်။

အဆိုပါ သိလိုရာမေး ကျန်းမာရေးဝက်ဘ်ဆိုက်တွင် ကိုယ်ဝန်ဆောင်ကျန်းမာရေး၊ လိင်မှကူးစက်တတ်သော ရောဂါပိုးများအကြောင်း၊ သန္ဓေတားဆေးများ အကြောင်း၊ လူငယ်များ သိသင့်သိထိုက်သော ကျန်းမာရေးကိစ္စများ ရှာဖွေဖတ်ရှုနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးဆောင်းပါးပေါင်း ၃၀၀ ကျော်ရေးသားဖော်ပြထားကြောင်း၊ ယင်းဝက်ဘ်ဆိုက်မှတစ်ဆင့် သိလိုသောကျန်းမာရေး မေးခွန်းများကို မေးမြန်းဖြေကြားမှုများ ပြုလုပ်နိုင်မည် ဖြစ်ကြောင်း သိရသည်။

ယင်း DKT မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးအဖွဲ့ကြီးသည် အမေရိကန်နိုင်ငံဝါရှင်တန်ဒီစီ၌ အခြေစိုက်ပြီး ဖွဲ့ဖြိုးဆဲနိုင်ငံပေါင်း ၂၅ နိုင်ငံတွင် ကျန်းမာရေးအသိပညာများ ဖြန့်ဝေရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် ဇူလိုင်လမှစ၍ လုပ်ငန်းခွဲဖွင့်လှစ်ကာ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည့် အချက်အလက်များမှာ ကမ္ဘာတစ်ဝန်းလုံးရှိ မှန်ကန်သော ကျန်းမာရေးအရင်းအမြစ်များမှ ရယူထားခြင်းဖြစ်ပြီး မြန်မာဘာသာဖြင့် ကြည့်ရှုလေ့လာ ဖတ်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မောင်နွေသစ်**

ဓာတ်အားအပြည့်အဝရရှိရေးဆောင်ရွက်

မြောက်ဦး သြဂုတ် ၂၁

မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သြဂုတ်လ တတိယပတ်က ခရိုင်လျှပ်စစ်နှင့်မြို့နယ်လျှပ်စစ်တို့ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ ကွင်းဆင်းကာ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့်အသိ ပညာပေး ဟောပြောပွဲများ ကျင်းပခဲ့သည်။

ထို့အပြင် ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မျိုးဇော်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်အောင်လှစောနှင့်ဝန်ထမ်းများကလည်း မြို့ပေါ်ရပ်ကွက်များ၌ ဓာတ်အားပြတ်တောက်မှုမရှိစေရေးနှင့် ဓာတ်အားပြည့်ဝစွာရရှိရေးတို့အတွက် UNIT LOSSES ကျဆင်းရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် Distribution Transformer များတပ်ဆင်ပေးခြင်း၊ အရွယ်အစားသေးငယ်သောကြိုးများအား အရွယ်အစားကြီးသောကြိုးများဖြင့် အစားထိုးလဲလှယ်ပေးခြင်း၊ ဓာတ်အားမရရှိသေးသော ရပ်ကွက်၊ ကျေးရွာများသို့လည်း ဓာတ်အားရရှိရေးအတွက် ထရန်စဖော်မာဓာတ်အားလိုင်းများတည်ဆောက်ပေးခြင်းနှင့် လူစည်ကားသောနေရာများတွင်လည်း မြေ စိုက်ပိုစတာများစိုက်ထူပေးလျက်ရှိကြောင်း သိရသည်။

(၁၅၇)

ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ ၁၀၀ ကျော် လိုက်နာရမည့်ကျင့်ဝတ် လက်မှတ်ရေးထိုး

ရန်ကုန် သြဂုတ် ၂၁

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့(ILO)၏ ငွေကြေးနှင့် နည်းပညာပံ့ပိုးပေးမှုတို့ဖြင့် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်ရှင်များအဖွဲ့ချုပ်၏ အသင်းဝင်များ လိုက်နာရမည့် ကျင့်ဝတ်(Code of Conduct)ကို အသင်းဝင်အေဂျင်စီပေါင်း ၁၀၀ ကျော်က သြဂုတ် ၁၉ ရက်တွင် နိုပိုတယ်ဟိုတယ်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ "မြန်မာနိုင်ငံကနေ ပြည်ပနိုင်ငံတွေကို ရွှေ့ပြောင်းလုပ်သားတွေ စေလွှတ်ပေးနေတဲ့ကုမ္ပဏီအေဂျင်စီတွေရှိပါတယ်။ ဒီအေဂျင်စီတွေက သူတို့ရဲ့ ဂုဏ်သိက္ခာကို မြှင့်တင်ဖို့ သတ်မှတ်ထားတဲ့ ကျင့်ဝတ်တွေကို လိုက်နာ ဆောင်ရွက်သွားပါမယ်လို့ ကတိပြု စာချုပ်ခြင်းဖြစ်ပါတယ်။ ဒီလိုက်နာရမယ့် ကျင့်ဝတ်စာချုပ်မှာ ဆိုရင် ရွှေ့ပြောင်းအလုပ်သမားတွေ ဆီကနေ ဝန်ဆောင်ခတွေတဖြည်းဖြည်း လျှော့ယူသွားဖို့ လုံခြုံစိတ်ချရတဲ့ ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်မှုတွေ ဖြစ်ဖို့၊ သင်တန်းတွေပေးဖို့၊ အလုပ်သမားနဲ့ အေဂျင်စီတွေအကြား အပြန်အလှန် စာချုပ်ဖို့ စတဲ့အချက်တွေပါဝင်ပါတယ်" ဟုအဆိုပါဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်ကပြောသည်။

မြန်မာနိုင်ငံတွင် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီပေါင်း ၂၄၃ ခုရှိသည့်အနက် ယခုပြုလုပ်သည့် အခမ်းအနားတွင် အေဂျင်စီပေါင်း ၁၂၂ ခုကပါဝင်တက်ရောက် လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ကျင့်ဝတ်များကို မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်လုပ်ငန်းရှင်များအဖွဲ့ချုပ်က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ ထောက်ခံမှုဖြင့် အတည်ပြုဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"ပြည်ပကို အလုပ်သမားတွေ စေလွှတ်တဲ့အခါ လုံခြုံစိတ်ချရတဲ့ ရွှေ့ပြောင်းသွားလာမှုကို အခြေခံတဲ့ အလုပ်သမားစေလွှတ်မှုဖြစ်ဖို့အတွက် အေဂျင်စီတွေ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေကို သူတို့ကိုယ်တိုင် ဝန်ခံကတိပြုတဲ့ စာချုပ်ခြင်းဖြစ်ပါတယ်" ဟု မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းထွန်းက ရှင်းပြသည်။

အဆိုပါ ကျင့်ဝတ်တွင် အပိုင်း(၁) အခြေခံစံနှုန်းများ၊ အပိုင်း(၂)သဘောတူညီချက်စာချုပ်များ၊ အပိုင်း(၃) ကြိုးစားလုပ်ဆောင်သင့်သည့် ရည်မှန်းချက်များ၊ အပိုင်း(၄) လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများနှင့် အပိုင်း(၅)ကျင့်ဝတ်လေးစား လိုက်နာခြင်းအပေါ် စောင့်ကြည့်စစ်ဆေးသည့် လုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ ပါဝင်သည်။

ဒေသတွင်းနိုင်ငံများ ဖြစ်သည့် ဗီယက်နမ်၊ ကမ္ဘောဒီယားနှင့် သီရိလင်္ကာနိုင်ငံတို့သည် ပြည်ပနိုင်ငံများသို့ အလုပ်သမားများ စေလွှတ်ရာတွင် အလုပ်သမားစေလွှတ်ရေး အေဂျင်စီများ လိုက်နာရမည့်ကျင့်ဝတ်များ ထုတ်ပြန်၍ ဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အလားတူ ကျင့်ဝတ်လိုက်နာရေး ဂုဏ်သိက္ခာရှိစွာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မြန်မာ့ရွှေ့ပြောင်းလုပ်သားများ ပြည်ပသို့ သွားရောက်အလုပ် လုပ်ကိုင်ရာတွင်ဘေးကင်း လုံခြုံစွာ သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေးကို အထောက် အပံ့ဖြစ်လာမည် ဖြစ်ကြောင်းသိရသည်။ **မြင့်မောင်စိုး**

ဆားများတွင်အိုင်အိုဒင်းပါဝင်မှု ရှိ မရှိ စစ်ဆေး

သီပေါ သြဂုတ် ၂၁

အိုင်အိုဒင်းချို့တဲ့ရောဂါများ ကာကွယ်ထိန်းသိမ်းရေးတွင် ဒေသခံတိုင်းရင်းသားပြည်သူများ အိုင်အိုဒင်းဆား ပိုမိုစားသုံးရေးကို ရည်ရွယ်လျက် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စည်ပင်သာယာရေးဌာန မြို့မစျေးကြီးအတွင်းရောင်းချသောစျေးဆိုင်များ၌ အိုင်အိုဒင်းပါဝင်မှုရှိမရှိကို မြို့နယ်စည်ပင်သာယာရေးဌာန ဒုတိယဦးစီးမှူး ဦးအောင်ဇော်ဦးနှင့်ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဈေးကော်မတီများ ပူးပေါင်းကာ သြဂုတ် ၁၇ ရက်က စျေးဆိုင်များသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

သတင်းတိုထွာ

တောင်ငူ

ဝန်ဆောင်မှုကို ရေးရှုသောရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို သြဂုတ် ၁၈ ရက်နှင့် ၁၉ ရက်က တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်က ဝန်ဆောင်မှုကို ရေးရှုသောရဲလုပ်ငန်းကိုရဲတပ်ဖွဲ့များ သိရှိနားလည်အောင် အပိုင်းကြီးငါးပိုင်းဖြင့် ရှင်းလင်းခဲ့ရာ တပ်ဖွဲ့ဝင်များအနေဖြင့် မူးယစ်ဆေးဝါးနှင့် လောင်းကစားများတွင် ပါဝင်ပတ်သက်မှုမရှိစေရန်နှင့် သုံးစွဲမှုမပြုရန်၊ ရဲတပ်ဖွဲ့များ သက်သေခံရာတွင် မည်သည့်အကြောင်းအမျိုးမျိုးကြောင့် ပျက်ကွက်ခြင်းမရှိစေရန်၊ ရဲတပ်ဖွဲ့ဝင်များယူနီဖောင်းဝတ်ဆင်ရာတွင် သတ်မှတ်ပုံစံအတိုင်း ဝတ်ဆင်ရန်၊ ဒုတိယရက် ၁၀၀ စီမံချက်ကာလအတွင်း မူးယစ်ဆေးဝါးနှင့်လောင်းကစားမှ ပပျောက်ရေး ပင်ရင်းဒိုင်ချုပ်များကို ထိရောက်စွာ ဖော်ထုတ်ဖမ်းဆီးဆောင်ရွက်နိုင်ကြောင်း ဆွေးနွေးရှင်းလင်းခဲ့သည်။

သူရ(တောင်ငူ)

ဖြူး

ဝန်ဆောင်မှုကို ရေးရှုသော ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဖြူးမြို့နယ်ခန်းမ၌ သြဂုတ် ၁၈ ရက်က ကျင်းပရာ ဖြူး၊ ကျောက်ကြီး၊ အုတ်တွင်းမြို့နယ်များမှ ရဲအရာရှိနှင့် အခြားအဆင့်ရဲတပ်ဖွဲ့ဝင် ၁၈၀ ကျော်ခန့် တက်ရောက်ကြသည်။ အဆိုပါဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်က ဝန်ဆောင်မှုကိုရေးရှုသော ရဲလုပ်ငန်းဆိုင်ရာများကို အပိုင်းငါးပိုင်းခွဲ၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြင့်ဦး(ဖြူး)

ကန်ပက်လက်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျင်းပသော မြစိမ်းရောင်ကျေးရွာမိတ်ဆက်ခြင်းနှင့် စီမံကိန်းချေးငွေစာရင်း ရှင်းလင်းခြင်းကို သြဂုတ် ၁၉ ရက်က အဆိုပါရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် နိုင်ငံတော်က ကျေးရွာများစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးခြင်းဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်ကန်ပက်လက်မြို့နယ်ရှိ ကျေးရွာ ၁၃ ရွာအား ငွေကျပ်သိန်း ၂၁၀၀ ထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တန့်ယန်း

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် အခြေခံပညာကဏ္ဍပညာရေး မြှင့်တင်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို သြဂုတ် ၁၉ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးက နေပြည်တော်တွင် ပညာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပခဲ့သည့် အခြေခံပညာကဏ္ဍ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ၌ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည်များကို ထပ်ဆင့်ရှင်းလင်းခဲ့သည်။

မင်းလွင်ဦး (ပြန်/ဆက်)

ပဲခူး

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့မြို့နယ်စည်ပင်သာယာရေးရုံး၌ သြဂုတ် ၁၇ ရက်က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်ဟောပြောပွဲနှင့် ကွင်းဆင်းဆေးကုသခြင်းအခမ်းအနားကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှူးဆောင်အရာရှိ ဦးကျော်စွာလင်းမှ အမှာစကားပြောကြားပြီး လူမှုဖူလုံရေးရုံးတာဝန်ခံ ဒေါ်သန္တာဝင်းက လူမှုဖူလုံရေး အကျိုးခံစားခွင့်ဖြစ်သည့် အခမ်းဆေးကုသမှု ၊ မမာမကျန်းမှု၊ အလုပ်ခွင်ထိခိုက်မှု၊ သေဆုံးမှု ဖြစ်ပေါ်လာပါက အကျိုးခံစားခွင့်များကိုလည်းကောင်း၊ လူမှုဖူလုံရေးဆေးခန်းတာဝန်ခံ ဒေါက်တာဒေါ်နီလာဆယ်က ကျန်းမာရေးဆိုင်ရာများကို ပြောကြားပြီး စည်ပင်သာယာရေးအဖွဲ့ရုံးက ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေး၍ ဆေးကုသပေးခဲ့ကြောင်း သိရသည်။

အောင်ဆင့်-လက်ပံတန်း

ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးမှုသရုပ်ပြ

မြိုသစ် သြဂုတ် ၂၁

မကွေးတိုင်းဒေသကြီး မြိုသစ်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးစိုက်ပျိုးရာတွင် တောင်သူအများ လယ်ယာလုပ်သားရှားပါးမှု ပြဿနာကြုံတွေ့မှုမရှိစေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ သြဂုတ် ၁၉ ရက် က လယ်ပြင် ကွင်းအမှတ်(၁၃၀၃)ဦးပိုင်အမှတ်(၅၁) တောင်သူ ဦးဇော်ထွန်း၏ လယ်မြေသုံးဧကတွင် ဆင်းသုခ' မျိုးကွဲအား ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပခဲ့သည် ။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဦးစီးမှူး ဦးကြည်မြင့်နှင့် စိုက်ညိုအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများနှင့် စိတ်ပါဝင်စားသူ တောင်သူ ၁၀၀ ခန့် တက်ရောက် လေ့လာခဲ့ကြကြောင်း သိရသည်။

သန်းဝင်းထွန်း(မြိုသစ်)

ပြန်/ဆက်ဦးစီးဌာနနှင့် တိုင်းရင်းဆေးကုဌာနတို့ ပူးပေါင်း၍ နယ်လှည့်ကွင်းဆင်းဆောင်ရွက်

အောင်လံ သြဂုတ် ၂၁

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် တန်ဘိုးကျေးရွာတွင် သြဂုတ် ၁၉ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးကုဌာနတို့ ပူးပေါင်း၍ နယ်လှည့်ကွင်းဆင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြန်/ဆက် မြို့နယ်ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က လူကုန်ကူးမှုအန္တရာယ်နှင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများအကြောင်းကို အသိပညာပေးဟောပြောကာ အစိုးရသစ်လက်ထက် နိုင်ငံတကာဆက်ဆံရေး မှတ်တမ်းများ၊ မြို့နယ်လှုပ်ရှားမှုမှတ်တမ်းများ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများအကြောင်း မှတ်တမ်းများအား နံရံကပ်စာစောင်များဖြင့် ပြသရှင်းလင်းခဲ့ပြီး ကျေးရွာစာကြည့်တိုက်အတွက် ဂျာနယ်များနှင့် စာပေရေချမ်းစင် စာအုပ်များကို လျှဒါန်းခဲ့သည်။

ထို့နောက် မြို့နယ်တိုင်းရင်းဆေးကုဌာနဆေးမှူး ဒေါ်ခင်အေးအေးနိုင်မှလည်း တိုင်းရင်းဆေးဖြင့် ရောဂါများကို အမြစ်ပြတ် ကုသနိုင်မှုအကြောင်းများကို ရှင်းလင်းဟောပြောကာ ရောဂါများစစ်ဆေးခြင်း ၊ တိုင်းရင်းဆေးဖြင့်ရောဂါကုသခြင်းများကို အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည် ။

သိန်းလွင်(ပြန်ဆက်)

လက်ပံတန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဗုန်းမြင့်ဦးစီးသော ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် သြဂုတ် ၁၃ ရက်က မြစ်မခမြစ်ရေတိုက်စားမှုကြောင့် ပျက်စီးသွားသော လက်ပံတန်း-သာရဝေါ မဟာပျူဟာလမ်းပိုင်းမှ တံတားအမှတ် (၆/၇) ချောင်းသုံးခွ တံတားအား ကြံ့ခိုင်မှုရှိစေရန် ပြုပြင်ဆောင်ရွက်ကြစဉ်။
သန့်ဇော် (ပြန်/ဆက်)

အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးထိုးနှံ

ကျောက်မဲ သြဂုတ် ၂၁

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့ မမွမေဒနီ ရွှေကျင်ဘုန်းတော်ကြီးသင်ပညာရေးမူလွန်ကျောင်း၌ အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံခြင်းကို သြဂုတ် ၁၉ ရက်က မြန်မာ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာနန်းရီလှိုင်ဦး ဦးဆောင်၍ ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ကျောက်မဲမြို့ရှိ မမွမေဒနီ ရွှေကျင်ဘုန်းတော်ကြီးသင်ပညာရေး မူလွန်ကျောင်းတွင် ပညာသင်ကြားနေသော အသက် ၁၀ နှစ်နှင့် အထက် ရှင်သာမဏေ ၂၃၄ ပါးအား အသည်းရောင်အသားဝါ ဘီပိုးကာကွယ် ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တက္ကသိုလ်ဝင်ခွင့် လျှောက်ထားကြရာတွင်---

ကိုချစ်

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန်အမှတ်စာရင်း၊ ရမှတ် အဆင့်၊ တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်နှင့် လျှောက်ထားရမည့်ပုံစံ အိတ်တို့ကို သြဂုတ် ၁၇ ရက် (ဗုဒ္ဓဟူးနေ့)မှစပြီး သက်ဆိုင်ရာစာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာ အထက်တန်းကျောင်းအုပ်ကြီးများ) ထံမှ ထုတ်ပေးလျက်ရှိပြီ ဖြစ်ပါတယ်။

၂၀၁၆ ခုနှစ် မတ်လက ကျင်းပခဲ့တဲ့ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို ဇွန် ၁၁ ရက်မှာ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ထုတ်ပြန်ခဲ့ပါတယ်။ အောင်စာရင်းထုတ်ပြန်ပြီး ရက်သတ္တပတ်အတွင်းမှာပဲ အောင်မြင်သူများရော၊ ကျရှုံးသူများပါ ရမှတ်တောင်းခံသူများအား ဖြေဆိုခဲ့သည့် စာမေးပွဲရဲ့ဘာသာရပ်အလိုက်ရမှတ်စာရင်းကို ထုတ်ပေးခဲ့ပါတယ်။ စာမေးပွဲ အောင်မြင်သူအားလုံးနီးပါးက ဘာသာရပ်အလိုက် ရမှတ်စာရင်းများကို တောင်းခံထားလို့ သိနှင့်ပြီး ဖြစ်ကြပါတယ်။ အမှတ်စာရင်းရပြီး ကတည်းက ဘယ်တက္ကသိုလ်ကို ရွေးချယ် လျှောက်ထားရမလဲဆိုတာကို ကြိုတင်ရင်းခုန်နေခဲ့ကြပါတယ်။

ကြိုတင် ရင်ခုန်နေခဲ့ရမှုကို တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာပုံစံမှာ အမှားအယွင်းမရှိဖြည့်သွင်းလျှောက်ထားခြင်းဖြင့် ရင်ကိုအေးမြစေပြီးဖြစ်ပါတယ်။

တက္ကသိုလ်ဝင်ခွင့် လျှောက်ထားကြရာမှာ တက္ကသိုလ်ရွေးချယ်မှု အမှားအယွင်း မဖြစ်ရလေအောင် အသိပေးလိုပါတယ်။ မိဘသွေးချင်းများက သူတို့လေးတွေရတဲ့ ရမှတ်ကိုကြည့်ပြီး ဟိုတက္ကသိုလ် လျှောက်ပါ။ ဒီတက္ကသိုလ်တက်ပါ။ ဟိုတက္ကသိုလ်ကဘယ်လို၊ သည်တက္ကသိုလ် ဘယ်သို့စသဖြင့် သူတို့လေးတွေစိတ်ဝင်စားသွားအောင် ဖိအားမပေးစေလိုပါ။ ဖိအားမပေးစေချင်ပါ။ ဖိအား၊ တွန်းအားမပေးကြပါနဲ့လို့ သွေးချင်းများကို အသိပေးပန်ကြားလိုပါတယ်။

တက္ကသိုလ်တက်ရမယ့် ကလေးကိုယ်တိုင် သူ့ရဲ့ရမှတ်၊ သူ့ရဲ့ပင်ကို ဝါသနာ၊ စိတ်ပါဝင်စားလေ့ကျင့်လိုမှု၊ စိတ်အားထက်သန်စွာ သင်ကြားလိုမှု အပေါ် သူတို့ကိုယ်တိုင် ရွေးချယ်ဆုံးဖြတ်စေလိုပါတယ်။ ဆရာဝန်ဖြစ်မှ၊ အင်ဂျင်နီယာဖြစ်မှမဟုတ်ပါ။ နိုင်ငံတော်ရဲ့ကဏ္ဍအသီးသီးမှာ စီမံခန့်ခွဲရေးပညာရှင်၊ စီးပွားရေးပညာရှင်၊ ပညာရေး၊ ကျန်းမာရေးပညာရှင်၊ စိုက်ပျိုးရေးပညာရှင်၊ တတ်သိပညာရှင်၊ တွေးခေါ်ပညာရှင် စသဖြင့် များစွာလိုအပ်နေပါတယ်။ ကိုယ့်ရဲ့ဖိအားတွန်းအားကြောင့် ဝါသနာလည်းမပါ၊ စိတ်ဝင်စားမှုလည်းမရှိတဲ့ ဘာသာရပ်တက္ကသိုလ်တစ်ခုခုကို တက်လိုက်ရတဲ့အတွက် နောက်ပိုင်း စိတ်မချမ်းမြေ့ဖွယ် သက်ရောက်မှုသာဓကမျိုးများစွာ လက်တွေ့ဘဝတွင် ကြုံဖူးတွေ့ဖူးကြားဖူးမြင်ဖူးပါတယ်။

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲမှာ တစ်နိုင်ငံလုံး၌ ခြောက်ဘာသာဂုဏ်ထူး ၈၉၃ ဦး၊ ငါးဘာသာဂုဏ်ထူး ၁၈၁၄ ဦး၊ လေးဘာသာဂုဏ်ထူး ၃၁၁၆ ဦးအပါအဝင် ဂုဏ်ထူးနဲ့အောင်မြင် သူ ၄၇၀၂၄ ဦးရှိပြီး အောင်မြင်သူစုစုပေါင်း ၁၉၀၃၈၈ ဦးရှိပါတယ်။ ခြောက်ဘာသာဂုဏ်ထူးရသူတိုင်း ဆေးတက္ကသိုလ်၊ ငါးဘာသာဂုဏ်ထူးရသူတိုင်း စက်မှုတက္ကသိုလ်၊ ရေကြောင်းတက္ကသိုလ် တက်ရမယ်စသဖြင့် တစ်ထစ်ချပုံသေ မမှတ်စေလိုပါ။ (ခြောက်ဘာသာဂုဏ်ထူး ရမှတ်က ငါးဘာသာဂုဏ်ထူးရမှတ်ထက် နည်းနေတာရယ်၊ လေးဘာသာဂုဏ်ထူး ရမှတ်က ငါးဘာသာဂုဏ်ထူးရမှတ်ထက် များနေတာတွေရယ် တွေ့ဖူးပါတယ်)။

ရမှတ်တစ်ခုတည်းကို အခြေခံ မကြည့်ဘဲ သူတို့ဝါသနာပါတဲ့၊ စိတ်အားထက်သန်သင်ကြားလိုတဲ့ တက္ကသိုလ်ကို သူတို့ကိုယ်တိုင် ရွေးချယ်ဆုံးဖြတ် လျှောက်ထားစေလိုပါတယ်။ သွေးချင်းများအနေနဲ့မူ သူတို့လေးတွေရဲ့ဘဝ အောင်မြင်မှု ပန်းတိုင်လျှောက်လှမ်းကြရာမှာ မှန်ကန်သင့်မြတ်တဲ့လမ်းကြောင်း မှန်ပေါ်ရောက်အောင် ကြင်နာတဲ့နှလုံးအလှဖြင့် ဝိုင်းဝန်းမတင်ပုံဖော်ပေးကြရန်သာ လိုအပ်မှာဖြစ်ပါတယ်။

တက္ကသိုလ်ဝင်ခွင့်လျှောက်ထားခြင်းနဲ့စပ်လျဉ်းလို့ လမ်းညွှန်စာအုပ်မှာလည်း အတိအကျဖော်ပြပြီး ဖြစ်ပါတယ်။ လျှောက်လွှာပေါ်မှာ တက်ရောက်လိုတဲ့တက္ကသိုလ်ကို မှန်မှန်နန်းကန် ရွေးချယ်၊ ပီပီပြင်ပြင်ပြည့်ပြည့်စုံစုံ၊ ရှင်းရှင်းလင်းလင်းဖြည့်စွက် (ဖျက်ရာ၊ ပြင်ရာ နည်းနိုင်သမျှနည်းအောင် ဂရုပြုပါ)။ ပူးတွဲတင်ပြရမယ့် စာရွက်စာတမ်းပြည့်စုံစွာပါပါစေ။ အားလုံးဖြည့်စွက်ပြီးရင် အမှားအယွင်းမရှိရလေအောင် ပြန်စိစစ်၊ ပြည့်စုံပြီဆိုရင် လျှောက်လွှာကို ရန်ကုန်မြို့ကမာရွတ်မြို့နယ် သထုံလမ်းရှိ အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)သို့ ၂၀၁၆ ခုနှစ် သြဂုတ် လ ၁၈ ရက်နေ့မှ ၃၁ ရက်နေ့အထိ (စနေ၊ တနင်္ဂနွေနေ့ အပါအဝင်)ပိတ်ရက်မရှိသတ်မှတ်ရက်အတွင်း အချိန်မီလျှောက်ထားနိုင်ပြီ ဖြစ်ပါတယ်။ မရှင်းလင်းတဲ့ အချက်အလက် တွေရှိရင်၊ သိချင်တာတွေရှိရင် ဖုန်း-၅၃၇၆၇၇နှင့်၅၂၅၆၁၂ တို့သို့ ဆက်သွယ် စုံစမ်းနိုင်တယ်လို့လည်း သိရပါတယ်။

ဘဝရဲ့တိုးတက်အောင်မြင်မှုကို တက္ကသိုလ်မြေကနေ စတင်လျှောက်လှမ်းကြတော့မယ့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားသူ ကျောင်းသားကျောင်းသူအားလုံး မိမိတို့ရဲ့ဘဝနဲ့ဆန္ဒထပ်တူမျှတဲ့ တက္ကသီလာဆီသို့ တက်ရောက်လေ့လာသင်ကြားနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ကောက်စိုက်စက်ဖြင့် ဒီယူ ၁၂ မျိုးစပါးပျိုးပင်များ စမ်းသပ်စိုက်ပျိုး

မိုးနဲ **သြဂုတ် ၂၁**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကောက်စိုက်လုပ်သားရှားပါးမှု၊ လုပ်အားခစရိတ်ကြီးမြင့်မှု၊ သက်နုပျိုးစပါးစိုက်ပျိုးမှု၊ အချိန်ကုန်သက်သာမှုနှင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာအဆင့်သို့ တိုးတက်ပြောင်းလဲလာစေရန်ရည်ရွယ်၍ ကူဘိုတာကောက်စိုက်စက်ဖြင့် ဒီယူ ၁၂ မျိုးစပါး ငါးဇက စမ်းသပ်စိုက်ပျိုးခြင်းကို သြဂုတ် ၁၉ ရက် နံနက် ၇ နာရီက နောင်မြိုင်းကျေးရွာ ကွင်းအမှတ် ၅၅ တောင်သူ ဦးစိုင်းပေါင်း၏ လယ်ကွင်း၌ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

အဆိုပါမျိုးပင် စပါးစမ်းသပ်စိုက်ပျိုးခြင်းကို မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးငိုဘွယ်နှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မျိုးညွှန်ရွှေ (မိုးနဲ)**

ကြက်လည်လိမ်ရောဂါ I_2 မျက်စဉ်းဆေး ခတ်ပေး

လောင်းလုံး **သြဂုတ် ၂၁**

ကျေးလက်ဒေသ တစ်နိုင်တစ်ပိုင် ဒေသကြက်များမွေးမြူရာတွင် အကျိုးစီးပွားဖြစ်ထွန်းရန်နှင့် စားနပ်ရိက္ခာဖူလုံစေရေးအတွက် ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် လေးသွန်းခံကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ သြဂုတ် ၂၀ ရက်က ထားဝယ်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာတင်ဌေး ဦးဆောင်ကာ မြိုနယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဝေါ့ဒီးရှင်းမှ ကျန်းမာရေးလုပ်သားများပူးပေါင်းပါဝင်ပြီး ဒေသခံကြက်အကောင် ၆၀၀ အား ကြက်လည်လိမ်ရောဂါ I_2 မျက်စဉ်းဆေးခတ်ပေးကြောင်း သိရသည်။

စိုးထွန်း(ပြန်/ဆက်)

လေပြင်းတိုက်ခတ်၍ လျှပ်စစ်ပြတ်တောက်မှုအား ပြန်လည်ပြုပြင်

ကျိုင်းတုံ **သြဂုတ် ၂၁**

ရှမ်းပြည်နယ် ကျိုင်းတုံမြို့တွင် သြဂုတ် ၁၉ ရက် ညနေ ၆ နာရီခွဲခန့်က လေပြင်းတိုက်ခတ်သဖြင့် ကျိုင်းတုံမြို့အထက(၄) ကျောင်းအနီး တာချီလိတ်လမ်းတွင် သစ်ကိုင်းကျိုးကျကာ လျှပ်စစ်ဓာတ်တိုင်များလဲကျပြီး လျှပ်စစ်မီးများပြတ်တောက်ခဲ့သည်။

ကျိုင်းတုံမြို့ပေါ် လျှပ်စစ်မီးများ အမြန်ပြန်လည်ရရှိရေးအတွက် လျှပ်စစ်ဝန်ထမ်းများက သြဂုတ် ၂၀ ရက် နံနက်ပိုင်းမှစ၍ သစ်ကိုင်းများရှင်းလင်းခြင်းနှင့် ဓာတ်တိုင်များ၊ လျှပ်စစ်မီးကြိုးများအား ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရသည်။ **(မြိုနယ် ပြန်/ဆက်)**

စည်းကမ်းနှင့်ညီညွတ်မှုမရှိသော ဆိုင်ကယ်မောင်းနှင်သူများအားစစ်ဆေး

ငပုတော **သြဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့၌ ပြည်သူများ ယာဉ်မတော်တဆမှုများ လျော့နည်းစေရေး မြို့အင်္ဂါရပ်နှင့်ညီညွတ်စေရေးအတွက် ယာဉ်စည်းကမ်းမလိုက်နာသော ဆိုင်ကယ်မောင်းနှင်သူများအား သြဂုတ် ၁၉ ရက်က ငပုတောမြို့မဂ္ဂင်လမ်းမြို့ဝင်ဂိတ်တွင် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အဆိုပါဆောင်ရွက်ချက်ကို မြိုနယ်အုပ်ချုပ်ရေးမှူးနှင့် မြိုနယ်ရဲတပ်ဖွဲ့မှူးတို့က ဦးဆောင်၍ မြိုနယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ အများပြည်သူ အသုံးပြုသွားလာလျက်ရှိသော လမ်းများပေါ်တွင် ပြဋ္ဌာန်းထားသော ဥပဒေများနှင့် ညီညွတ်မှုရှိ မရှိ၊ တိကျစွာလိုက်နာရေးနှင့် ဥပဒေနှင့်အညီ စစ်ဆေးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးကျော်သူ(ပြန်/ဆက်)

ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများလှူဒါန်း

ရန်ကုန် **သြဂုတ် ၂၁**

ရေကြီးရေလျှံမှုများကြောင့် ဘေးဒုက္ခကြုံတွေ့ခဲ့ရသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများလှူဒါန်းလျက်ရှိရာ မေတ္တာပျိုးခင်းဖောင်ဒေးရှင်းက အလှူငွေကျပ်သိန်း ၂၀၊ တက္ကသိုလ်မူဆလင် ကျောင်းသားများ ကွန်ရက်က ငွေကျပ် ၇၀၇၀၀၀၊ မြန်မာနိုင်ငံမီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေးဖောင်ဒေးရှင်းက အလှူငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံ မီးသတ်ဝန်ထမ်းဟောင်းများအသင်းက အလှူငွေကျပ်နှစ်သိန်းနှင့် ဦးသန်းရွှေအောင်-ဒေါ်ကျန်ရွှေစံတော်အိမ် ဆောက်လုပ်ရေးမှ ငွေကျပ်ငါးသိန်း၊ သြဂုတ် ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးက ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန္တာခင်က အလှူငွေကျပ်တစ်သိန်း၊ သြဂုတ် ၁၈ ရက်တွင် သီရိမင်္ဂလာယာဉ်ဝယ်ရောင်းအကျိုးဆောင်များ၏ လူမှုရေးအသင်းအဖွဲ့(ရန်ကုန်)က အလှူငွေကျပ် ၂၅၉၉၀၀၀၊ DAI ICHI Foreign Language School ကျောင်းသား ကျောင်းသူများက ငွေကျပ်သိန်း ၂၀ နှင့် သြဂုတ် ၁၉ ရက်တွင် ဦးစိုးသိန်း-ဒေါက်တာ ခင်အုန်းရီ(မိသားစု)က အလှူငွေကျပ် ၁၅၀၀၀၀၊ ဦးနေခြည်အောင်-ဒေါ်ဇင်မင်းသွယ်(မိသားစု)က အလှူငွေကျပ်တစ်သိန်း၊ သား WILLIAMက အလှူငွေကျပ်ငါးသောင်းတို့ကို မရမ်းကုန်းမြိုနယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးသို့ လာရောက်လှူဒါန်းရာ ညွှန်ကြားရေးမှူး ဦးဝင်းရွှေနှင့် ဝန်ထမ်းများက လက်ခံယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သြဂုတ်လအတွင်းဖြစ်ပွားလျက်ရှိသော ရေကြီးရေလျှံမှုများကြောင့် ဘေးဒုက္ခကြုံတွေ့ခဲ့ရသည့် ရေဘေးသင့်ပြည်သူများအတွက် တိုင်းဒေသကြီးဦးစီးမှူးရုံးသို့ သြဂုတ် ၁၉ ရက်အထိ လာရောက်လှူဒါန်းငွေကျပ် စုစုပေါင်း ၉၀၃၄၇၇၀၀၀ ကို လက်ခံရရှိခဲ့ကြောင်း သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

ပျိုရွယ်သူကျန်းမာရေးအသိပညာပေး

စဉ့်ကိုင် **သြဂုတ် ၂၁**

စဉ့်ကိုင်မြိုနယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ပျိုရွယ်သူကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲကို သြဂုတ် ၂၀ ရက်က ကြက်များကျေးရွာ အထက(၃) ကဲ့ကော်ဆောင်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြိုနယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စောသီတာခင်က ပျိုရွယ်သူကျန်းမာရေးဆိုင်ရာ ဆွေးနွေးဟောပြောခြင်းနှင့် မြိုနယ်ကျန်းမာရေးဦးစီးဌာနမှ သူနာပြုအဆင့်(၁) ဒေါ်နုနုသန်းက ကျန်းမာရေးအသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူ ၁၀ ဦးတစ်ဖွဲ့ဖွဲ့စည်း၍ ကျန်းမာရေးနှင့်ပတ်သက်သည့် ဥာဏ်စမ်းမေးခွန်းများဖြေဆိုခဲ့ကြပြီး ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဖိုးအောင်(စဉ့်ကိုင်)

စုပေါင်းအဖွဲ့သန့်ရှင်းလုပ်အားပေး

မိုးညှင်း **သြဂုတ် ၂၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့ ခုတင် ၁၀၀ ဆံ့ ခရိုင် ပြည်သူ့ဆေးရုံကြီးတွင် သြဂုတ် ၂၀ ရက်က ချုံနွယ်ပိတ်ပေါင်း မြက်ရိုင်းပင်များကို ခရိုင်ရဲတပ်ဖွဲ့မှူးကြီး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းလုပ်အားပေးကြသည်။

ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ဆွေ၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝေ ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ကျော်နှင့် ဝန်ထမ်းများ စည်ပင်သာယာအမှိုက်သိမ်းမော်တော်ယာဉ်နှင့်ဝန်ထမ်းများက ခရိုင်ပြည်သူ့ဆေးရုံအတွင်းရှိ ခွဲစိတ်လူနာဆောင်၊ ဓာတ်မှန်ဆောင်၊ ကျန်းမာရေးကြီးကြပ်ဆောင်တို့၏ အရှေ့မျက်နှာစာနှင့် အနီးပတ်ဝန်းကျင်တို့တွင် ချုံနွယ်ပိတ်ပေါင်း မြက်ရိုင်းပင်များကို ခုတ်ထွင်ရှင်းလင်းကာ စုပေါင်းသန့်ရှင်းလုပ်အားပေးကြကြောင်း သိရသည်။

နီတိုး

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဒေသခံတောင်သူများ လူနေမှုဘဝ မြင့်မားပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေမည့် ရွာဝေအင်း ပြုပြင်နေ

သတင်းဆောင်းပါး ရဲဝင်းထွန်း(မြိုနှယ် ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြိုနှယ် ရွာဝေကျေးရွာအနီး ရွာဝေအင်း (ခ) အင်းကန်ကြီးကို နိုင်ငံတော်က ပြန်လည်ပြုပြင်ပေးသဖြင့် ဒေသခံ တောင်သူများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြသည်။

ရွာဝေကျေးရွာသည် ဝမ်းတွင်းမြိုနှယ်၏ အနောက်မြောက်ဘက် ၁၅မိုင်ခန့် အကွာ၌တည်ရှိ၍ အိမ်ခြေ ၄၈၀၊ လူဦးရေ ၁၆၀၀ကျော် နေထိုင်ကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြပြီး အင်းကန်ကြီးသည် ရွာဝေကျေးရွာ အနောက်ဘက် ရေလည်ကွေ့ကျေးရွာနှင့် ကန်ပေါက်ကြီး ကျေးရွာတို့အား သွားရောက်သည့်လမ်းဘေး၊ အနော်ရထာမင်း တည်ထားကိုးကွယ်ခဲ့သော ရွှေမောဓောဘုရားခြေရင်းတွင် တည်ရှိသည်။

ကန်သည်အလျား ပေ ၁၅၈၀၀၊ အနံ ပေ ၅၀၀ ရှိ၍ ကန်ကိုထိန်းသိမ်းပြုပြင်နိုင်ခြင်းမရှိသည်မှာ ကြာမြင့်ပြီဖြစ်သည့်အတွက် ကန်ပေါင်ပျက်စီး၍ နုန်းများ မြင့်တက်လာကာ ရေသိုလှောင်မှုပမာဏနည်းလာသည့်အတွက် ယခင် ၂၀၁၅-၂၀၁۶ ခုနှစ်က မိုးစပါးဧက ၁၅၀ ခန့်သာရေပေးဝေစိုက်ပျိုးနိုင်သည့်အပြင် နွေရာသီတွင် လူနှင့်တိရစ္ဆာန် သောက်သုံးရေပါ ပြတ်လပ်သည်အထိ အခက်အခဲ ကြုံတွေ့နေရကြောင်း၊ ပြီးခဲ့သည့် နှစ်နှစ်ခန့်က တောင်သူများ သက်ဆိုင်ရာသို့ တင်ပြခဲ့၍ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး(မြစ်သား)က ၂၀၁၄-၂၀၁၇ ခနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် တာဝန်ယူ၍ ပြန်လည်ပြုပြင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အင်းကန်ကြီး၏ ရေဝင်မှုအနေအထားမှာ မြစ်သားမြိုနှယ်အတွင်းရှိ မြင်ဇင်းကန်၊ ကျောက်ပုံကန်၊ ဝမ်းတွင်းမြိုနှယ် ကန်ပေါက်ကြီးကျေးရွာအနီးရှိ ကန်ပေါက်ကြီးကန်တို့မှ ပိုလျှံရေများသည် အင်းကန်ကြီးအတွင်းသို့ စီးဝင်ကြသည်။ ရွာဝေအင်းတော်ကြီး ပြုပြင်ခြင်းလုပ်ငန်းကို နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကြီးကြပ်ကာ တင်ဒါအောင်မြင်သော စိုးမိုးသူကုမ္ပဏီက တာဝန်ယူ၍ ၉-၆- ၂၀၁၆ ရက်မှစတင်ပြီး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရေဝင်လမ်း တူးဖော်ခြင်းကို အကျယ် ၅စ်ပေ၊ အမြင့် ၀ါးပေ၊ အရှည် ၁၂၇၅၅ ပေအနေအထားဖြင့်လည်းကောင်း၊ အင်းကန်ပေါင်ဆင့်ခြင်းကို အမြင့် ၁၃ ပေ၊ ကန်ပေါင် ထိပ်အကျယ် ၄၃ ပေ၊ အောက်ခြေထု ပေ ၁၂၀၊ အလျားပေ ၁၅၈၀၀ အနေအထားဖြင့်လည်းကောင်း၊ ရေပိုလွှဲအကျယ် ၁၅၀ ပေ တည်ဆောက်ခြင်း၊ လှိုင်းကာကျောက်ရိုးစီခြင်း၊ ၂ပေအချင်းရေထုတ်ပွိန် နှစ်ခုတည်ဆောက်ခြင်းလုပ်ငန်းများ ပါဝင်၍ အကျိုးပြုဧကမှာ ရွာဝေကန်တိုက်ရိုက်သောက်ဧက ၂၅၀ နှင့် ကင်းတားလက်ဝဲမြောင်းမကြီး ဒီဝိုင်(၁၈)ရေသောက် ဧကများဖြစ်သော ရွာဝေ၊ ကန်တော်၊ လက်ပံဆိပ်၊ နွားလျှာရိုး၊ ညောင်ဂျစ် ကျေးရွာများရှိ ဧက ၁၄၀၀ ဖြည့်စွက်ရေ ပေးဝေနိုင်တော့မည်ဖြစ်သည်။ ယခင်ရေလှောင် ပမာဏ ဧကပေ ၄၀၀၀ မှ ဧကပေ ၈၉၀၀ သို့ တိုးမြင့် သိုလှောင်နိုင်မည်ဖြစ်ခြင်းကြောင့် မိုးတွင်းကာလ စီးဆင်းလာသော မိုးရေများကို မိုးရွာတုန်း ရေခံနိုင်၍ ရွာဝေအင်းကန်တော်ကြီးအောက်ဘက်ရှိ ကင်းတားလက်ဝဲမြောင်းပေါင် ကျိုးပေါက်မှုကိုလည်း ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၏ မူးယစ်ဆေးဝါးပညာပေးရွှေ့လျားစာကြည့်တိုက်ယာဉ် ရေးမြိုနယ်သို့ လှည့်လည်ပြသ

ရေး သြဂုတ် ၂၁

မွန်ပြည်နယ်ရဲတပ်ဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မူးယစ်ဆေးဝါး အသိပညာပေးရွှေ့လျား စာကြည့်တိုက် ၁၀ ဘီးယာဉ်ဖြင့် မူးယစ်ဆေးဝါး အသိပညာပေးခြင်းကို ရေးမြိုနယ် လမိုင်းမြို့ အလက၊ အထက၊ အမက ကျောင်းများသို့ သြဂုတ် ၂၀ ရက် နံနက် ၉ နာရီက စတင်လှည့်လည်ပြသခဲ့ကြောင်း သိရသည်။

"မူးယစ်ဆေးဝါး အန္တရာယ် ပပျောက်စေရေးနဲ့ တားဆီးနိမ့်နင်းရေး ကြိုတင်ကာကွယ်ရေးကို ပြည်သူတစ်ရပ်လုံး ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်သဘောပေါက်စေဖို့ အမျိုးသားရေးအသွင်ဆောင်ကာ ပါဝင်ပူးပေါင်းတိုက်ဖျက်သွားကြဖို့လိုအပ်လို့ လုပ်ဆောင်ရခြင်းဖြစ်တယ်"ဟု ရေးမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးမြင့်သော်က ပြောသည်။

အဆိုပါ မူးယစ်ဆေးဝါးအသိပညာပေးယာဉ် ရွှေ့လျားစာကြည့်တိုက် ၁၀ ဘီးယာဉ်သည် ရေးမြိုနယ်အပြင် သြဂုတ် ၁၄ ရက်မှ မော်လမြိုင်၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်မြို့တို့တွင် လှည့်လည်ပြသပေးပြီး ဆက်လက်၍ ပေါင်၊ သထုံ၊ ဘီလင်း၊ ကျိုက်ထိုမြိုနယ်တို့ကိုလည်း ဆက်လက်ပြသသွားရန်ရှိပြီး ရွှေ့လျားစာကြည့်တိုက်ယာဉ်တွင် လက်ကမ်းစာစောင်၊ သတင်းဂျာနယ်၊ ဗဟုသုတ အသိပညာပေးစာပေများအပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လူကုန်ကူးမှု အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နေမျိုးထွဋ် (ရေး)

စာပေအကျိုးပြု စာဖတ်ဝိုင်းအခမ်းအနားကျင်းပ

ရိုခေါဒါရိ သြဂုတ် ၂၁

ချင်းပြည်နယ် ရိုခေါဒါရိမြို့ပြည်သူများ စာဖတ်သည့်အလေ့အထများရရှိစေရန်၊ စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို ပိုမိုသိရှိနားလည်စေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် စာပေအကျိုးပြု စာဖတ်ဝိုင်းအခမ်းအနားကို သြဂုတ် ၁၉ ရက် နံနက် ၁၁ နာရီက ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်/ဆက်ဦးစီးမှူး ဦးလာလ်ပက်လောမ်က နိုင်ငံတော်အကြီးအကဲများ၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းများကို နံရံကပ် စာစောင်ပြဘုတ်တွင် ပြသခြင်းဖြင့် ပြည်သူများအား အသိပညာပေးခြင်းလုပ်ငန်းများ၊ လက်ရှိနိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း ဆောင်ရွက်ချက်များကို မျက်မြင်ကိုယ်တွေ့ကြည့်ရှုခွင့်ရခြင်းအားဖြင့် ပြည်သူများအတွက် အလွန်အကျိုးပြုမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းအပြင် စာအုပ်စာပေကောင်းတစ်ခု၏ အဖိုးမဖြတ်နိုင်သည့် တန်ဖိုးနှင့် အကျိုးကျေးဇူးများ၊ စာဖတ်ဝိုင်းပြုလုပ်ခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ပြောကြားပြီး စာဖတ်ဝိုင်းသို့ တက်ရောက်သူပရိသတ်များက မိမိတို့ဖတ်ရှုလေ့လာခဲ့သည့် စာအုပ်အကြောင်း၊ စာပေ၏အရသာများကို စာပေဝါသနာရှင် ၁၇ ဦးတို့က အပြန်အလှန်ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သိရသည်။ **ဂျွန်နီင်း**

ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှုသရုပ်ပြ

ရေတာရှည် သြဂုတ် ၂၁

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင် ရေတာရှည်မြိုနယ်တွင် စက်မှုလယ်ယာ ဦးစီးဌာန၊ အမှတ်(၄၈)စက်မှုလယ်ယာစခန်းမှ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှု သရုပ်ပြပွဲကို သြဂုတ် ၂၀ ရက် နံနက်က စိုင်တမော့ကြီးကျေးရွာ ကွင်းအမှတ် (၆၇၀-ခ)တောင်သူ ဦးချို၏ လယ်ကွက်တွင် လက်တွေ့စိုက်ပျိုးပြသခဲ့ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့်ဌာနဆိုင်ရာ တာဝန်ရှိ သူများ ရေတာရှည်မြိုနယ်ဝန်းကျင်မှ တောင်သူ ၄၀၀ ခန့် လေ့လာခဲ့ကြသည်။

ဆက်လက်၍ လာရောက်လေ့လာကြသော တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးလှမြင့်က စပါးပျိုးထောင်နည်းစနစ်၊ ပျိုးပင်များ အားထားသိုပုံစနစ်များကို ရှင်းလင်းပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးဆန်းအောင်က ကောက်စိုက်စက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကာ လာရောက်လေ့လာကြသော တောင်သူများ၏ မေးမြန်းမှုအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

(မြိုနှယ် ပြန်/ဆက်)

ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် အခမဲ့ကွင်းဆင်းကုသပေးခြင်းဆောင်ရွက်

သရက်ချောင်း သြဂုတ် ၂၁

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြိုနယ် တိုင်းရင်းဆေးကုဌာနမှ ဆင်ကူးကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ သြဂုတ် ၁၉ ရက် နံနက်ပိုင်းက ကျန်းမာရေးအသိပညာပေးခြင်းနှင့် အခမဲ့ကွင်းဆင်းကုသပေးခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြိုနယ်တိုင်းရင်းဆေးမှူး ဒေါ်သီတာခိုင်က မိမိတို့ဌာနအနေဖြင့် ကျေးရွာများအရောက်ကွင်းဆင်းပြီး ပြည်သူများကျန်းမာပြီး သက်တမ်းစေ့နေနိုင်ကြရန် ရည်ရွယ်ပြီးဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း ပြောကြားပြီး မြိုနယ်တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများက တက်ရောက်လာသူများထဲမှ ထုံကျဉ်၊ ပန်းနာ၊ ဒူးနာ၊ ဝမ်းဖော၊ ဝမ်းရောင်လူနာများအား စမ်းသပ်စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။ ဆေးကုသမှုခံယူသူဦးရေမှာ ၅၀ ဖြစ်ပြီး တစ်လလျှင် အနည်းဆုံး ကျေးရွာတစ်ရွာသို့ တိုင်းရင်းဆေးဖြင့် ကွင်းဆင်းကုသပေးကြောင်း သိရသည်။

နိုင်ဝင်း(ပြန်/ဆက်)

ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေး ဆွေးနွေး

မြန်အောင် သြဂုတ် ၂၁

ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးရှင်းလင်း ဆွေးနွေးခြင်းကို သြဂုတ် ၁၉ ရက်က မြန်အောင်မြို့ မြိုမရဲစခန်း ဓမ္မာရုံ၌ ကျင်းပရာ ဟသံတာခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးသိန်းလှိုင်က မြန်အောင်မြိုနယ် ရဲတပ်ဖွဲ့ရှိ အရာရှိနှင့်အခြားအဆင့်တပ်ဖွဲ့ဝင်များအား ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုရဲမှူးကြီး သိန်းလှိုင်က ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်း (Community Policing)၊ ပြဿနာဖြေရှင်းမှုကို ရှေးရှုသော ရဲလုပ်ငန်း (Problem-solving Policing)၊ ပြည့်စုံသော မှူခင်းဆိုင်ရာသတင်းအချက်အလက်များကို အခြေခံသော ရဲလုပ်ငန်း (Intelligent-led Policing) များအကြောင်းကို ရဲတပ်ဖွဲ့ဝင်များ သိရှိနားလည်ရန် ရှင်းလင်းပြောကြားပြီး ရဲလုပ်ငန်းစနစ်တွင် ဝန်ဆောင်မှု ရှေးရှုသောနည်းလမ်းအသုံးပြုခြင်းအားဖြင့် ရရှိမည့်အကျိုးတရားများကို ရှင်းလင်းပြောကြားခဲ့သည်။

ဝင်းဝိုလ် (ပြန်/ဆက်)

အိုလံပစ်မှာ ပထမဆုံးရွှေတံဆိပ် ဆွတ်ခူးသွားတဲ့ ဂျာမနီအမျိုးသမီးဘောလုံးအသင်း

ဘရာဇီးနိုင်ငံ ရီယိုမြို့မှာ ကျင်းပနေတဲ့ အိုလံပစ်အားကစားပြိုင်ပွဲမှာ ဂျာမနီ အမျိုးသမီးဘောလုံးအသင်းဟာ ဆွီဒင် အမျိုးသမီးဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး ပထမဆုံးရွှေတံဆိပ်ဆုကို ဆွတ်ခူးသွားနိုင်ခဲ့ပါတယ်။ ဂျာမနီ အမျိုးသမီးဘောလုံးအ သင်းဟာ အိုလံပစ်မှာ ခြောက်ကြိမ် ပါဝင်ကစားခဲ့ပြီး ဒီဆုကတော့ လေးကြိမ်မြောက် အိုလံပစ်ဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဂျာမနီ အမျိုးသမီးဘောလုံးအသင်းအနေနဲ့ ၂၀၀၀၊ ၂၀၀၄ နဲ့ ၂၀၀၈ ခုနှစ် အိုလံပစ်ပြိုင်ပွဲတွေမှာ ကြေးတံဆိပ်တွေ ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပြီး ဒီတစ်ခါတော့ ပထမဆုံးရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

ဆွီဒင် အမျိုးသမီးဘောလုံးအသင်းဟာ အမေရိကန်နဲ့ ဘရာဇီးအသင်းတွေကို ကွာတားဖိုင်နယ်နဲ့ အကြိုဗိုလ်လုပွဲတွေမှာ ပယ်နယ်တီတွေနဲ့နိုင်ပြီး ဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် ကမ္ဘာ့ဖလားမှာတော့ ဂျာမနီအမျိုးသမီးဘောလုံးအသင်းဟာ စတုတ္ထသာ ရရှိခဲ့ရာမှ တစ်နှစ်အကြာ ရီယိုအိုလံပစ်မှာတော့ ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

မန်ယူရဲ့ခြေစွမ်း ပိုကောင်းလာမယ်လို့ အီဘရာဟီမိုဗစ်ဆို

မန်ယူရဲ့ခြေစွမ်းဟာ နည်းပြမော်ရင်ဟိုရဲ့လက်ထက်မှာ ပို၍ပို၍ ကောင်းမွန်လာမယ်လို့ ဝါရင့်တောင်ပံတိုက်စစ်မှူး အီဘရာဟီမိုဗစ်က အခိုင်အမာပြောဆိုလိုက်ပါတယ်။ မန်ယူအသင်းဟာ ဒီနှစ် ပရီမီယာလီဂ်မှာ ဆောက်သမ်တန်ကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီးနောက် အီဘရာဟီမိုဗစ်က ပြောဆိုလိုက်တာဖြစ်ပါတယ်။ အီဘရာဟီမိုဗစ်ဟာ ဒီပြိုင်ပွဲမှာ မန်ယူအတွက် နှစ်ဂိုးစလုံးကို သွင်းယူပေးနိုင်ခဲ့ပါတယ်။ ဆောက်သမ်တန်နဲ့ပွဲမှာ ပေါင်သန်း ၁၀၀ တန် ပေါ့ဂ်ဘာလည်း မန်ယူနဲ့အတူ စတင်ပါဝင်ကစားခဲ့ပါတယ်။

ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဟာ ကွန်မြူနတီဒိုင်း ပြိုင်ပွဲကစလို့ မန်ယူနဲ့ကစားခဲ့တဲ့ ပြိုင်ပွဲသုံးပွဲစလုံးမှာ ဂိုးတွေသွင်းပေးနိုင်ခဲ့ပြီး ခြေစွမ်းလည်း ပြန်ဝင်ခဲ့ပါတယ်။ မန်ယူဟာ ဒီပွဲအပါအဝင် ပရီမီယာလီဂ် အစနှစ်ပွဲစလုံးကို အနိုင်ရထားခဲ့ပြီး နည်းပြသစ် မော်ရင်ဟိုလက်ထက်မှာ မန်ယူအသင်းဟာ စည်းလုံးညီညွတ်မှုလည်း အပြည့်အဝရရှိနေပါတယ်။ ဒါကြောင့် မန်ယူအနေနဲ့ တစ်ပွဲထက်တစ်ပွဲ ပိုပြီးခြေစွမ်းပြလာမှာကို တွေ့မြင်ရမယ့် အနေအထားပါပဲ။

ရိုးမားနဲ့ မိုချန်ဂလက်ဘတ်တို့ အုပ်စုတက်နိုင်မယ့် ချန်ပီယံလီဂ် ရှုံးထွက် ဒုတိယအကျော့ပွဲစဉ်

ချန်ပီယံလီဂ် Play-offs ဒုတိယအကျော့ပွဲစဉ်တွေကို သြဂုတ် ၂၄ ရက်နဲ့ ၂၅ ရက်တွေမှာ ကစားဖို့ရှိနေပါတယ်။ ချန်ပီယံလီဂ် အုပ်စုအဆင့်မှာ ကစားနိုင်ဖို့အတွက် နောက်ဆုံးပွဲစဉ်တွေဖြစ်တာမို့ အကြိတ်အနယ် ကစားကြရတော့မှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ ပထမအကျော့တုန်းက ရလဒ်မပြတ်သားခဲ့တဲ့အသင်းတွေအနေနဲ့တော့ ခြေကုန်ထုတ်ရမယ့် အခြေအနေနဲ့ ကြိုတွေ့ကြရဦးမှာဖြစ်ပါတယ်။

အေပိုးလ်နှင့် ကိုပင်ဟေဂင်

ပထမအကျော့ပွဲစဉ်မှာ ကိုပင်ဟေဂင်တို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားတာမို့ အခုပွဲမှာ နှစ်သင်းစလုံး အုပ်စုတက်ရောက်ရေး အပြိုင်ကြိုးစားကြမှာဖြစ်ပါတယ်။ ကိုပင်ဟေဂင်ဟာ ချန်ပီယံလီဂ် အဝေးကွင်းတွေမှာဆိုရင် ရှုံးပွဲများတတ်တာမို့ အဲဒီအစဉ်အလာကို အခုပွဲမှာ ချေဖျက်နိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။ အေပိုးလ်တို့က အိမ်ကွင်းမှာဆိုရင် ပြိုင်ဘက်တွေကို အနိုင်ရအောင် အားထုတ်နိုင်တဲ့ခြေစွမ်း ရှိနေပါတယ်။ အေပိုးလ်ကွင်းမှာ နောက်ဆုံးကစားခဲ့တဲ့ အပိုလွန်နဲ့ ရိုဆင်ဘော့ဂ်အသင်းတွေကို ဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့တာကြောင့် အခုပွဲမှာ ကိုပင်ဟေဂင်တို့ အခြေအနေမကောင်းနိုင်ပါဘူး။

ဆဲလ်ဘတ်နှင့် ဒိုင်နမိုဇာဂရက်

ပထမအကျော့မှာ တစ်ဂိုးစီ သရေပွဲဖြစ်ထားတဲ့ ဒီပွဲကတော့ ပြိုင်ဆိုင်မှု ပြင်းထန်ပါလိမ့်မယ်။ သြဇာကြီးယားကလပ် ဆဲလ်ဘတ်ဟာ အခုပွဲကို အနိုင်ရအောင် ခြေကုန်ထုတ်ကစားမှာဖြစ်ပြီး တိုက်စစ်ထက် ခံစစ်ပိုင်း ပိုမိုကောင်းမွန်တဲ့ ဆဲလ်ဘတ်ကို ဒိုင်နမိုဇာဂရက်တို့ ကျော်ဖြတ်ဖို့တော့ ခက်ခဲပါလိမ့်မယ်။ ဆဲလ်ဘတ်တို့ဟာ ချန်ပီယံလီဂ်ပွဲစဉ်တွေကို အိမ်ကွင်းမှာကစားတိုင်း ရှုံးပွဲကြိုတာ နည်းပြီး နောက်ဆုံး ၁၇ ပွဲမှာ ရှုံးပွဲနှစ်ပွဲသာ ရှိခဲ့ပါတယ်။ တိုက်စစ်အားကောင်းတဲ့ ဒိုင်နမိုဇာဂရက်တို့အဖို့ ဒီပွဲမှာ မျှော်မှန်းတဲ့ရလဒ် ထွက်ပေါ်ဖို့ဆိုတာ သိပ်တော့မလွယ်ပါဘူး။

မန်စီးတီးနှင့် စတူအာဘူခါရက်

ပထမအကျော့ပွဲစဉ်မှာ ငါးဂိုးပြတ်သွင်းပြီး အောင်ပွဲခံထားတဲ့ မန်စီးတီးတို့ဟာ ဒီပွဲက အိမ်ကွင်းဖြစ်နေတာမို့ ဂိုးပြတ်သွင်းနိုင်ရေး ထပ်မံကြိုးစားပါဦးမယ်။ ရိုမေးနီးယားကလပ် စတူအာဘူခါရက်တို့ကတော့ မန်စီးတီးနဲ့ ခြေစွမ်းပိုင်းမှာ ကွာဟချက်တွေရှိနေတာကြောင့် ခြေရည်တူကစားဖို့ မလွယ်ပါဘူး။ နည်းပြ ဂွာဒီယိုလာဟာ ဒီနှစ်အတွက် မန်စီးတီးကို ချန်ပီယံလီဂ်ဖလား ရအောင် ယူပေးဖို့လည်း စိတ်အားထက်သန်နေတာမို့ ဒီပွဲကို အလေးထားကစားပြီး နိုင်ပွဲရအောင် ယူပါလိမ့်မယ်။

မိုနာကိုနှင့် ဗီလာရီးရဲ

ပထမအကျော့မှာ မိုနာကိုတို့က နှစ်ဂိုးပြတ် နိုင်ပွဲရထားပါတယ်။ မိုနာကိုရဲ့ခြေစွမ်းက လောလောဆယ်မှာ ကောင်းမွန်နေပြီး နာပိုလီနဲ့ ဗီနာဘာချီအသင်းတွေကို လည်း ဂိုးပြတ်တွေသွင်းကာ ဆက်တိုက်နိုင်ပွဲ ရယူနေတာပါ။ ဗီလာရီးရဲတို့ကတော့ ပုံမှန်ခြေစွမ်း မရသေးဘဲ မိုနာကို၊ ဒီပို့ဂီဗိုအသင်းတွေကို ရှုံးပွဲဆက်ပြီး ပေါ်တိုကိုလည်း ရှုံးထားပြန်တာမို့ ခြေစွမ်းက အားရစရာမရှိပါဘူး။ မိုနာကိုအသင်းမှာ မနီဒီ ပွဲပယ်ခံထားရပေမယ့် အိမ်ကွင်းမှာ မိုနာကိုတို့ပဲ မဖြစ်မနေ နိုင်ပွဲပုံဖော်ပါလိမ့်မယ်။

ရိုးမားနှင့် ပေါ်တို

ပထမအကျော့တုန်းက တစ်ဂိုးစီသရေပွဲရလဒ် ဖြစ်ပေါ်ခဲ့တာကြောင့် ဒီပွဲမှာတော့ နှစ်သင်းစလုံး ခြေကုန်ဖွင့်ရတော့မှာဖြစ်ပါတယ်။ ရိုးမားတို့ရဲ့ လောလောဆယ် နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် မွန့်ထရယ်နဲ့ လီဗာပူးအသင်းတွေကို နိုင်ပွဲရယူထားပြီး ပေါ်တိုတို့က လည်း ဗီလာရီးရဲနဲ့ ဂူမာရက်စ်အသင်းတွေကို နိုင်ပွဲဆက်ထားပါတယ်။ ရိုးမားဟာ အိမ်ကွင်းရော အဝေးကွင်းမှာပါ နိုင်ပွဲရအောင် အားထုတ်တတ်ပြီး ကစားပုံမှာကျျတဲ့အသင်းဖြစ်တာမို့ အခုပွဲမှာတော့ ပေါ်တိုထက် ရိုးမားကိုပဲ ယုံကြည်မှုပေးရမှာဖြစ်ပါတယ်။

မိုချန်ဂလတ်ဘတ်နှင့် ယန်းဘွိုင်း

မိုချန်ဂလတ်ဘတ်တို့က ပထမအကျော့မှာ သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားခဲ့တာမို့ ယန်းဘွိုင်းတို့ဟာ ဒီပွဲမှာ အကောင်းဆုံးကစားသမားတွေနဲ့ ပွဲထွက်ပြီး နောက်တစ်ဆင့်တက်နိုင်ရေး ကြိုးစားပါလိမ့်မယ်။ တိုက်စစ်အားကောင်းမွန်တဲ့ မိုချန်ဂလတ်ဘတ်တို့ဟာ အခုပွဲ အိမ်ကွင်းဖြစ်တာမို့ ဂိုးပြတ်သွင်းပြီး အောင်ပွဲခံနိုင်ရေးပဲ အားထုတ်လာပါလိမ့်မယ်။ ဆွစ်ဇာလန်ထိပ်တန်းကလပ် ယန်းဘွိုင်းဟာ မိုချန်ဂလတ်ဘတ်ကို ခြေစွမ်းပိုင်းယှဉ်နိုင်ဖို့ မလွယ်တာကြောင့် အခုပွဲမှာ မိုချန်ဂလတ်ဘတ်တိုက်စစ်မှူးတွေ ဂိုးဘယ်လောက်သွင်းယူနိုင်မလဲ ဆိုတာကိုပဲ ကြည့်ရမှာဖြစ်ပါတယ်။

ရော့စတောဗ်နှင့် အေဂျက်စ်

ပထမအကျော့မှာ တစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့တာမို့ အခုပွဲဟာ အေဂျက်စ်တို့အဖို့ အစွမ်းကုန် ကြိုးစားရတော့မယ့် ပွဲပါပဲ။ အေဂျက်စ်တို့ဟာ စပါတာရိုသာဒမ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့ပြီး PAOK အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ခဲ့ပေမယ့် ရော့စတောဗ်က တစ်ဂိုးစီသရေ ကစားနိုင်ခဲ့တာမို့ ရော့စတောဗ်ကိုလည်း လျှော့တွက်လို့ မရပါဘူး။ အေဂျက်စ်ဟာ ချန်ပီယံလီဂ်မှာ အစဉ်အလာရှိတဲ့အသင်းဖြစ်တာကြောင့် ရော့စတောဗ်အိမ်ကွင်းမှာဆိုပေမယ့် အနိုင်ရအောင်ကစားကာ အုပ်စုအဆင့် တက်ရောက်သွားပါလိမ့်မယ်။

❒ မိုးမြင့်လင်းလက် ❒

အိုလံပစ်မှာ ပြိုင်ပွဲသုံးမျိုး သုံးကြိမ် ရွှေတံဆိပ်ဆွတ်ခူးတဲ့ အူစိန်ဘော့

ဂျမေကာ တာတိုအပြေးသမား အူစိန်ဘော့ဟာ အိုလံပစ်အားကစားပြိုင်ပွဲမှာ ပြိုင်ပွဲသုံးမျိုးမှာ သုံးကြိမ် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့တဲ့ ကစားသမား ဖြစ်လာခဲ့ပါတယ်။ ဘရာဇီးနိုင်ငံ ရီယိုအိုလံပစ်ရဲ့ ပြိုင်ပွဲသုံးမျိုးစလုံးမှာ ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့တာပါ။ အူစိန်ဘော့ဟာ မီတာ ၁၀၀ လက်ဆင့်ကမ်းပြေးပွဲမှာ ရွှေတံဆိပ်ရရှိအပြီး သုံးမျိုးသုံးကြိမ် ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့တဲ့ တာတိုအပြေးသမား ဖြစ်လာခဲ့ပါတယ်။ သူဟာ ရီယိုအိုလံပစ်ပြိုင်ပွဲ မီတာ ၁၀၀ နဲ့ မီတာ ၂၀၀ ပြေးပွဲတွေမှာလည်း ရွှေတံဆိပ်ဆုတွေကို ဆွတ်ခူးထားပြီးဖြစ်ပါတယ်။

သူဟာ ၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်နဲ့ ၂၀၁၂ လန်ဒန်အိုလံပစ် အားကစားပြိုင်ပွဲတွေမှာလည်း မီတာ ၁၀၀၊ မီတာ ၂၀၀ နဲ့ မီတာ ၁၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ဆုတွေကို ဆွတ်ခူးနိုင်ခဲ့တာကြောင့် အခု ရီယိုအိုလံပစ်မှာ ထပ်ရလိုက်တဲ့ ရွှေတံဆိပ်သုံးခု အပါအဝင် အိုလံပစ်မှာ သုံးမျိုးသုံးကြိမ် ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့တဲ့ အားကစားသမား ဖြစ်လာခဲ့တာဖြစ်ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

ရုပ်ရှင်ရုံ ၁၀၀ အတွက် အသံပိုင်းစနစ်များ၀ယ်ယူရေး လက်မှတ်ရေးထိုး

ရန်ကုန် သြဂုတ် ၂၁

မြန်မာတစ်နိုင်ငံလုံး၌ ရုပ်ရှင်ရုံ ၁၀၀ ကို ပါရာဒီဆိုစီနီမာကုမ္ဍဏီက တည်ဆောက်လျက်ရှိရာ အဆိုပါရုပ်ရှင်ရုံများတွင် အသံပိုင်းအတွက် Digital Audio System ဝယ်ယူရန် Clover Solution ကုမ္ဍဏီနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လ္ဘာ လက်မှတ်ရေးထိုးပွဲကို ရန်ကုန်မြို့ ပုဇွန်ရွှင်ရယ်ဟိုတယ်၌ သြဂုတ် ၁၉ ရက်က ပြုလုပ်ခဲ့သည်။

အသံပိုင်း Digital Audio System တွင် စပီကာ၊ Processor နှင့် အသံချဲ့စက်(Amplifier) များကို နိုင်ငံတကာအဆင့်မီဖြစ်စေရန် အဆင့်မြှင့်တင်ထားပြီး ပြည်တွင်းပြည်ပ ရုပ်ရှင်ကားများ ပြသနိုင်မည်ဖြစ်ကြောင်း Clover Solution ကုမ္ဍဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဇင်အောင်စိုးက ပြောသည်။ အဆိုပါရုပ်ရှင်ရုံ ၁၀၀ ကို နှစ်နှစ်အတွင်း ပြီးစီးအောင် တည်ဆောက်သွားမည်ဖြစ်ပြီး တစ်ရုံလျှင် ခန့်မှန်းကုန်ကျငွေမှာ ကျပ်သိန်း ၂၀၀၀ ဖြစ်ကြောင်း သိရသည်။ ကနဦးစီမံကိန်းအနေဖြင့် မော်ဘီမြို့တွင် စတင်တည်ဆောက်နေပြီး အောင်ပန်းမြို့တွင်လည်း ဆောက်လုပ်ခွင့်တောင်းထားသည်ဟု သိရသည်။

"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသာမက နိုင်ငံတကာ စံချိန်စံညွှန်းနဲ့အညီဖြစ်ဖို့ အခုလိုလက်တွဲလုပ်ဆောင်တာဖြစ်ပါတယ်။ အမှန်တကယ်လည်း ဒီစနစ်က အဆင့်မြှင့်တင်ဖို့လိုအပ်နေတာဖြစ်ပါတယ်။ နယ်၊ တော၊ မြို့ဆိုပြီး ခွဲခြားမှာမဟုတ်ပါဘူး။ မြို့ပေါ်ကစနစ်အတိုင်း အားလုံးတစ်ပြေးညီ အဆင့်မြှင့်တင်သွားမှာ ဖြစ်ပါတယ်" ဟု ပါရာဒီဆိုစီနီမာကုမ္ဍဏီ စီအီးအို ဦးတင်မောင်ဝင်းက ပြောသည်။

မော်ဘီနှင့် အောင်ပန်းမြို့များတွင် ကနဦးစီမံချက်အနေဖြင့်လုပ်ဆောင်မှု အောင်မြင်ပါက ထိုင်ခုံအနိမ့်အမြင့်၊ အသံပိုင်း၊ အလင်းအမှောင်၊ အဲကွန်းစနစ်များကို တစ်လလျှင် ဆယ်ရုံနှုန်းဖြင့် တစ်ပြေးညီ ဆက်လက်အဆင့်မြှင့်တင်သွားမည်ဟုလည်း အဆိုပါ လက်မှတ်ရေးထိုးပွဲမှ သိရသည်။

နန္ဒာ၊ စန္ဒီ

ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာနှင့် လှေလှော်ပြိုင်ပွဲကျင်းပ

ဘားအံ သြဂုတ် ၂၁

ကရင်ပြည်နယ် ဘားအံမြို့၏ အထင်ကရ စေတီတော်ဖြစ်သော သမိုင်း၀င် ဆံတော်ရှင် ကြောင့်ကမ်လာဘ် (ကျောက်ကလပ်တောင်) စေတီတော်တွင် နှစ်စဉ် ဝါခေါင်လပြည့်ရောက်တိုင်း ကျင်းပမြဲဖြစ်သော (၁၉)ကြိမ်မြောက် ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာနှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို သြဂုတ် ၁၈ ရက် ဝါခေါင်လပြည့်နေ့က ကျင်းပခဲ့သည်။

အခမ်းအနားကို ကြောင့်ကမ်လာဘ်ဆရာတော် ဦး၀ိမလက ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာ၏ အနှစ်သာရဖြစ်သည့် ကွဲကွာနေသော ဆွေမျိုးများ ပြန်လည်တွေ့ဆုံသည့်အခါ ချည်ဖြူနှင့် ရစ်ပတ်ချည်နှောင်၍ အမှတ်သညာဖြစ်စေရေး၊ မိသားစုများ ပြန်လည်စုစည်းရေး၊ ချစ်ကြည်သွေးစည်းမှု ခိုင်မြဲရေး၊ မိမိတို့ ခန္ဓာကိုယ်တွင်ရှိသော ကောင်းသောလိပ်ပြာ မလွင့်အောင် ချည်ဖြူနှင့် လက်တွင်ချည်နှောင်ထားပြီး ဆံဖြူခါးကုန်းသည်အထိ ကိုယ်နဲ့မကွာနေအောင်ဆုတောင်းခြင်း စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချည်ဖြူဖွဲ့မင်္ဂလာပွဲတွင် ကရင်တိုင်းရင်းသား အဘိုးအဘွားတို့က ပွဲတော်သို့ လာရောက်ကြသော တစ်ဦးချင်းစီတိုင်းအား လက်တွင် ချည်ဖြူဖွဲ့ပေးကြပြီး ဆက်လက်၍ ကြောင့်ကမ်လာဘ်ဆံတော်ရှင် စေတီတော်နှင့် ခွမ်းသာကြီးမြတ်စွာဘုရား အလယ်ရှိ ရေကန်တော်တွင် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဘားအံမြို့ပေါ်နှင့် အနယ်နယ်အရပ်ရပ်မှ လှေလှော်အသင်း ၃၀ တို့ ပါ၀င်ယှဉ်ပြိုင်ကြပြီး လှေပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးကြသော ဝါသနာရှင်များမှ ယှဉ်ပြိုင်လိုသူများကိုလည်း ပါ၀င်ယှဉ်ပြိုင်စေကာ ဆုရရှိသူများအား ဆရာတော်နှင့် ဂေါပကအဖွဲ့ဝင်များက ဆုများချီးမြှင့်ခဲ့သည်။ **နေမျိုးလွင်(ပြန်/ဆက်)**

ဌေကျပ် ၂၀၀ တန်ထီ စက်တင်ဘာ ၁ ရက် ဖွင့်မည်

ရန်ကုန် သြဂုတ် ၂၁

(၃၃၂)ကြိမ်မြောက် ဌေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီမှစတင်၍ အောင်ဘာလေ သိန်းဆုဌာနခွဲတည်ရှိရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် အမှတ်(၃၈၄)ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ တစ်ရက်တည်းဖြင့် အပြီးဖွင့်လုပ်မည်ဖြစ်သည်။

ထီဖွင့်ပွဲတွင် ဆုကြီးတစ်ဆုချင်းစနစ်အရ ဌေကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ဌေကျပ်သိန်း ၁၀၀၀ (၂)ဆု၊ ဌေကျပ်သိန်း ၅၀၀ (၅)ဆု၊ ဌေကျပ်သိန်း ၃၀၀ (၆)ဆု၊ ဌေကျပ်သိန်း ၂၀၀ (၇)ဆု၊ ဌေကျပ်သိန်း ၁၀၀ (၁၈)ဆု၊ ဌေကျပ်သိန်း ၅၀ ဆု (၂၀)၊ ဌေကျပ် ၂၅ သိန်း ဆု(၂၀)၊ ဌေကျပ် ၁၀ သိန်း ဆု(၃၀)၊ ဌေကျပ် ၀ါးသိန်း (၃၄)ဆု၊ ဝေ၀ေဆာဆာပဒေသာဆုမဲစနစ်များမှ အကွာရာနှင့် ရှေ့ဂဏန်း ၀ါးလုံးတူ (၁၀)ယူနစ်အတွက် ဌေကျပ် သုံးသိန်း ဆု(၁၀၀)၊ အကွာရာနှင့် ရှေ့ဂဏန်း လေးလုံးတူ (၁၀)ယူနစ်အတွက် ဌေကျပ် နှစ်သိန်း ဆု (၁၀၀၀)၊ အကွာရာနှင့် ရှေ့ဂဏန်းသုံးလုံးတူ (၉)ယူနစ်အတွက် ဌေကျပ် တစ်သိန်း ဆု (၉၀၀၀)နှင့် အကွာရာနှင့် ရှေ့ဂဏန်း နှစ်လုံးတူ (၃)ယူနစ်အတွက် ဌေကျပ် ၀ါးသောင်း ဆု (၃၀၀၀၀) အပါအ၀င် ဆုမဲပေါင်း ၄၀၂၄၃ ဆုခွဲ၀ေပေးမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

တက္ကသိုလ်ကျောင်းသားများအတွက် အလုပ်သင်ဝန်ထမ်း အခွင့်အလမ်းများဖော်ဆောင်ပေးရန် တယ်လီနောစီစဉ်နေ

ရန်ကုန် သြဂုတ် ၂၁

ပြည်တွင်းတက္ကသိုလ်များမှ ကျောင်းသားများအနေဖြင့် ၄င်းတို့သင်ယူသည့် ဘာသာရပ်နှင့် ကိုက်ညီသော အလုပ်အတွေ့အကြုံများ ရရှိစေရန်အတွက် တယ်လီနောမြန်မာနှင့် မြန်မာနိုင်ငံရှိတက္ကသိုလ်များ လက်တွဲပူးပေါင်းမှုကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

နည်းပညာတက္ကသိုလ်(မော်ဘီ)၊ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(သန်လျင်)နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်တို့တွင် နောက်ဆုံးနှစ်ပညာ သင်ယူပြီးသော ကျောင်းသားကျောင်းသူများသည် ယခုနှစ်အောက်တိုဘာလတွင် စတင်တော့မည့် တယ်လီနော၏ အလုပ်သင်ဝန်ထမ်း အစီအစဉ်တွင် ဝင်ရောက်လျှောက်ထားနိုင်တော့မည်ဖြစ်ကာ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြားတက္ကသိုလ်များနှင့် ပူးပေါင်း၍လည်း အစီအစဉ်ကို ဆက်လက်တိုးချဲ့သွားမည်ဖြစ်ကြောင်း တယ်လီနောမြန်မာမှ သိရသည်။

အဆိုပါ အလုပ်သင်ဝန်ထမ်းခေါ်ယူမည့်အစီအစဉ်ကို မိတ်ဆက်သည့်အနေဖြင့် ရှင်းလင်းပွဲများကိုလည်း တက္ကသိုလ်များ၌ သြဂုတ် ဒုတိယပတ်နှင့် တတိယပတ်အတွင်းက ပြုလုပ်ခဲ့ပြီးဖြစ်သည်။ တယ်လီနော၏ အလုပ်သင်ဝန်ထမ်းခေါ်ယူမည့် လုပ်ငန်းကဏ္ဍများတွင် လူစွမ်းအားအရင်းအမြစ်၊ ဘဏ္ဍာရေး၊ စီးပွားရေးလည်ပတ်မှု၊ နည်းပညာ၊ စျေးကွက်ရှာဖွေရေး၊ ကော်ပိုရိတ်ဆိုင်ရာဆက်သွယ်ရေး စသည့်တို့ ပါ၀င်မည်ဖြစ်ပြီး ရွေးချယ်ခံရသော အလုပ်သင်ဝန်ထမ်းတစ်ဦးသည် တစ်လမှ သုံးလအထိ လေ့လာခွင့်ရမည်ဖြစ်ကြောင်း၊ အဆိုပါ ကာလအတွင်း အလုပ်သင်ဝန်ထမ်းများအနေနှင့် ကုမ္ဍဏီ၏ အလုပ်လုပ်ကိုင်မှုနည်းစနစ်များကို သင်ယူလေ့လာနိုင်မည့်အပြင် အလုပ်ခွင်၌ ဝင်ရောက်လုပ်ကိုင်ရာတွင် လိုအပ်သည့်ပူးပေါင်းဆောင်ရွက်နိုင်စွမ်းများ တိုးတက်လာအောင် သင်ကြားပေးခြင်း၊ တယ်လီနော၏ သင်ကြားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ထမ်းများနှင့် ကြီးကြပ်သူများထံမှ လမ်းညွှန်သင်ကြားပေးခြင်းများ ရရှိမည်ဖြစ်ကာ အလုပ်သင်အစီအစဉ်ပြီးဆုံးကြောင်း အသိအမှတ်ပြုလက်မှတ်များကိုလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သွန်းဝဿန်

ဆမ်ဆောင်းတက်ဘလက်မော်ဒယ်သစ် မိတ်ဆက်

ရန်ကုန် သြဂုတ် ၂၁

ဆမ်ဆောင်း၏ မျိုးဆက်သစ် တက်ဘလက်မော်ဒယ်သစ်တစ်ခုဖြစ်သော Galaxy Tab J ကို မြန်မာနိုင်ငံစျေးကွက်တွင် သြဂုတ် ၁၉ ရက်က စတင်မိတ်ဆက်၍ ရောင်းချနေပြီဖြစ်ကြောင်း ဆမ်ဆောင်းမြန်မာမှ သိရသည်။

တက်ဘလက်တစ်လုံးကဲ့သို့သာမက စမတ်ဖုန်းတစ်လုံးအဖြစ်ပါ သုံးစွဲနိုင်ပြီး စျေးနှုန်းအားဖြင့်လည်း သင့်တင့်သော စျေးနှုန်းရှိသည့် Galaxy Tab J သည် မျက်နှာပြင်အကျယ် ခုနှစ်လက်မရှိပြီး ကိုယ်ထည်အရောင်မှာ ရွှေရောင်၊ အနက်ရောင်နှင့် အဖြူရောင် သုံးမျိုးရှိကာ သြဂုတ် တတိယပတ်မှစတင်၍ စျေးနှုန်း ကျပ် ၂၂၅၀၀၀ ဖြင့် ရောင်းချနေပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် Galaxy Tab J ကို စတင်ရောင်းချခြင်း အထူးအစီအစဉ်အနေဖြင့် ၀ယ်ယူသူများအား ဆမ်ဆောင်းအမှတ်တံဆိပ် 8GB micro SD card များကို အရေအတွက်အကန့်အသတ်ဖြင့် လက်ဆောင်ပေးအပ်သွားမည်ဟု သိရသည်။

သွန်းဝဿန်

နာရေးကူညီမှုအသင်းနှင့် ကျန်းမာရေးအထောက်အကူပြုအဖွဲ့ ပူးပေါင်း၍ နိုင်ငံတကာအဆင့်မီ အရေးပေါ်ကယ်ဆယ်ရေးသင်တန်းဖွင့်

မြိတ် သြဂုတ် ၂၁

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် သဘာ၀ဘေးအန္တရာယ် ကယ်ဆယ်ရေးအပါအ၀င် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် မြိတ်ခရိုင် နာရေးကူညီမှုအသင်းနှင့် ကျန်းမာရေးအထောက်အကူပြုအဖွဲ့တို့က ကြီးမှူးဖွင့်လှစ်သည့် နိုင်ငံတကာအဆင့်မီ အရေးပေါ်ကယ်ဆယ်ရေးသင်တန်း ဖွင့်ပွဲကို မြိတ်မြို့ တောရအောက်ကျောင်း၌ သြဂုတ် ၁၉ ရက်က ကျင်းပခဲ့သည်။

သင်တန်းတွင် လက်တွေ့လူနာသယ်ဆောင်နည်းများ၊ ယာဉ်တိုက်မှုအပါအ၀င် အရေးပေါ်ကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းနှင့် လမ်းပေါ် အရေးပေါ်ကယ်ဆယ်ရေး သရုပ်ပြခြင်းများကို မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ ချုပ်မှ ဥက္ကဋ္ဌ ဦးလှထွန်းနှင့် နည်းပြ ၃၇ ဦးတို့က သြဂုတ် ၁၉ ရက်မှ ၂၄ ရက်အထိ လက်တွေ့သရုပ်ပြ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ နာရေးကူညီမှုအသင်းနှင့် ကျန်းမာရေးအထောက်အကူပြုအဖွဲ့ ၁၈ ဖွဲ့မှ အဖွဲ့ဝင်များ၊ စိတ်ပါဝင်စားသူများ စုစုပေါင်း ၂၄၅ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် တောရအောက်ကျောင်း ဆရာတော်က သြဝါဒကထာ မိန့်ကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မော်မော်ဦးနှင့် တာ၀နိုရှိသူများက အမှာစကား ပြောကြားသည်။ ထို့နောက် မြိတ်မြို့ ၀ဋ္ဌသက နာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးဇော်မျိုးဦးက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းကို စတင်ပို့ချခဲ့ကြသည်။

အဆိုပါ နိုင်ငံတကာအဆင့်မီ အရေးပေါ်ကယ်ဆယ်ရေးသင်တန်း ဖွင့်လှစ်နိုင်ရေးအတွက် ၀ဋ္ဌသက နာရေးကူညီမှုအသင်း၊ ချမ်းမြေ့ ကျန်းမာရေးအထောက်အကူပြုအဖွဲ့နှင့် ကရုဏာ ကျန်းမာရေးအထောက်အကူပြုအဖွဲ့တို့က ဦးဆောင်ကာ သင်တန်းအတွက် လိုအပ်သည်များကို ရတနာမိုးပြည့်ထွန်းကုမ္ဍဏီနှင့် စေတနာရှင် အလှူရှင်များက ပံ့ပိုးကူညီပေးခဲ့ကြောင်း သင်တန်းကြီးကြပ်ရေးအဖွဲ့မှ သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

နိုင်ငံတကာစားသောက်ကုန်လုပ်ငန်းများ မြန်မာနိုင်ငံစျေးကွက်သို့ အပြိုင်အဆိုင်ဝင်ရောက်လျက်ရှိ

ရန်ကုန် သြဂုတ် ၂၁

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့် ပြောင်းလဲလာသည့် လူနေမှုပုံစံများကြောင့် နိုင်ငံတကာ အစားအသောက်နှင့် အဖျော်ယမကာ ထုတ်လုပ်ဖြန့်ချိရောင်းချသူများအနေဖြင့် မြန်မာနိုင်ငံစျေးကွက်အတွင်းသို့ ဝင်ရောက်ရန် အပြိုင်အဆိုင် ကြိုးပမ်းလာလျက်ရှိကြောင်း မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးနေလင်းက ပြောသည်။

"မြန်မာနိုင်ငံ ပြည်တွင်းအစားအသောက်နဲ့ အဖျော်ယမကာ လက်လီစျေးကွက်အတွင်း နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများနဲ့ ကုန်ပစ္စည်းဖြန့်ချိသူတွေက အကြောင်းအမျိုးမျိုးနဲ့ ဝင်ရောက်ဖို့ ကြိုးစားနေကြပါပြီ။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အလုံးအရင်းနဲ့အတူ ဝင်ရောက်လာဖို့ ရှိနေပါတယ်" ဟု ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ သြဂုတ် ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သည့် တတိယအကြိမ် Myanmar FoodBev Expo အခမ်းအနားတွင် ၄င်းက ပြောကြားသည်။

ယခုအခါ ရန်ကုန်မြို့အပါအ၀င် မြို့ကြီးများ၌ ရူပါမားကတ်များ၊ ကုန်စုံဆိုင်များ၊ ဟိုတယ်နှင့် စားသောက်ဆိုင်များ၊ ကုန်ပစ္စည်းအမယ်သစ် ဖြန့်ချိရေးလုပ်ငန်းများ၊ စျေး၀ယ်စင်တာများကို စျေးကွက်လိုအပ်ချက်အရ အပြိုင်အဆိုင် ဖွင့်လှစ်လုပ်ကိုင်လာလျက်ရှိသည်။ မြန်မာနိုင်ငံ၏ လက်လီစျေးကွက်သည်လည်း နှစ်စဉ် ၁၆ ရာခိုင်နှုန်းအထိ မြင့်တက်လာနေကြောင်း၊ မြန်မာအစားအသောက်နှင့် အဖျော်ယမကာစျေးကွက်မှာလည်း နှစ်စဉ် ၂၀ ရာခိုင်နှုန်း ကြီးမားလာနေကြောင်း၊ မြန်မာနိုင်ငံ လက်လီစျေးကွက်အတွင်း တရုတ်နှင့် ထိုင်းနိုင်ငံတို့အပြင် မလေးရှား၊ စင်ကာပူနှင့် ဗီယက်နမ်စသည့် ဒေသတွင်းနိုင်ငံများမှ ထုတ်ကုန်ပစ္စည်းများမှာလည်း သိသိသာသာ ဝင်ရောက်လာနေကြောင်း၊ မြန်မာနှင့် ဒေသတွင်းအာဆီယံနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း ချိတ်ဆက်မှုများမှာလည်း ပိုမိုအားကောင်းလာလျက်ရှိကြောင်း အသင်းဥက္ကဋ္ဌ၏ ပြောကြားချက်အရ သိရသည်။

မြင့်မောင်စိုး

ချင်းပြည်နယ်က ပြန်ခဲ့တယ်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - ခရမ်းစိုးမြင့်

ချင်းတောင်တန်းတစ်နေရာ

ကျွန်တော်သည် ချင်းပြည်နယ်သို့သွားရန် ရန်ကုန်မှ ကလေးသို့လေယာဉ်စီး၍ လိုက်လာခဲ့သည်။ ကလေးလေယာဉ်ဆိုက်တော့ လိုက်ပို့ပေးမည့် ကလေးလမ်းဦးစီးဌာနမှ လွှတ်သော ကားကလေးဖြင့် မဏိပူရမြစ်ပေါ်မှ ဗားရ်တံတားအထိစီးလာခဲ့ပြီး ဗားရ်တံတားမှ ဖလမ်းအထိကို ဖလမ်းမြို့နယ် လမ်းဦးစီးမှူး ဒေါ်စွိုင်ခန်တယ်က တာဝန်ယူပို့ပေးခဲ့သည်။ ကားစီးလာရင်း ကားပေါ်မှ တောင်တန်းကြီးများကို လှမ်းမြင်နေရသည်။ “သည်တောင်တန်းကြီးတွေက ရခိုင်ရိုးမ တောင်တန်းကြီးတွေနဲ့ ဆက်နေတဲ့ ချင်းတောင်တန်းတွေပေါ့ ဆရာရဲ့၊ အဲဒီတောင်တန်းကြီးတွေပေါ်မှာပဲ ကျွန်မတို့ချင်းလူမျိုးတွေနေကြတာ။ ဒေသခံတွေက တောင်ယာစပါးနဲ့ အစေ့ထုတ်ပြောင်းကို အဓိကစိုက်ပျိုးကြတယ်လေ။ နောက်ပြီး နှစ်ရှည်သီးနှံအဖြစ် ရော်ဘာ၊ သစ်မွှား၊ လက်ဖက်၊ လိမ္မော်၊ သရက်၊ သစ်တော်၊ ထောပတ်နဲ့ ပန်းသီးစိုက်ကြတယ်။ မွေးမြူရေးဇုန်၊ စက်မှုဇုန်တို့ မရှိပါဘူး။ ကျောက်မျက်ထုတ်လုပ်မှု၊ သတ္တုတူးဖော်ထုတ်လုပ်မှုလည်း မရှိပါဘူး။ မွေးမြူရေးနဲ့ပတ်သက်လို့ နွားနောက်နဲ့ကျွဲ၊ ဝက်၊ ဆိတ်၊ ကြက်၊ ဘဲ၊ ငုံးတို့မွေးကြပါတယ်”ဟု ချင်းလူမျိုး ဖလမ်းလမ်းဦးစီးမှ AE ဒေါ်စွိုင်ခန်တယ်က ပြောသည်။

ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်မြောက်ပိုင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၄၀ မိနစ်နှင့် ၂၄ ဒီဂရီအကြား၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၆ မိနစ်နှင့် ၉၄ ဒီဂရီ ၀၉ မိနစ်အကြားတွင် တည်ရှိပြီး ဧရိယာအကျယ်အဝန်းမှာ စတုရန်းမိုင် ၁၃၉၀၇ မိုင် ကျယ်ဝန်းကြောင်း သိရသည်။

မြေမျက်နှာသွင်ပြင်မှာ မြောက်ဘက်တွင် ပေ ၈၀၀၀ ကျော်၊ တောင်ဘက်တွင် ပေ ၁၀၀၀၀ ကျော်မြင့်သော တောင်ကြောများသည် ရေဝေကုန်းတန်းများအဖြစ် မြောက်မှတောင်သို့ သွယ်တန်းလျက်ရှိပြီး ပြည်နယ်၏အလယ်သို့ ရောက်သောအခါ အနောက်ဘက်သို့ ယိမ်းသွားသည်။ အမြင့်ဆုံးတောင်မှာ ပေ ၁၀၅၀၀ ရှိ ဝိတိုရိယ (ခေါ်) ခေါ်နူးသုမ် (ခေါ်) နတ်မတောင်ဖြစ်သည်။

ချင်းပြည်နယ်အတွင်းရှိ မြစ်များအနက် ဘွေနူးမြစ်သည် ဖလမ်းမြို့နယ်တွင် မြစ်ဖျားခံ၍ ဗားဝါးမြို့နယ်နှင့် ထန်တလန်မြို့နယ်အကြားနှင့် အိန္ဒိယနိုင်ငံအတွင်း ယင်းမှတစ်ဆင့် ရခိုင်ပြည်နယ် ပလက်ဝမြို့သို့ ကုလားတန်မြစ်အဖြစ်စီးဝင်သည်။ မဏိပူရမြစ်သည်လည်း အိန္ဒိယနိုင်ငံတွင် မြစ်ဖျားခံ၍ တွန်းဇီ၊ တီးတိန်၊ ဖလမ်းမြို့နယ်များ သို့ဖြတ်သန်းပြီး ကလေးမြို့တွင်မြစ်သာမြစ်အတွင်းသို့ စီးဝင်လျက်ရှိသည်။

ချင်းပြည်နယ်၏ အုပ်ချုပ်မှုသမိုင်းကို ပြန်ကြည့်လျှင် ချင်းလူမျိုးတို့သည် ချင်းတောင်တန်းတစ်ခုလုံးတွင် မိမိတို့မျိုးနွယ်စုများအလိုက် ရွာများတည်ထောင်၍ နေထိုင်ပြီး ပြောဆိုသုံးနှုန်းသော ဘာသာစကားများလည်း ကွဲပြားမှုရှိသည်။ ရှေ့ပြောင်းတောင်ယာစနစ်ကြောင့် မြေသစ်တွေရှိပါက နောက်မှ ပြောင်းရွှေ့လာသူများကို ပထမဆုံးရောက်နှင့်နေသူက မြေနေရာဝေပေးရသည်။ ရှေးဦးချင်းမျိုးနွယ်များသည် သားရဲတိရစ္ဆာန်ဘေးအန္တရာယ်ကို ဖြိုခွင်းနိုင်သူ၊ အမဲလိုက်ရာတွင် ခွန်အားဗလသန်မာသူ၊ ရဲဝံ့စွန့်စားပြီး သတ္တိဗျတ္တိနှင့်ပြည့်စုံသူတို့က ၄င်းတို့စုစည်းနေထိုင်ရာဒေသ၏ အကြီးအကဲခေါင်းဆောင်များအဖြစ် ခံယူအုပ်ချုပ်လျက်ရှိသည်။ ရပ်ရွာတည်မြဲသည့်ကာလ ကြာလာသောအခါ အုပ်ချုပ်သည့်အခွင့်အာဏာကို သားစဉ်မြေးဆက် ဆက်ခံလေ့ရှိသည်။ မျိုးနွယ်စုများ ပူးပေါင်းတည်ထောင်သော ကျေးရွာများတွင် မျိုးနွယ်စုအလိုက် ခေါင်းဆောင်များရှိကြပြီး ထိုခေါင်းဆောင်များထဲမှ နှလုံးရည်၊ လက်ရုံးရည် အပြည့်ဝဆုံးပုဂ္ဂိုလ်အား အကြီးအကဲအဖြစ် ရွေးချယ်ခန့်အပ်ထားလေ့ရှိသည်။

အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး ၁၈၂၆ ခုနှစ်တွင် အင်္ဂလိပ်တို့သည် ပလက်ဝနယ်ကို စစ်တွေခရိုင်အတွင်း သွတ်သွင်းအုပ်ချုပ်ခဲ့ပြီး ၁၈၆၅ ခုနှစ်တွင် စစ်တွေခရိုင်အောက်မှ ပလက်ဝကို သီးခြားခွဲထုတ်ကာ မြောက်ပိုင်းရခိုင်ခရိုင် (Northern Arakan District) အဖြစ် သတ်မှတ်အုပ်ချုပ်ခဲ့သည်။

ချင်းပြည်နယ်ကို ပြိတိသျှအစိုးရသည် တောင်တန်းဒေသများအဆင့်၌သာ ထားရှိခဲ့ရာမှ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ၁၉၆ အရ ချင်းတောင်တန်းနယ်များနှင့် ရခိုင်တောင်တန်းနယ်အချို့ကို ပေါင်းစပ်၍ ချင်းဝိသေသတိုင်းဟု ခေါ်ဝေါ်သတ်မှတ်ခဲ့ပြီး ၁၈၉၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သော ချင်းတောင်တန်းစည်းမျဉ်းဥပဒေကို ရုပ်သိမ်းကာ ၁၉၄၈ ခုနှစ် ချင်းဝိသေသတိုင်း အက်ဥပဒေ (Chin Special Division Act, 1948)ကို ပြဋ္ဌာန်းခဲ့သည်။ ချင်းဝိသေသတိုင်းကို ခရိုင်နှစ်ခုသတ်မှတ်ကာ မြောက်ပိုင်းချင်းခရိုင်ကို ဖလမ်း၊ တီးတိန်၊ ဟားခါး သုံးမြို့နယ်ဖြင့်လည်း ကောင်း၊ တောင်ပိုင်းချင်းခရိုင်ကို မင်းတပ်၊ ကန်ပက်လက်၊ ပလက်ဝ၊ မတူပီ လေးမြို့နယ်ဖြင့် လည်းကောင်း ဖွဲ့စည်းအုပ်ချုပ်ခဲ့သည်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် တော်လှန်ရေးကောင်စီက (၃.၃.၁၉၆၂) ရက်နေ့တွင် ကြေညာချက်ဖြင့် ပါလီမန်ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နှင့် ချင်းရေးရာကောင်စီကို ဖျက်သိမ်းပြီး ချင်းရေးရာဦးစီးအဖွဲ့ဥက္ကဋ္ဌသို့ ချင်းရေးရာဝန်ကြီး၏ လုပ်ပိုင်ခွင့်များကို အပ်နှင်းသည်။ (၇.၇.၁၉၆၆) ရက်နေ့တွင် ဟားခါးမြို့၌ ချင်းရေးရာဦးစီးအဖွဲ့ရုံးကို ဖွင့်လှစ်စေသည်။ ထို့နောက် (၈.၈.၁၉၇၂) ရက်နေ့တွင် ချင်းရေးရာဦးစီးအဖွဲ့ကို ဖျက်သိမ်းပြီး ချင်းဝိသေသတိုင်းလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီကို ခန့်အပ်တာဝန်ပေး အုပ်ချုပ်စေသည်။

တော်လှန်ရေးကောင်စီ လက်ထက်တွင် ပြည်ထဲရေးဌာန၏ (၅.၁၀.၁၉၆၅) ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ဖလမ်းခရိုင် ထန်တလန်မြို့နယ်နှင့် တွန်းဇီမြို့နယ်နှစ်မြို့နယ် ထပ်မံဖွဲ့စည်းခဲ့ပြီး ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ(၃၀)၊ ပုဒ်မခွဲ (ခ)အရ ချင်းပြည်နယ်ဟု ဖြစ်ပေါ်ခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက် တိုင်းနှင့်ပြည်နယ်များအလိုက် ပါဝင်သည့်မြို့နယ်စုများ သတ်မှတ်ဖွဲ့စည်းရာတွင် ချင်းပြည်နယ်အတွင်း ဖလမ်းမြို့နယ်စုနှင့် မင်းတပ်မြို့နယ်စုဟူ၍ မြို့နယ်စုနှစ်ခုပါဝင်ခဲ့သည်။ ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာဖြင့် မြို့နယ်စုများ၏အမည်ကို အုပ်ချုပ်ရေးသဘောအရ အခေါ်အဝေါ်ရှင်းလင်းစေရန် “ခရိုင်”ဟု ပြင်ဆင်သတ်မှတ်ခဲ့သည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင်ကျင်းပသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၃၁/၂၀၁၃)၏ သဘောတူညီချက်အရ ချင်းပြည်နယ်ရှိ ရေဇွာ၊ ရိုခေါရ်၊ ကျီးခါးတို့ကိုခေါ်ဝေါ်သည့် မြို့နယ်ခွဲစကားရပ်အစားပြည်ထဲရေးဝန်ကြီးဌာန၏ (၂၂.၅.၂၀၁၄) ရက်စွဲပါ အမိန့်ကြော်ငြာစာ (၆၁၁/၂၀၁၄) ဖြင့် ပယ်ဖျက်လိုက်ပြီး မြို့အဖြစ်သတ်မှတ်လိုက်သည်။

ယခုအခါ ချင်းပြည်နယ်တစ်ခုလုံးတွင် အိမ်ခြေ ၇၂၇၂၃ အိမ်၊ အိမ်ထောင်စု ၉၂၁၇၃ စုရှိပြီး လူဦးရေပေါင်း မြို့ရောတောပါ ၄၇၈၆၉၀ အထိ ရှိနေပြီဟုသိရပြီး ပြည်နယ်၏မြို့တော်ဖြစ်သော ဟားခါးမှာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၆၁၂၀ မြင့်သည်။

ချင်းပြည်နယ်မှ အပြန်ခရီးတွင် ဟားခါးမှ ဖလမ်း၊ ဖလမ်းမှ ကလေးသို့ ကားဖြင့်ပြန်ခဲ့ရာ ကျွန်တော်တို့ကိုလိုက်ပို့သော ကားကလေးက ချင်းတောင်တန်းကြီးများအပေါ်၌ တစ်တောင်တက်၊ တစ်တောင်ဆင်းဖြင့် ပြေးလျက်ရှိသည်။ ကားပေါ်လိုက်ပါရင်း ကျွန်တော့်မျက်စိထဲတွင် ချင်းအိမ်ကလေးများကို လှမ်းမြင်နေရသည်။ နောက်တောင်စဉ် တောင်တန်းများပေါ်မှ သဘာဝပေါက်ပင်ကြီးများဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုးနှင့် သစ်မာပင်ကြီးများ၊ သစ်အယ်၊ ရှားနက်၊ ထင်းရှူးနှင့် တောင်ဇလပ်ပန်းများ၊ ဖလမ်းနှင့် ဟားခါးတွင် မြင်တွေ့ခဲ့ရသည့် ချင်းလေ့ထုံးစံများ၊ တစ်ကျိုက်၊ နှစ်ကျိုက်မှော့ခဲ့ရသည့် တောင်ပေါ်ခေါင်ရည် ချိုမြမြကလေးများကို ကျွန်တော်ဘယ်တော့မှ မေ့နိုင်တော့မည် မဟုတ်တော့ပေ.....။

“သည်တောင်တန်းကြီးတွေက ရခိုင်ရိုးမတောင်တန်းကြီးတွေနဲ့ ဆက်နေတဲ့ ချင်းတောင်တန်းတွေပေါ့ ဆရာရဲ့၊ အဲဒီတောင်တန်းကြီးတွေပေါ်မှာပဲ ကျွန်မတို့ ချင်းလူမျိုးတွေနေကြတာ။ ဒေသခံတွေက တောင်ယာစပါးနဲ့ အစေ့ထုတ်ပြောင်းကို အဓိကစိုက်ပျိုးကြတယ်လေ။ နောက်ပြီး နှစ်ရှည်သီးနှံအဖြစ် ရော်ဘာ၊ သစ်မွှား၊ လက်ဖက်၊ လိမ္မော်၊ သရက်၊ သစ်တော်၊ ထောပတ်နဲ့ ပန်းသီးစိုက်ကြတယ်။ မွေးမြူရေးဇုန်၊ စက်မှုဇုန်တို့ မရှိပါဘူး။ ကျောက်မျက်ထုတ်လုပ်မှု၊ သတ္တုတူးဖော်ထုတ်လုပ်မှုလည်း မရှိပါဘူး။ မွေးမြူရေးနဲ့ပတ်သက်လို့ နွားနောက်နဲ့ကျွဲ၊ ဝက်၊ ဆိတ်၊ ကြက်၊ ဘဲ၊ ငုံးတို့မွေးကြပါတယ်

မဏိပူရမြစ်ပေါ်၌ တည်ဆောက်ထားသည့် ဗားရ်တံတားကို တွေ့ရစဉ်

မြန်မာ့ကော်ဖီအထူးတန်းအဖြစ်သတ်မှတ်ခံရပြီး ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ပြီ

သက်နိုင်(ပြင်ဦးလွင်)

ကမ္ဘာ့နိုင်ငံအသီးသီးမှ ကော်ဖီပညာရှင်များက ကော်ဖီကို စံချိန်စံညွှန်းတိုင်းတာသတ်မှတ်ရာတွင် ကော်ဖီ၏အနံ့၊ အရသာ၊ အချဉ်ဓာတ်၊ ကော်ဖီ၏ပျစ်နှုန်း၊ လည်ပင်းတွင် စွဲတင်ကျန်ရစ်သည့် အရသာစသည့် အချက်ငါးချက်ဖြင့် စစ်ဆေးကြည့်ရှုကြရာ မြန်မာ့ကော်ဖီသည် ရမှတ် ၈၀ ကျော်ရှိလျက် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းတွဲဖက်အတွင်းရေးမှူး ဦးသုဇော်၏ ပြောပြချက်အရ သိရသည်။

မြန်မာနိုင်ငံ၌ကော်ဖီကို လွတ်လပ်ရေးမရမီကပင် စတင်စိုက်ပျိုးလာခဲ့ပြီး ယခုအခါ ပြင်ဦးလွင်၊ နောင်ချို၊ ရွာငံ၊ လိပ်သို၊ သံတောင်၊ ချင်းပြည်နယ်တို့တွင် အများအပြား စိုက်ပျိုးထုတ်လုပ်လျက်ရှိနေပြီး ၁၉၉၈ ခုနှစ်မှစတင်၍ ပြင်ဦးလွင်မြို့နယ်တွင် ကေငါးသောင်း၊ နောင်ချိုမြို့နယ်တွင် ကေငါးသောင်း စုစုပေါင်း ကေတစ်သိန်းတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုအခါ မြန်မာနိုင်ငံကော်ဖီသုတေသနမှ FAO နှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိနေပြီး တစ်ခေတ်တစ်ခါခေတ်မမီသေးချိန်က မြန်မာ့ကော်ဖီကို ပိုးမွှားဒဏ်ခံနိုင်အောင်ထက် အထွက်တိုးရန်သာ ဦးစားပေးလုပ်ကိုင်စိုက်ပျိုးရပြီး ယခုအခါ ကော်ဖီ၏အရည်အသွေးမြင့်မားအောင် စနစ်တကျစီစဉ်စိုက်ပျိုးထုတ်လုပ်လျက်ရှိနေကြောင်းနှင့် မြန်မာနိုင်ငံမှ တစ်နှစ်လျှင် ကော်ဖီတန်ချိန် ၂၀၀၀ ဝန်းကျင် ထုတ်လုပ်လျက်ရှိနေကြောင်း သိရသည်။

မြန်မာ့ကော်ဖီသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုထုတ်လုပ်နိုင်သည်သာမက နိုင်ငံခြားတိုင်းပြည်များသို့ တင်ပို့ရောင်းချလာနိုင်သည်အထိ အဆင့်မြင့်မားလာခဲ့ပြီဖြစ်သဖြင့် ပြည်တွင်းမှ သုံးစွဲသူများအနေဖြင့်လည်း မြန်မာ့ကော်ဖီကို ပိုမိုစိတ်ချယုံကြည်စွာသုံးစွဲကြရန်၊ ကော်ဖီအရည်အသွေးကို နည်းစနစ်မှန်မှန်ဖြင့် ဖျော်ယူသောက်သုံးကြရန် သို့မှလည်း ကော်ဖီ၏အရသာ ပိုမိုကောင်းမွန်လာနိုင်သကဲ့သို့ သုံးစွဲသောက်သုံးသူတို့အတွက် ကောင်းမွန်သော အကျိုးဖြစ်ထွန်းမှုတို့ ရရှိစေရန်စသည်ဖြင့် ဩဂုတ် ၁၈ ရက်က ပြင်ဦးလွင်မြို့ ပန်းတော်ဝင်စားသောက်ဆိုင်၌ကျင်းပသော ကော်ဖီဖျော်နည်းအမျိုးမျိုးသရုပ်ပြပွဲတွင် ဦးသုဇော်က ဆက်လက်ပြောကြားခဲ့သည်။

မြန်မာ့ကော်ဖီကို ပြည်တွင်းမှ သုံးစွဲသူများပြားလာပြီး ပြည်တွင်းမှာပင် ရေရှည်တည်တံ့ရန်နှင့် နိုင်ငံခြားတိုင်းပြည်များသို့လည်း အရည်အသွေးမီကော်ဖီများတင်ပို့၍ တခြားသောကော်ဖီထုတ်လုပ်သည့် နိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်ရန်၊ မြန်မာ့ကော်ဖီကို ပြည်ပသို့ နာမည်ကောင်းဖြင့် အမြောက်အမြားတင်ပို့ရောင်းချနိုင်ရန် ၊ ကော်ဖီထုတ်လုပ်စိုက်ပျိုးသူများအနေဖြင့်လည်း မြန်မာ့ကော်ဖီဈေးကွက်ကမ္ဘာတွင် နေရာယူလာနိုင်သည့်နည်းတူ အရည်အသွေးမြင့်မားကောင်းမွန်သည့်ကော်ဖီကို စိုက်ပျိုးထုတ်လုပ်သုံးစွဲနိုင်ကြရန်တို့ကို ကော်ဖီလုပ်ငန်းရှင်များ၊ စားသောက်ဆိုင်ကြီးများ၊ ဟိုတယ်မိုတယ်နှင့် တခြားစိတ်ပါဝင်စားသူတို့ကိုဖိတ်ကြား၍ အဆိုပါကော်ဖီဖျော်နည်းအမျိုးမျိုး သရုပ်ပြပွဲ၌ ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

သို့မှသာ မြန်မာ့ကော်ဖီသည် ကမ္ဘာတွင်ပိုမိုကျော်ကြားထင်ရှားလာနိုင်မည်ဖြစ်သကဲ့သို့ ကော်ဖီစိုက်ပျိုးသူတောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းစေရန် အရွယ်ရောက်သီးမှည့်များကိုသာ ခူးဆွတ်ကြရန်လိုအပ်ကြောင်း သိရသည်။

ယခုအခါ မြန်မာ့ကော်ဖီသည် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ပြီဖြစ်သဖြင့် ဩဂုတ် ၂၃ ရက်တွင် အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ဒီစီမြို့၌ ကျင်းပမည့် ကော်ဖီပွဲတော်သို့ မြန်မာနိုင်ငံမှလည်း ဝင်ရောက်ပြသမည်ဖြစ်ပြီး ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းသည် ရေရှည်စီးပွားရေးလုပ်ငန်းဖြစ်သကဲ့သို့ တိုင်းပြည်အတွက် ခဏတာအတွင်း တစ်ဟုန်ထိုးစီးပွားဖြစ်ထွန်းအောင် မစွမ်းဆောင်နိုင်သေးသော်လည်း နိုင်ငံ့ဂုဏ်ကို ဖော်ဆောင်နိုင်သည့် လုပ်ငန်းတစ်ခုအဖြစ် တည်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ခရမ်းချဉ်သီးတန်ဖိုးမြှင့်ထွက်ကုန်ထုတ်လုပ်ခြင်းသင်တန်း မုံရွာမြို့၌ဖွင့်

မုံရွာ ဩဂုတ် ၂၁

အသေးစား၊ အလတ်စား လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသတွင်းမှ ထွက်ရှိသည့်သီးနှံများအား တန်ဖိုးမြှင့်ဈေးကွက်ဝင်ထုတ်ကုန်များအဖြစ် တိုးမြှင့်ထုတ်လုပ်နိုင်ရန်ရည်ရွယ်ပြီး စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် PUM Netherlands Senior Experts၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းတို့၏ ပူးပေါင်းမှုဖြင့် ခရမ်းချဉ်သီးတန်ဖိုးမြှင့်ထွက်ကုန်ထုတ်လုပ်ခြင်းသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၀ ရက်က မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှဦးစီးမှူး ဦးဆန်းထွန်းကို၊ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးခင်ဇော်နှင့်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ထူးမင်းသိမ်း၊ တိုင်းဒေသကြီး သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းခွဲဥက္ကဋ္ဌ ဦးစောမြင့်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် အဆင့်မြင့် ခရမ်းချဉ်သီးစိုက်ပျိုးနည်းနှင့် အီတလီနည်းပညာဖြင့် ခရမ်းချဉ်သီးဆော့စ်နှင့် ဖျော်ရည်ထုတ်လုပ်နည်းများကို နယ်သာလန်မှ Mr. Marinus Minkjan က ဆွေးနွေးပို့ချပြီး တက်ရောက်လာကြသည့် သင်တန်းသားများက သိရှိလိုသည်များကို ပြန်လည် မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါသင်တန်းသို့ ဒေသတွင်းမှ ခရမ်းချဉ်သီး စိုက်ပျိုးထုတ်လုပ်သူတောင်သူများနှင့် အခြားစိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြကာ နယ်သာလန်မှ ကျွမ်းကျင်ပညာရှင် Mr. Marinus Minkjan နှင့်အတူ ခရမ်း ချဉ်စိုက်ခင်းများအား ဩဂုတ် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ကွင်းဆင်းလေ့လာခဲ့ကြကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

ယာဉ်မောင်း ကျား (၂)ဦးအလိုရှိသည်

၁။ အသက် (၅၀) ထက်မကျော်လွန်သူဖြစ်ရမည်။
၂။ ပညာအရည်အချင်းအနိမ့်ဆုံးအလယ်တန်းအဆင့်ရှိရမည်။
၃။ ရန်ကုန်မြို့တွင်း၊ ကျွမ်းကျင်စွာမောင်းနှင်နိုင်သူ၊ ရုံဖန်ရုံခါ ခရီးဝေးမောင်းနိုင်သူ၊ (ခ)လိုင်စင်ရှိသူ ဖြစ်ရမည်။
၄။ ယာဉ်မောင်းအတွေ့အကြုံ (၂)နှစ်ရှိရမည်။
၅။ ယာဉ်တိုက်မှုမှတ်တမ်းကင်းရှင်းသူဦးစားပေးမည်။
၆။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစစ်ဆေးခံနိုင်ရမည်။ စိတ်ရည်သည်းခံမှုစစ်ဆေးခံနိုင်ရမည်။

လျှောက်ထားလိုသူများသည် (၁)လအတွင်း ရိုက်ထားသော ရောင်စုံပတ်စ်ပို့ဓာတ်ပုံသုံးပုံ၊ အိမ်ထောင်စုဇယားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်းထောက်ခံချက် မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူနှင့် ကိုယ်ရေးရာဇဝင်အကျဉ်းများကို ပူးတွဲလျက် ၅-၉-၂၀၁၆ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း လျှောက်ထားနိုင်ပါသည်။

(က) မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် အမှတ်(၆၈)၊ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
(ခ) သတ်မှတ်ရက်ထက်ကျော်လွန်သော လျှောက်လွှာများနှင့် ပြည့်စုံမှုမရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၆၃၀၈၀၊ ၀၁-၆၆၃၁၁၉

ဝန်ထမ်းအလိုရှိသည်(ရန်ကုန်/မန္တလေးတွင် ခန့်အပ်ရန်)

1.	Admin Manager & HR	(ဝန်ထမ်းရေးရာ	➤ လစာ 300000 - 500000 ++)
2.	Sales & Marketing Supervisor	(ဈေးကွက်ရှာဖွေရေး	➤ လစာ 300000 -400000 ++)
3.	Salemen	(ကျွမ်းကျင်အရောင်းဝန်ထမ်း	➤ လစာ 150000 + 300000)
4.	Accountant	(စာရင်းကိုင်	➤ လစာ 150000 +500000)
5.	Cashier	(ငွေသိမ်း	➤ လစာ 150000 + 300000 ++)
6.	MICB / MFTB	(ဘဏ်လုပ်ငန်းကျွမ်းကျင်သူ	➤ လစာ 200000 + 300000 ++)
7.	Store Keeper	(ပိုင်ဒေါင်မှူး	➤ လစာ 150000 + 300000 ++)
8.	Driver	(ယာဉ်မောင်း	➤ လစာ 250000 + 350000 ++)
9.	General	(အထွေထွေဝန်ထမ်း (ကျား)	➤ လစာ 150000 + 300000 ++)
10.	Security	(ညစောင့် (ကျား)	➤ လစာ 100000 + 200000 ++)

မှတ်ချက်။ ။ လုပ်ငန်းကျွမ်းကျင်မှုအပေါ်တွင် မူတည်၍ လစာခံစားခွင့်ရှိသည်။

ဝင်းချယ်ရီ ကုမ္ပဏီလီမိတက်

အမှတ်(၂၃၅)၊ အလယ်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ (တော်ဝင်နှင်းဆီစားသောက်ဆိုင် အနီး၊ ဗန်ဒါပင် မှတ်တိုင်) လူကိုယ်တိုင် "CV Form၊ ဓာတ်ပုံ (၂)ပုံ၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာ" နှင့် အတူ လာရောက် လျှောက်ထားနိုင်ပါသည်။ E-mail လိပ်စာ winattention888@gmail.com သို့လည်း ပေးပို့ လျှောက်ထားနိုင်ပါသည်။ Interview ကို ပထမအကြိမ် ဩဂုတ်လ 29/30/31 ဒုတိယအကြိမ် စက်တင်ဘာ 5/6/7 နံနက် (၁၀း၀၀) နာရီ မှ (၁၂း၀၀) နာရီအထိ (၆) ရက်ပြုလုပ် ပါမည်။ ဆက်သွယ်ရန် - 09 785147898, 09961312109, 09 782417883 09 967294804 / 01 55 85 42 / 01 542 844 (ရုံးချိန်တွင်းသာဆက်သွယ်ပါရန်)

ဝန်ထမ်းအလိုရှိသည်။
(ပြည်တွင်း၌သာခန့်ထားရန်)

Myanmar Educare Co.,Ltd မှ International School of Myanmar တွင်ခန့်ထားရန် အောက်ပါ ဝန်ထမ်းများ အလိုရှိပါသည်။မကြာသေးမီက ရိုက်ကူးထားသော ဓါတ်ပုံတစ်ပုံ၊ C.V၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းနှင့် လုပ်ငန်းအတွေ့အကြုံ ဖေါ်ပြချက်အတွက် စာရွက်စာတမ်းများနှင့် အတူ W-22၊ မြကန်သာလမ်းမကြီး၊ မြကန်သာအိမ်ရာ (၅)ရပ်ကွက်၊ လှိုင်မြို့နယ် တွင်ကြော်ငြာပါသည့် နေ့မှစ၍ နှစ်ပတ်အတွင်း နံနက် (၉း၃၀)မှ (၁၁း၀၀)နာရီအတွင်း လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

1.Music Assistant Teacher (Male (or) Female) 1 post
(Any Graduate) with 3 years experience
(Band Assistant,must be able to teach wind instruments such as Flute,Trumpet,Trumbone,baritone etc)
2.PE Assistant Teacher (Male (or) Female) 1 post
(Any Graduate)with 3 years experience
3.Accountant (Female) 1 post
B.Com,C.P.A
4.Receptionist (Female) 1 post
Any Graduate
5. Maintenance Man (Male) 3 posts
(Any Graduate)၊ အခြေခံပညာ အထက်တန်းအဆင့် အနည်းဆုံးရှိရမည်။
6. Custodians (Female) 5 posts
(သန့်ရှင်းရေးဝန်ထမ်း)

Applicants for all the above jobs must have good experience in English and fluent in speaking except security, maintenance and Custodians staff.

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/အင်တိုင်းသာမြောက်ရပ်၊ မြေကွက်/ဦးပိုင်အမှတ် (၃-ခ)၊ ဧရိယာ ၀.၁၁၇ဧကရှိ မြေကွက်အား ဒေါ်လွင်လွင်စိန် ၉/လဝန(နိုင်)၀၃၆၆၄၅(ဘ)ဦးရန်ရှင်းကပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ ရတနာရံမာန်အောင်ရပ်ကွက်၊ အကွက်အမှတ် ၈-ခ၊ ဆေးရုံမြောက်၊ ဦးပိုင်အမှတ် (၈၆)၊ မြေကွက်အမှတ်(၂၀/၁၆၀)၊ ဧရိယာ ၀.၁သ၀၆၆ ဧကရှိမြေကွက်အား ဒေါ်ဖွာတမာဘီ(ခ) ဒေါ်ခတီမှ မြေငှားဂရန်အသစ်လျှောက်ထားလာရာ လျှောက်ထားမြေကွက်သည် ဒေါ်ခတီအမည်ဖြင့် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၈-၅-၁၉၉၁ ရက်စွဲပါစာအမှတ် ၁၁/၂-၁/ကဆရ(၂၁၈) အရ မီးလောင်မြေနေရာတွင် နေအိမ်အဆောက်အအုံ ပြန်လည်ဆောက်လုပ်ရန် နေရာချထားသော မြေကွက်ဖြစ်ပါကြောင်းနှင့် ယခုအခါဒေါ်ဖွာတမာဘီ(ခ) ဒေါ်ခတီမှ အမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေး ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မိတ္ထီလာမြို့

Open Tender ခေါ်ယူခြင်း

၁။ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန(ရုံးချုပ်)၊ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရ စက်မှုလက်မှုသိပ္ပံများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် လိုအပ်သော ရုံးသုံး စက်ကိရိယာများနှင့် သင်ထောက်ကူပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

၂။ Open Tender ပုံစံများကို ၂၂-၈-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန၊ ဘဏ္ဍာရေးဌာနစိတ်၊ ရုံးအမှတ် (၂၁)တွင် တစ်စုံလျှင် ကျပ် (၁၀၀၀၀/-)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၂၀-၉-၂၀၁၆ရက် ညနေ ၄း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အဆိုပါ ရုံးသုံးစက်ပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများအား သက်ဆိုင်ရာဌာနနှင့် ကျောင်းများအရောက် ပေးပို့တပ်ဆင်ပေးနိုင်ရမည်။

၄။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၃၈၉၊ ၀၆၇-၄၀၄၄၅၆နှင့် website ဖြစ်သော www.tvetmyanmar. org တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၂-၈-၂၀၁၆ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၅-၈-၂၀၁၆ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေ၊ နိုင်ငံခြားငွေ (Euro) တို့ဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	Currency
၁	၅၂/မမ/ဝန်ကြီးရုံး	စက်ဆီ၊ချောဆီ(၆)မျိုး (၇၀၄၀)လီတာ ဝယ်ယူရန်	Kyat
၂	12(T)2/MR (ML/ISN)	Spare Parts for (Engine, Auxiliary,Traction Motor)(35)Items	Euro
၃	12(T)3/MR (ML/MIT)	Taper Bearing Unit(TBU) AAR Class C, 5x 9 (1300) Sets	Euro
၄	12(T)4/MR (ML/YUG)	Spare Parts for DEL& DHL (Engine, Cooling, Auxiliary, Diesel Electric) (62)Items	Euro

တင်ဒါပိတ်မည့် နေ့/အချိန် -၂၂.၉.၂၀၁၆ (ကြာသပတေးနေ့) (၁၄.၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၂၂.၈.၂၀၁၆)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း:01-294352, 291985, 291994

စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၏
အမှတ် ၃၅အကြီးစားစက်ရုံ၊ (အဆင့်မြင့်ကြွေသီးစက်ရုံ-ချောက်)အား
အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက်
စိတ်ဝင်စားသူများအား ဖိတ်ခေါ်ခြင်း (Expression of Interest)

စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်၃၅ အကြီးစားစက်ရုံ၊ (အဆင့်မြင့်ကြွေသီးစက်ရုံ-ချောက်) အား ပြည်တွင်းပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။

ပထမအဆင့်အနေဖြင့်စိတ်ပါဝင်စားသည့် ကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက်လွှာ Expression of Interest-(EOI) အား စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစား စက်မှုလုပ်ငန်း၊ နည်းပညာဖွံ့ဖြိုးရေးဌာန၊ ရုံးအမှတ် ၄၁၊ နေပြည်တော်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့လိပ်မူလျက် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂၂ရက် ညနေ၃း၀၀နာရီ(မြန်မာစံတော်ချိန်)အရောက် ပေးပို့ရမည်ဖြစ်ပါသည်။ စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ၊ EOI ပုံစံလမ်းညွှန်ချက်များနှင့် အခြားသက်ဆိုင်သည့်စာရွက်စာတမ်းများအား မိမိတို့၏ကုမ္ပဏီဆိုင်ရာ အထောက်အထားများ ယူဆောင်ပြသလျက် အထက်ပါလိပ်စာတွင် ၂၃-၈-၂၀၁၆ ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

ကုမ္ပဏီဆိုင်ရာအထောက်အထား
- သက်တမ်းရှိကုမ္ပဏီမှတ်ပုံတင်လက်မှတ်
- ကုမ္ပဏီသင်းဖွဲ့မှတ်တမ်း/စည်းမျဉ်း
- နည်းပညာပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားကုမ္ပဏီ

(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၆၀၊ ၀၆၇-၄၀၈၂၀၈)

မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ ရုံးသုံးစက်ကိရိယာနှင့် မော်တော်ယာဉ်ဝယ်ယူခြင်းလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရုံးသုံးစက်ကိရိယာ

Scanner (၂)လုံး၊ Projector (၂၅)လုံး၊ Computer (၅၅)လုံး၊ Printer (၅၅)လုံး၊ Colour Printer (၁၇)လုံး၊ Fax (၃၀)လုံး၊ Copier (၂၆)လုံး

(ခ) မော်တော်ယာဉ် Pick Cab (၃)စီး

၂။ တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များကို ၂၂-၈-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ ၂၁-၉-၂၀၁၆ရက် ၁၆း၃၀နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၃-၂၅၅၁၅၊ ၀၆၃-၂၈၆၁၆သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

အိတ်ဖွင့်တင်ဒါ လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ မြန်မာ့မီးရထားမှ ပြန်လည်အသုံးပြု၍ မရတော့သည့် အောက်ပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချပါမည်-

စဉ်	ပစ္စည်းအမျိုးအမည်နှင့်တန်ချိန်	တည်နေရာ	ဆက်သွယ်ရန်ဖုန်း	တင်ဒါပိတ်ရက်နှင့်အချိန်
(က)	PC Wire ဖြတ်စ (၂၂.၁၄)တန် 18mm Ø SpringSteel ဖြတ်စ(၁.၂၀၄၆)တန်	ကွန်ကရစ်စလီပါးစက်ရုံ (ခင်ဦး)	၀၉ ၂၀၀၀၁၃၇ ၀၉ ၆၄၆၅၈၇၀	(၁.၉.၂၀၁၆) ၁၂း၀၀ နာရီ
(ခ)	PC Wire ဖြတ်စ (၂၃.၇၆)တန်	ကွန်ကရစ်စလီပါးစက်ရုံ (မင်းဘူး)	၀၉ ၅၂၅၃၀၃၁ ၀၉ ၂၃၀၀၉၆၄	(၂.၉.၂၀၁၆) ၁၂း၀၀ နာရီ
(ဂ)	PC Wire ဖြတ်စ (၄၉.၈၄)တန် 18mm Ø SpringSteel ဖြတ်စ(၁၄.၅၉)တန်	ကွန်ကရစ်စလီပါးစက်ရုံ (ပခုက္ကူ)	၀၉ ၅၁၄၆၁၇၅ ၀၆၂ ၂၂၉၄၈	(၅.၉.၂၀၁၆) ၁၂း၀၀ နာရီ
(ဃ)	PC Wire ဖြတ်စ (၆၅.၂၉)တန်	ကွန်ကရစ်စလီပါးစက်ရုံ (ပြွန်တန်ဆာ)	၀၅၂ ၅၉၀၀၅ ၀၉ ၄၃၀၇၁၅၄၇	(၇.၉.၂၀၁၆) ၁၂း၀၀ နာရီ
(င)	PC Wire ဖြတ်စ (၂၄.၆၂၉)တန် 18mm Ø SpringSteel ဖြတ်စ(၆.၇၁၉)တန်	ကွန်ကရစ်စလီပါးစက်ရုံ (မုတ္တမ)	၀၉ ၆၄၀၀၄၉၅ ၀၅၇ ၄၅၀၀၅ / ၂၇၁၅၅	(၉.၉.၂၀၁၆) ၁၂း၀၀ နာရီ

၂။ တင်ဒါပုံစံများကို အထက်ပါစက်ရုံများတွင် (၂၂.၈.၂၀၁၆) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူ နိုင်ကြောင်း နှင့် အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာစက်ရုံမှူးများ၏ ဖော်ပြပါဖုန်းနံပါတ်များသို့ မေးမြန်းနိုင်ပါသည်။

မြန်မာ့မီးရထား

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ) ဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Electrical Materials (Meikhtilalwinpyin) (2 Items)	1 Lot
(ခ)	Electrical Spare Parts (9 Items)	1 Lot
(ဂ)	Heavy Machinery Spare Parts	4 Items

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၂-၈-၂၀၁၆ရက်
ပိတ်ရက်နှင့်အချိန် - ၂-၉-၂၀၁၆ရက်၊ ၁၅း၀၀နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)
ဖြည့်တင်းရေး-၂ ဌာနခွဲ
ရုံးအမှတ် (၅၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၂၉၅၊ ၀၆၇-၄၃၁၃၀၈

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
အခွန်ဌာန(ဥည့်ရိပ်သာ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနကွပ်ကဲမှုအောက် ဧည့်ရိပ်သာမှ အောက်ဖော်ပြပါအိပ်ရာနှင့်ဆက်စပ်ပစ္စည်း(၄)မျိုးအား ဧည့်ရိပ်သာအရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအစား	အတိုင်းအတာ	အရေအတွက်
(က)	တစ်ယောက်အိပ် ကိုရီးယားစောင်(အပါး)	အလျား(၇') အနံ(၅' ၆")	၁၅၀၀ထည်
(ခ)	တစ်ယောက်အိပ် နိုင်လွန်ဇာခြင်ထောင်	အလျား(၆' ၅") အနံ(၃' ၅") အမြင့်(၆')	၁၅၀၀လုံး
	(အထက်ရွဲ ၄"အောက်ရွဲ ၆"၊ အနားကွပ် ၁/၃၀ ပိတ်စဖြစ်ရမည်၊ပိတ်သားကောင်းမွန်ရမည်။)		
(ဂ)	တစ်ယောက်အိပ် အိပ်ရာခင်း	အလျား(၇') အနံ(၅')	၁၅၀၀ထည်
(ဃ)	ခေါင်းအုံးစွပ်	အလျား(၂၃")နှင့်အနံ (၁၅")အရွယ် ဆီလီကွန်ခေါင်းအုံး ဝင်ဆံ့နိုင်ရမည်။	၁၅၀၀ထည်

၂။(က) **တင်ဒါပုံစံစတင်ထုတ်ယူရမည့်ရက်** -၂၂-၈-၂၀၁၆ရက် (ရုံးချိန်အတွင်း)
(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** -၇-၉-၂၀၁၆ရက်၊ ၁၄း၀၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်** -၈-၉-၂၀၁၆ရက်၊ ၁၀း၀၀နာရီ
(ဃ) **တင်ဒါဖွင့်မည့်နေရာ** -နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အစည်းအဝေးခန်းမ(၂) မြို့တော်ခန်းမ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း နေပြည်တော်စည်ပင်ဧည့်ရိပ်သာအုပ်ချုပ်မှုရုံး ဖုန်း-၀၆၇-၈၁၀၈၁၈၅သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဧည့်ရိပ်သာသုံးပစ္စည်းများစိစစ်ဝယ်ယူရေးအဖွဲ့
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ထိန်းရဲတပ်ဖွဲ့သုံးဆိုင်ကယ်များ (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **တင်ဒါပုံစံလျှောက်လွှာရောင်းချမည့်ရက်** - ၁၉-၈-၂၀၁၆ရက်
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၁-၈-၂၀၁၆ရက် ၁၀း၀၀ နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၅-၉-၂၀၁၆ရက် ၁၀း၀၀ နာရီ
၅။ **တင်ဒါသွင်း/စိစစ်ရွေးချယ်မည့်နေရာ** - ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)
၆။ တင်ဒါလျှောက်လွှာပုံစံများကို အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး၊ (၅၁)လမ်း၊ (ယာဉ်စည်းကမ်းရုံးအဖွဲ့) ပုဇွန်တောင်မြို့နယ်တွင် ၁၉-၈-၂၀၁၆ရက်မှစ၍ ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

CLAIMS DAY NOTICE
M.V MODERN LINK VOY:NO(6)

Consignees of cargo carried by M.V MODERN LINK VOY: NO. (6) are here by notified that the vessel will arrive on about 23-8-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ ဆင်စွယ်ကျေးရွာ အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ဖိုးဆယ်၏ ဖခင်အမည်မှန်မှာ ဦးဟန်သိန်း ၅/ယမပ(နိုင်) ၀၇၆၉၇၀ ဖြစ်ပါကြောင်း။

ဦးဟန်သိန်း ၅/ယမပ(နိုင်) ၀၇၆၉၇၀

ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့၊ အထက်တန်းကျောင်း အဌမတန်း(C)မှ မောင်အောင်သန်းမင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းဆွေ ၅/ယမပ(နိုင်) ၀၁၉၄၂၄ ဖြစ်ပါကြောင်း။

ဦးဝင်းဆွေ ၅/ယမပ(နိုင်) ၀၁၉၄၂၄

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
မြန်မာ့သစ်လုပ်ငန်း
ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန

၇/၂၀၁၆-၂၀၁၇ ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား ဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၁၃/၁၄-၉-၂၀၁၆
၀၈း၀၀နာရီမှ ၁၆း၃၀နာရီအထိ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - ကျွန်းသစ်လုံး (၁၀၀၃)တန်ခန့်၊
သစ်မာ သစ်လုံး ၁၆၈၂၈ တန်ခန့်၊ ကျွန်းခွဲသား ၃၈၈ တန်ခန့်၊
သစ်မာခွဲသား ၅၁၅တန်ခန့်
(ပိတောက်/တမလန်းသစ်များ ပါဝင်ပါသည်)

(ဂ) **ရောင်းချမည့်နေရာ** - ယင်းမာခန်းမ၊ ပြည်တွင်းရောင်း/စက်ဌာန(ရုံးချုပ်) မြန်မာ့သစ်လုပ်ငန်း၊ အမှတ် (၇၂/၇၄)၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

၂။ သစ်လုံးဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁များတွင် လည်းကောင်း စုံစမ်းနိုင်ပါသည်။

ဈေးပြိုင်လေလံကျင်းပရေးကော်မတီ
ပြည်တွင်းရောင်း/စက်

သုတေသနဆိုင်ရာစာတမ်းဖတ်ပွဲဖိတ်ကြားခြင်း

Myanmar Tunneling & Underground Space Committee (မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း)နှင့် Geotechnical Engineering Committee (မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း)တို့မှ ပူးပေါင်းစီစဉ်ကျင်းပသော Seminar on Planning and Development of Tunneling and Underground Structures for Better and Sustainable Cities ခေါင်းစဉ်ဖြင့် သုတေသနစာတမ်းဖတ်ပွဲကို လာမည့် ၂၀၁၆ ခုနှစ် ဩဂုတ် ၂၇ ရက် (စနေနေ့)တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ Function Hall တတိယထပ်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ၊ လှိုင်တက္ကသိုလ်နယ်မြေ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများအားလုံး ပါဝင်တက်ရောက်ဆွေးနွေးနိုင်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ။ CPD Hr ပေးအပ်မည်ဖြစ်ပါသည်။

Myanmar Tunneling & Underground Space Committee
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

ဖခင်အမည်မှန်

တန့်ဆည်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း (D)မှ မောင်ဇင်ညီ၏ ဖခင်အမည်မှန်မှာ ဦးမြင့်စိန် ၅/တဆန(နိုင်) ၀၁၅၇၆၅ ဖြစ်ပါသည်။

မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မြစ်ငယ်အထက၊ နဝမတန်း(C)မှ မနှင်းဝေအောင်၏ မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးရဲနိုင်အေး ၉/အမရ (နိုင်) ၀၉၃၄၁၈နှင့် ဒေါ်မာလာခိုင် ၉/ညဥန(နိုင်) ၁၁၄၇၄၅ ဖြစ်ပါကြောင်း။

ဦးရဲနိုင်အေး-ဒေါ်မာလာခိုင်

ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့၊ အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(I)မှ မနှင်းသက်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်ညို ၅/ယမပ(နိုင်) ၀၁၉၀၃၂ ဖြစ်ပါကြောင်း။

ဦးမောင်ညို ၅/ယမပ(နိုင်) ၀၁၉၀၃၂

ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့၊ အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (L)မှ မအိအိငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးနေလင်း ၅/ကကန(နိုင်) ၁၀၁၈၉၂ ဖြစ်ပါကြောင်း။

ဦးနေလင်း ၅/ကကန(နိုင်) ၁၀၁၈၉၂

အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့၊ အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (H)မှ (ဘ)ဦးမြရွှေ၏သမီး မအိုင်း၏ အမည်မှန်မှာ မဝိုင်းရတီဖြိုး ၅/ယမပ(နိုင်) ၁၂၄၈၀၆ဖြစ်ပါကြောင်း။

မဝိုင်းရတီဖြိုး ၅/ယမပ(နိုင်) ၁၂၄၈၀၆

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်အတွက် FDA အသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲနှင့်ဓာတ်မှန်ပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံ**
စတင်ရောင်းချမည့်ရက် - ၁၇-၈-၂၀၁၆ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၆-၉-၂၀၁၆ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အခြားသိလိုသည်များရှိပါက ရုံးချိန်အတွင်း ဤဆေးရုံကြီးတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဝယ်ယူရေးလုပ်ငန်းကော်မတီ
မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး

ပညာရေးဝန်ကြီးဌာန
သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

